# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဓမ္မတည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် | ၂၀၂၁ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၀၄)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်

## မြန်မာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြား



အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဧပြီ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့သို့ ထွက်ခွာကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး


*စာမျက်နှာ ၃ ကော်လံ ၁* ❒





# ပုံခိုင်း နှိုင်းစရာမဟုတ်

မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများမှ လူများ၏ အမြင်မှာ ကြောက်မက်ဖွယ်ရာ ကောင်းနေသည်။ ၎င်းတို့သည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို မှန်ကန်စွာ သိနားလည်မှု မရှိခြင်း၊ သို့မဟုတ် မိမိလိုသလို ပုံဖော်ရှုမြင်နေကြခြင်းဖြစ်သဖြင့် ၎င်းတို့၏ ထင်မြင်ယူဆချက်များမှာ အမှန်နှင့် လွဲချော်နေမည်ဖြစ်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးက မြန်မာနိုင်ငံ၏ လတ်တလောအခြေအနေကို ဆီးရီးယားနှင့် နှိုင်းယှဉ်၍ ပြောကြားခဲ့ရာ မြန်မာနိုင်ငံသည် ဆီးရီးယားကဲ့သို့ အဖြစ်မျိုးလုံးဝဖြစ်လာမည်မဟုတ်ကြောင်း RIA News နှင့် အမေးအဖြေပြုလုပ်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းပြန်ကြားရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားခဲ့သည်။ ဆီးရီးယားပဋိပက္ခသည် ၂၀၁၁ ခုနှစ် မတ်လအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဆန္ဒပြသူများက အစိုးရအပြောင်းအလဲပြုလုပ်ရန် တောင်းဆိုရာမှ စတင်သည်။ အာရပ်နွေဦးလူထုအုံကြွမှုများ၏ ရိုက်ခတ်မှုကြောင့် ဆီးရီးယားဆယ်ကျော်သက်လူငယ်များက သမ္မတ ဘာရှားအယ် အာဆတ်ကို နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ရာ ဆန္ဒပြမှုများကို အစိုးရက ဖြိုခွင်းခဲ့သည်။ ဆူပူအုံကြွသူများဘက်မှ အာရပ်ပင်လယ်ကွေ့နိုင်ငံများက ပါဝင်ကူညီခဲ့ကြသလို နောက်ပိုင်းတွင် နိုင်ငံခြားတိုင်းပြည်ကြီးများက ဘက်နှစ်ဖက်မှ အသီးသီးပါဝင်ခဲ့ကြခြင်းဖြင့် ပြည်တွင်းစစ်ကြီးဖြစ်လာပြီး မြို့ရွာများစွာ ပြာပုံဘဝရောက်ခဲ့ရသလို နိုင်ငံလူဦးရေထက်ဝက်ကျော်တို့ နေရပ်စွန့်ခွာခဲ့ကြရသည်။ ပြည်တွင်းစစ် ၁၀ နှစ်တာခန့် ရောက်ရှိလာချိန်တွင် သေဆုံးသူ စုစုပေါင်းမှာ ၃၈၀၀၀၀ ကျော်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလက စတင်ခဲ့သည့် နိုင်ငံရေးဖြစ်စဉ်များနှင့် ဆူပူအကြမ်းဖက်မှုများသည် အခြေခံအကြောင်းတရားအရသော်လည်းကောင်း၊ ဖြစ်ပေါ်လာခဲ့သည့် ပုံစံများအရသော်လည်းကောင်း ဆီးရီးယားနှင့် မတူညီသကဲ့သို့ ဆီးရီးယားကဲ့သို့ဖြစ်လာနိုင်စရာအကြောင်းလည်း မရှိ။ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသည့် နိုင်ငံဖြစ်ပြီး လက်ရှိအခြေအနေသည် ဒီမိုကရေစီလမ်းကြောင်းမှ ယိမ်းယိုင်လွဲချော်မည့်အခြေအနေကို ပြန်လည်ထိန်းမတ်သည့်အခြေအနေသာဖြစ်သည်။ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရန်အတွက် မဲဆန္ဒပေးရန် အရွယ်ရောက်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း မဲစာရင်းများ စစ်ဆေးခြင်းအပါအဝင် ပြုဖွယ်ကိစ္စများအားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ကာ အချိန်တန်လျှင် ပြည်သူက ရွေးချယ်တင်မြှောက်သည့် အစိုးရတစ်ရပ် ပေါ်ထွက်လာမည်ဖြစ်သည်။

သို့ရာတွင် မြန်မာနိုင်ငံနှင့် ပတ်သက်လာလျှင် မည်သည့် အစိုးရလက်ထက်ပင်ဖြစ်စေ အဆိုးမြင်ဖြင့် တစ်ဖက်သတ်ပုံဖော်သူများ၊ လက်ရှိနိုင်ငံရေးဖြစ်စဉ်အပေါ် မကျေနပ်သူများ၊ အနောက်နိုင်ငံများမှ မီဒီယာများ၊ အနောက်နိုင်ငံများ၏ ထောက်ပံ့ခံ ပြည်တွင်းမီဒီယာများ၏ တစ်ဖက်စောင်းနင်းပုံဖော်မှုများအောက်တွင် မြန်မာနိုင်ငံမှာ ပုံပျက်ပန်းပျက်ဖြစ်ခဲ့ရသလို မှားယွင်းသည့် ထင်မြင်ယူဆချက်များနှင့် ကောက်ချက်ဆွဲမှုများလည်း ပေါ်ထွက်ခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှာ ဆူပူအုံကြွမှုများ လျော့နည်းလာပြီး ပုံမှန်အေးချမ်းစွာ သွားလာနေထိုင်မှုများကိုသာ တွေ့မြင်နေရပြီဖြစ်သည်။ ဆူပူမှုများရှိနေသေးကြောင်း ဖေ့စ်ဘုတ်နှင့် တစ်ဖက်စောင်းနင်းမီဒီယာများတွင် ပြသနိုင်ရုံ လှုပ်ရှားနေသည့်အုပ်စု အနည်းငယ်တို့ရှိနေပြီး ယင်းတို့မှာလည်း တည်ငြိမ်အေးချမ်းမှုကို လိုလားသူ ပြည်သူတို့၏ လက်မခံမှုကြောင့် မကြာမီမှာပင် ပျောက်ကွယ်သွားကြမည်မှာ ဧကန်မလွဲပင်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေး၊ ပညာရေး၊ လူမှုရေးအပါအဝင် ကဏ္ဍများစွာတို့တွင် အထိနာထားရသည့် မိမိတို့နိုင်ငံအနေဖြင့် ဆူပူအကြမ်းဖက်သမားများကြောင့် ထပ်ဆင့်အထိနာရသည့်အခြေနေတို့ကို လက်တွေ့ခါးစည်းခံကြရမည့်သူများမှာ ပြည်သူများသာဖြစ်သည်။ ပြည်သူများထဲတွင်မှ ဝင်ငွေနည်းပြည်သူတို့၏ နိစ္စဓူဝ နေ့စဉ်ဘဝများအတွက် တရားဥပဒေစိုးမိုးမှုနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းမှုတို့ အဓိကလိုအပ်ပြီး ၎င်းတို့၏ စားဝတ်နေရေး အရေးသုံးပါးတို့ကို ဆန္ဒပြပွဲများ၊ တာဝန်ငြင်းဆန်အာခံလှုပ်ရှားမှုများ၊ သပိတ်များ၊ ကမ်ပိန်းများဖြင့် ဖန်တီး၍ မရနိုင်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါ အဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန် အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး စက်မှုဇုန်များရှိ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၂၄

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်း အတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း အသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရတို့က အချိုရည်မျိုးစုံ၊ ကော်ဖီမစ်/တီးမစ်မျိုးစုံ၊ အသင့်ဖျော်ကော်ဖီမှုန့် (Instant Coffee)၊ နို့ဆီ/ နို့စိမ်းတို့အား နယ်စပ်ဒေသများ/နယ်စပ်လမ်းကြောင်းများမှ တင်သွင်းခြင်းကို ယာယီအားဖြင့် ခွင့်မပြုသည့်ကိစ္စ၊ တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ နိုင်ငံတော်ဗဟိုဘဏ်၊ ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာ တွေ့ကြုံနေရမှု အခြေအနေများနှင့် စပ်လျဉ်း၍ နိုင်ငံတော် ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး လုပ်ခလစာထုတ်ပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ကုန်သွယ်မှုနှင့် ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ၊ ဘဏ်လုပ်ငန်းဆိုင်ရာ OSS Bank အဖွဲ့တို့က ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။



သတင်းစဉ်

○ လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။

နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်စဉ်။ သတင်းစဉ်

# "မြန်မာနိုင်ငံ အနေဖြင့် အာဆီယံ၏ဦးတည်ချက်များ အောင်မြင်စေရန် အာဆီယံပဋိညာဉ်စာတမ်းနှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်(TAC)ပါ အခြေခံမူများနှင့်အညီ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ ဆွေးနွေးပြောကြား"



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျကာတာမြို့ရှိ SOEKARNO HATTA လေဆိပ်သို့ ရောက်ရှိရာ အင်ဒိုနီးရှားနိုင်ငံမှ Chief of State Protocol Mr. Andy Rachmianto၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါ်အိအိခင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်

❐ *ရှေ့ဖုံးမှ*

ဦးဝဏ္ဏမောင်လွင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ SOEKARNO HATTA လေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင်ရောက်ရှိရာ အင်ဒိုနီးရှားနိုင်ငံမှ Chief of State Protocol Mr. Andy Rachmianto၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါ်အိအိခင်၊ အာဆီယံဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ် ဦးအောင်မျိုးမြင့်၊ စစ်သံမှူး ဗိုလ်မှူးချုပ် ဖြိုးဇော်စိုးနှင့် အင်ဒိုနီးရှားနိုင်ငံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ယင်းနောက် အစည်းအဝေးပြုလုပ်မည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးရှိ Excom Bali ခန်းမသို့ ရောက်ရှိကြရာ အာဆီယံအတွင်းရေးမှူးချုပ် His Excellency Mr. Lim Jock Hoi နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် His Majesty Sultan Haji Hassanal Bolkiah အပါအဝင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်ခေါင်းဆောင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

## နိုင်ငံအလိုက် အသီးသီးဆွေးနွေး

ဦးစွာ အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် His Majesty Sultan Haji Hassanal Bolkiah က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်က အစည်းအဝေးကို အပိုင်း(၁) အာဆီယံအသိုက်အဝန်း ထူထောင်ခြင်း၊ (၂) အာဆီယံနှင့် ပြင်ပဆက်ဆံရေး၊ (၃)ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စများအပေါ် အမြင်ချင်းဖလှယ်ခြင်းဟူ၍အပိုင်း(၃)ပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည့်အခြေအနေများနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက် အသီးသီးဆွေးနွေးကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆွေးနွေးရာတွင် အာဆီယံဒေသတွင်း ရေရှည်ကြံ့ကြံ့ခံနိုင်မှုရှိပြီး စဉ်ဆက်မပြတ် ဒေသတွင်းပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပံ့ပိုးသွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ဦးတည်ချက်များ အောင်မြင်စေရန် အာဆီယံပဋိညာဉ်စာတမ်းနှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်(TAC)ပါ အခြေခံမူများနှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ မြန်မာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

## အောင်မြင်စွာ ရုပ်သိမ်း

ထို့နောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ထွက်ခွာကြရာ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါ်အိအိခင်၊ အာဆီယံဆိုင်ရာ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ မိသားစုများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးအောင်မျိုးမြင့်၊ စစ်သံမှူး ဗိုလ်မှူးချုပ် ဖြိုးဇော်စိုးနှင့် အင်ဒိုနီးရှားနိုင်ငံမှ တာဝန်ရှိသူများက SOEKARNO HATTA လေဆိပ်သို့ လိုက်ပါပို့ဆောင်ကြသည်။

### ရှင်းလင်းပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် လေဆိပ်နားနေဆောင်၌ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ မိသားစုများနှင့်တွေ့ဆုံ၍ လက်ရှိမြန်မာနိုင်ငံ၌ ဖြစ်ပေါ်ပြောင်းလဲနေသော နိုင်ငံရေးဖြစ်ရပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### ချီးမြှင့်ငွေများပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးတို့မှ မိသားစုများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ သံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများက လက်ခံရယူကြသည်။

### ကြိုဆိုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံမှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး မြန်မာစံတော်ချိန် ည ၁၀ နာရီ ၄၅ မိနစ် ခန့်တွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ကြည့်ရှုအားပေး



**နေပြည်တော် မေ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ **(ယာပုံ)** နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား မေ ၂၃ ရက်နှင့် ယနေ့တို့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်မှုအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်များအတွင်းရှိ ကျေးရွာ/ ရပ်ကွက် အချို့တို့မှ ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့ပေးအပ်



**နေပြည်တော် မေ ၂၄**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလျှုဒါန်းလျက်ရှိသည်။ **(ဝဲပုံ)**

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ဒိုင်းစုရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၉)ရပ်ကွက်၊ အမှတ်(၁၂)ရပ်ကွက်၊ အမှတ်(၁၈)ရပ်ကွက်၊ အမှတ်(၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ အမှတ်(၁၀)ရပ်ကွက်၊ အမှတ်(၁၃)ရပ်ကွက်နှင့် အမှတ်(၂၀) ရပ်ကွက်များရှိ အိမ်ထောင်စု စုစုပေါင်း ၁၄၆၃၃ စုတို့အတွက် ဆန်၊ ဆီ၊ ပဲ များကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အလားတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်အတွင်းရှိ အိမ်ထောင်စု စုစုပေါင်း ၃၅၀ တို့အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အချို့သောနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများရှိ၍ နိုင်ငံတကာဆက်ဆံရေးအား သတိထားဆောင်ရွက်ရမည်

ဥပဒေအသိပညာရှင်များ၊ စီးပွားရေးအသိပညာရှင်များ ပိုမိုများပြားလာစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်အဆင့်အလိုက် ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ တူယှဉ်တွဲနေထိုင်ရေးမူများဖြင့်သာ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံအားလုံးသည် မိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ သို့သော် အချို့သောနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများရှိ၍ နိုင်ငံတကာ ဆက်ဆံရေးအား သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ COVID- 19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် ဧပြီ ၂၄**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသား ပြည်သူများကို COVID- 19 ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ ညောင်ရွှေမြို့၊ ကလောမြို့၊ ရပ်စောက်မြို့၊ ဖယ်ခုံမြို့၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့၊ ပင်လောင်းမြို့၊ ရွာငံမြို့၊ ပင်းတယမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ရခေ ဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ ညောင်တုန်းမြို့၊ ပန်းတနော်မြို့နှင့် အင်္ဂပူမြို့များ အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး COVID- 19 ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အမ်းမြို့နယ်အတွင်းရှိ နေရပ်ပြန်မည့် တိုက်ပွဲရှောင် ဒေသခံပြည်သူများကို ထောက်ပံ့ငွေနှင့် ရိက္ခာဆန်များ ထောက်ပံ့၊ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်

**နေပြည်တော် ဧပြီ ၂၄**

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း နေရပ်ပြန်မည့် တိုက်ပွဲရှောင် ဒေသခံပြည်သူများကို ထောက်ပံ့ငွေနှင့် ရိက္ခာဆန် ထောက်ပံ့ပေးအပ်ပွဲကို ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် အမ်းမြို့ အထွေထွေ အုပ်ချုပ်ရေးမှူး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် နေရပ်ပြန်မည့် တိုက်ပွဲရှောင် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းစစ်ဌာနချုပ် တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ထောက်ပံ့ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ဆက်လက်ရှင်းလင်း ပြောကြားသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ် တာဝန်ရှိသူတစ်ဦးက တိုက်ပွဲရှောင်ဒေသခံပြည်သူအိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် အိမ်ထောင်စု ငွေကျပ် ၁၂၄ စုအတွက် ငွေကျပ်သိန်း ၆၂၀ ကို လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌမှ အိမ်ထောင်စု ၁၂၄ စုအတွက် တစ်လစာ ရိက္ခာဆန် ၁၃၁ အိတ် ၆ ပြည်အား လည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ရာ နေရပ်ပြန်မည့် တိုက်ပွဲရှောင် ဒေသခံ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြသည်။

အဆိုပါ နေရပ်ပြန်မည့် တိုက်ပွဲရှောင် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ထွက်ခွာနိုင်ရေးအတွက် နယ်မြေခံ တပ်မတော်သားများက ကူညီဆောင်ရွက်ပေးပြီး မော်တော်ယာဉ်များဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့သည်။

ပထမအကြိမ်အဖြစ် ဧပြီ ၆ ရက်တွင် နေရပ်ပြန်မည့် တိုက်ပွဲရှောင် ဒေသခံပြည်သူ အိမ်ထောင်စု ၁၆ စု၊ လူဦးရေ ၆၁ ဦးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၈၀၊ တစ်လစာ ရိက္ခာဆန်၊ Solar မီးအိမ် ၁၆ လုံး၊ ဇီဝမီးဖို ၁၆ ခု၊ ရေပုံး ၁၆ ပုံး၊ ခြင်ထောင် ၄၈ လုံး၊ Family Kit ၁၆ ဖာ၊ စောင်ပါး ၄၈ ထည်၊ ဖိနပ် ၃၆ ရံ၊ ပုဆိုး ၂၆ ထည်၊ အမျိုးသားဝတ်အင်္ကျီ ၂၆ ထည်နှင့် အမျိုးသမီးဝတ် ၃၆ ထည်တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့အပြင် မတ် ၁၅ ရက်တွင်လည်း ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ရသေ့တောင်မြို့နယ် ရွှေလောင်းတင်ကျေးရွာတွင် နေရပ်ပြန်မည့် တိုက်ပွဲရှောင် အိမ်ထောင်စု ၄၀ ၊ လူဦးရေ ၁၂၂ ဦးကို အလှူငွေကျပ်သိန်း ၉၀၊ အိမ်ဆောက်ပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

၎င်းအပြင် ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းအသီးသီးမှ ဒေသခံပြည်သူများအား မိမိတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် တပ်မတော်နှင့် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီတို့မှ ဒေသအလိုက်စုဖွဲ့ ပြင်ဆင်ပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မေတ္တာရှေးရှု ...

## ကိုထွန်းခင်

မျက်မှောက်ကာလတွင် လူငယ်အချို့သည် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲဖြင့် သွေးထိုးလှုံ့ဆော်မှုများကြောင့် ထင်ရာစိုင်းနေသည်။ မသမာသူ လူလည်၊ လူနပ် နိုင်ငံရေးသမားများ၊ နိုင်ငံကို ပျက်စီးစေလိုသူများ၊ နယ်ချဲ့လက်ပါးစေများက လူငယ်များကို ရှေ့တန်းတင်ပြီး နောက်ကွယ်မှ မြှောက်ပင့်သွေးထိုးနေကြ၏။ လမ်းပေါ်ထွက်အောင် တိုက်တွန်းအားပေးနေကြ၏။ လူငယ်အချို့က ၎င်းတို့၏ သွေးဆောင်ဖြားယောင်းမှုများကို နားယောင်ပြီး တိုင်းပြည်ဖျက်ဆီးမည့် စီမံကိန်းတွင် ပါဝင်နေကြသည်။

လူငယ်ဆိုရာတွင် ကျောင်းသားလူငယ်၊ နိုင်ငံ့ဝန်ထမ်းလူငယ်၊ ပညာရှင်လူငယ်၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူလူငယ် စသည်ဖြင့် လူငယ်ထုများရှိပြီး အရာရာကို စူးစမ်းလိုစိတ်ဖြင့် စွန့်စားလုပ်ကိုင်လိုသည့် လူငယ်များသည် ဘဝလမ်းကြောင်းဖြောင့်တန်းအောင် ဆိုဆုံးမရလွယ်သူ၊ အမှားသိမြင်ပြီး အမှန်ပြင်နိုင်သူများဖြစ်ရန် အရေးကြီးလှသည်။

နိုင်ငံ့ဝန်ထမ်းအချို့သည် အစိုးရ၏အုပ်ချုပ်ရေးယန္တရားရပ်ဆိုင်းစေရန် သွေးထိုးလှုံ့ဆော်သူတို့အလိုကျ အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်နေပြီး မိမိတို့၏ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည်။ တိုင်းပြည်ကို နောက်ကြောင်းပြန်လှည့်မည့် စီမံကိန်းတွင် ပူးပေါင်းပါဝင်နေကြ၏။

### မြင်ချင်သည်ကိုသာမြင်ပြီး ဝေဖန်နေ

နိုင်ငံ့ဝန်ထမ်းက ရုံးမတက်ဘူး၊ ပြည်သူက အခွန်မဆောင်ဘူး၊ အုပ်ချုပ်၍မရအောင် ထုတ်ပြန်ခြင်းမှန်သမျှ မလိုက်နာ၊ မဆောင်ရွက်ဘူးဆိုကာ ဆန့်ကျင်နေကြသည်။ ပြင်ပမှ ဝေဖန်သူတို့ကလည်း အဖြစ်မှန်ကို သေချာမကြည့် သို့မဟုတ် မြင်ချင်သည်ကိုသာမြင်ပြီး ဝေဖန်နေကြသည်။ အမှန်တရားအချို့ကို ဖုံးကွယ်ထားပြီး လူငယ်တို့ နားမလည်နိုင်သည့် စကားအသုံးအနှုန်းတို့ဖြင့် စည်းရုံးသိမ်းသွင်းကာ ဆူပူအုံကြွမှုတွင် ဦးဆောင်ပါဝင်စေသည်။

တပ်မတော်က နိုင်ငံတော်၏ လုပ်ငန်းတာဝန်များကို လွှဲပြောင်းရယူခဲ့သည့် ဖေဖော်ဝါရီ လဆန်းတွင် တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဖေဖော်ဝါရီလ လယ်တွင် ဒီမိုကရေစီဟု ကြွေးကြော်ကာ ဆူပူအကြမ်းဖက်မှုအသွင်သို့ ကူးပြောင်းခဲ့ပြီး မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုများကိုပါ လုပ်ဆောင်လာခဲ့သည်။

နိုင်ငံတော်အာဏာဆိုသည်မှာ အချုပ်အခြာအာဏာဖြစ်သည်။ အချုပ်အခြာအာဏာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် အာဏာသုံးရပ်ရှိပြီး ယခု ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ကာ တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်နေခြင်းဖြစ်သောကြောင့် ထိုအာဏာသုံးရပ်ကို တပ်မတော်က ပြည်သူလူထုကိုယ်စား ထိန်းညှိဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မည်မဟုတ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အတိအလင်းပြောကြားထားပြီး ဖြစ်သည်။

ဒီမိုကရေစီလမ်းကြောင်းအတိုင်း မသွားဘဲ အာဏာရှင်စနစ်ကို သွားနေသည့်အတွက် တည့်မတ်ခဲ့ရခြင်းဖြစ်ပြီး စစ်မှန်သည့် ဒီမိုကရေစီဖြစ်ရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေးအတွက် ခေတ္တတာဝန်ယူထိန်းသိမ်းခြင်းသာ ဖြစ်ကြောင်းလည်း ပြောကြားထားသည်။

### တရားမျှတသည့်ရွေးကောက်ပွဲကျင်းပကာ လွှဲပြောင်းပေးမည်

၂၀၂၀ ရွေးကောက်ပွဲတွင်မရိုးမသားဆောင်ရွက်ခဲ့သည့် ဥပဒေမဲ့လုပ်ဆောင်မှုကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဥပဒေနှင့်အညီ ထမ်းဆောင်ခြင်းဖြစ်ပြီး အရေးပေါ်ကာလတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပကာ တာဝန်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားထားသည်။

**နိုင်ငံတော်အာဏာဆိုသည်မှာ အချုပ်အခြာအာဏာဖြစ်သည်။ အချုပ်အခြာအာဏာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် အာဏာသုံးရပ်ရှိပြီး ယခု ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ကာ တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်နေခြင်း ဖြစ်သောကြောင့် ထိုအာဏာသုံးရပ်ကို တပ်မတော်က ပြည်သူလူထု ကိုယ်စား ထိန်းညှိဆောင်ရွက်နေခြင်းဖြစ်**

ထို့ကြောင့် ပြည်သူများ၏ စိတ်ရှည်မှု၊ နိုင်ငံရေးအသိပညာရေချိန်မြင့်မားမှုတို့ဖြင့် နိုင်ငံကို ကောင်းမွန်တိုးတက်သည့် လမ်းကြောင်းပေါ်သို့ ဦးတည်ပြောင်းလဲနိုင်ရန် လုပ်ဆောင်သင့်သည်။ ကြမ်းတမ်းမှု၊ ရက်စက်မှု၊ ကလဲ့စားချေတုံ့ပြန်မှု၊ ဥပဒေမဲ့လုပ်ရပ်တို့ကို လုပ်ဆောင်မှုတို့ဖြင့် ပြည်သူတို့ လိုလားသည့် ဒီမိုကရေစီခရီးလမ်းသည် ဖြောင့်တန်းနိုင်မည် မဟုတ်ချေ။

နိုင်ငံတကာဖြစ်စဉ်များကို လေ့လာကြည့်လျှင် ပြည်သူများ၏ အရေးပါမှုကို သိမြင်ကြရမည်ဖြစ်သည်။ ကမ္ဘာ့သမိုင်းနှင့် ခေတ်ပေါ်ဖြစ်ပျက်နေမှုအားလုံးတွင် ပြည်သူသည် အခရာကျနေသည်။ မြန်မာ့သမိုင်း၊ မြန်မာ့ရာဇဝင်တွင်လည်း ပြည်သူသည် အဓိကကျခဲ့သည်ကို သမိုင်းက သက်သေထူလျက်ရှိသည်။

အစိုးရတစ်ရပ်သည် ဘယ်လောက်ပင် စိတ်စေတနာကောင်းဖြင့် နိုင်ငံကို တည်ဆောက်စေကာမူ ပြည်သူ၏ပူးပေါင်းမှု၊ နားလည်လက်ခံမှု မပါဝင်ဘဲ ခရီးပေါက်ရောက် အောင်မြင်မည်မဟုတ်၊ ပြည်သူ၏ထောက်ခံမှု၊ ပူးပေါင်းပါဝင်မှုဖြင့် နိုင်ငံကို တည်ဆောက်ခရီးဆက်ကြရမည်ဖြစ်သည်။

ထို့ကြောင့် ပြည်သူအများ၏ နားဝင်လက်ခံမှုကို ရရှိအောင် လုပ်ဆောင်နိုင်မှသာ အုပ်ချုပ်သူအစိုးရ၏ လုပ်ဆောင်ချက်သည် မုချအောင်မြင်တိုးတက်မည်ဖြစ်သည်။ ပြည်သူတို့၏ အခက်အခဲများ၊ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးပြီး စိတ်စေတနာအရင်းခံဖြင့် ကောင်းမွန်သည့် ဝန်ဆောင်မှုတို့ကို ဖြည့်ဆည်းပေးခြင်းဖြင့် အစိုးရနှင့် ပြည်သူအကြား အဖုအထစ်များ၊ သံသယများကို ပြေလျော့ကာ ထိုမှတစ်ဆင့် ယုံကြည်မှု၊ နားလည်လက်ခံမှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

### ပြည်သူ့အတွက် တာဝန်ထမ်းဆောင်ရန်

အစိုးရ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း ဘယ်လိုပင် အခက်အခဲများကြုံစေကာမူ ပြည်သူကိုမျက်နှာမူကာ ပြည်သူ့အတွက်ဆိုလျှင် နေရာမရွေး၊ အချိန်မရွေး တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်လှသည်။

ငြိမ်းချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထုအတွက် တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ရဲများစသည့် ပြည်သူ့ဝန်ထမ်းများသည်လည်း ဆူပူအကြမ်းဖက်မှုများ၊ လုယက်ဖျက်ဆီးမှုများ၊ မင်းမဲ့စရိုက်ဆန်စွာ လုပ်ဆောင်နေမှုများကို ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်အလို့ငှာ ကာကွယ်တားဆီးရမည်ဖြစ်သည်။

ပြည်သူတို့ လိုအပ်နေချိန်တွင် မိမိတို့၏ စိတ်ခံစားချက်၊ အထင်အမြင်အယူအဆတို့ကို ဘေးဖယ်ကာ ပြည်သူကို ရှေးရှုဆောင်ရွက်ခြင်းဖြင့်သာ ပြည်သူ့မေတ္တာကို ရရှိမည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး စာနာနားလည်ခြင်း၊ ရိုင်းပင်းကူညီခြင်း၊ ကိုယ်ချင်းစာနာခြင်း၊ မေတ္တာတရားဖြင့်သာ မိမိတို့လိုရာခရီးကို ပေါက်မြောက်အောင်မြင်အောင် ကြိုးစားရမည်ဖြစ်သည်။

သို့မို့ကြောင့် ပြည်သူ၏ ထောက်ခံမှုရရှိသည့် အစိုးရတစ်ရပ်ဖြစ်ရန်၊ ပြည်သူ၏ မေတ္တာကို ရရှိရန် အုပ်ချုပ်သူများကလည်း မေတ္တာဖြင့်သာ ချူကြရမည်ဖြစ်သည်။

> **“မညွတ်သသူ၊ ထိုထိုလူကို**
> **ငင်ချူခတ်အား၊ အကြောင်းများတွင်**
> **ဝတ်စားတန်ဆာ၊ လယ်ကျေးရွာနှင့်**
> **ဥစ္စာဆင်မြင်း၊ ပေးကမ်းခြင်းလျှင်**
> **အရင်းရှေ့တည်၊ ကျင့်ရိုးမည်၏။**
> **မကြည်ရှောင်ရှား၊ ရိုင်းလေငြားလည်း**
> **ထံပါးသွေးဆောင်၊ ကြိုးနှယ်နှောင်သည်**
> **ယဉ်အောင်မျက်ချစ် အပြီးတည်း”**

ဟု ရှင်မဟာရဋ္ဌသာရ၏ သံဝေဂပျို့တွင် ဖော်ပြထားသည်။

ထို့ကြောင့် အများပြည်သူ ကိုယ်စိတ်နှစ်ဖြာ ကြီးပွားချမ်းသာ၊ ပျော်ရွှင်သာယာစေရန် မိမိအကျိုးကို မမျှော်ကိုးဘဲ မေတ္တာဖြင့် ဆောင်ရွက်ပေးခြင်းသည်သာ ဗုဒ္ဓဘုရားဟော ဗြဟ္မစိုရ်တရား ဖြစ်သည်။

ရန်သူပင်ဖြစ်လင့်ကစား မေတ္တာအစွမ်းဖြင့်သာ အောင်နိုင်ရာ တစ်မြေတည်းနေ တစ်ရေတည်း သောက်ကြသူ ပြည်ထောင်စုဖွား မြန်မာနိုင်ငံသားများဖြစ်ကြသည့် အုပ်ချုပ်သူအစိုးရနှင့် ပြည်သူအားလုံးသည် တစ်ဦးကိုတစ်ဦး နားလည်ခွင့်လွှတ်ကာ လုံခြုံအေးချမ်းစွာ အေးအတူပူအမျှ နေထိုင်နိုင်ရန် မေတ္တာရှေးရှု ဦးတည်ဆောင်ရွက်သင့်ကြပါသည်။

နိုင်ငံတော်မှ အကောင်အထည်ဖော်နေသည့် လုပ်ငန်းယန္တရားကို ပုံမှန်လည်ပတ်နိုင်အောင် ဆောင်ရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းအဆင့်ဆင့်သည်လည်း နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် စည်းကမ်းတကျ ပူးပေါင်းပါဝင်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄) အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်စာရင်းတွင် မိုလိုတော့ဗ် စာစောင် မပါဝင်ပါ။

အဆိုပါ မိုလိုတော့ဗ်စာစောင်မှာ တရားမဝင် ထုတ်ဝေဖြန့်ချိနေသော စာစောင်သာဖြစ်ပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၂-၄-၂၀၂၁)

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရန်အတွက် မြန်မာအားကစားအဖွဲ့များ လေ့ကျင့်နေမှု ဒုတိယဝန်ကြီးဦးမျိုးလှိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၄**

ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များ အောင်မြင်မှုရရှိစေရေးအတွက် ရန်ကုန်မြို့နှင့် နေပြည်တော်တို့၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားလေ့ကျင့်ရေးကွင်း(၁)တွင် လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ် အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အားကစားသမားများ စံချိန်စံညွှန်းကောင်းမွန်ရေးနှင့် နည်းပြအုပ်ချုပ်သူများ လူရွေးချယ်ကိစ္စများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် ပီတန်း အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Fitness Center Gym ခန်းမ၌ မြန်မာအားကစားအဖွဲ့များဖြစ်ကြသော ဝူရှူး၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ မြားပစ်၊ ဗိုဗီနမ် အားကစားအဖွဲ့များ၏ (Physical Training) ကိုယ်ခန္ဓာကြံ့ခိုင်မှုအတွက် လေ့ကျင့်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**



ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အလေးမအားကစားရုံတွင် လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင်အလေးမ အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ လက်ဝှေ့အားကစားရုံ၌ လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင်လက်ဝှေ့ အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ ပိုက်ကျော်ခြင်းအားကစားရုံ၌ လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားများ လေ့ကျင့်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အားကစားသမားများ ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် စိတ်ဓာတ်မြှင့်တင်အားပေးကာ အားကစားသမားများ လေ့ကျင့်ရန်လိုအပ်လျက်ရှိသော လေ့ကျင့်ရေး အထောက်အကူပစ္စည်းများ၊ အခြားကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် အားကစားကွင်းနှင့် ရုံးတည်ဆောက်နေမှုလုပ်ငန်းများကို လည်းကောင်း၊ လယ်ဝေးမြို့နယ်အားကစားကွင်း စိမ်းလန်းစိုပြည်ရေးနှင့် တည်ဆောက်နေမှုလုပ်ငန်းများကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် ဘောလုံးအားကစားကွင်းနှင့် ရုံးတည်ဆောက်နေမှုလုပ်ငန်းများကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် ဘောဂသီရိ ဘောလုံးအားကစားကွင်းတည်ဆောက်နေမှုလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ စားရိပ်သာ၌ မြန်မာ့လက်ရွေးစင်အားကစားသမားများ နေ့လယ်စာ စားသုံးနေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ် ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေး အဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေ ရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

●*ကျော့ဖုံးမှ*

ထပ်မံအင်အားဖြည့် သွားရောက်ပူးပေါင်း၍ ဆူပူအကြမ်းဖက်သူများကို ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ညနေ ၅ နာရီ မိနစ် ၅၀ တွင် လူစုကွဲသွားခဲ့သဖြင့် တရားခံကို ကသာအကျဉ်းထောင်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

ထိုကဲ့သို့ ဆူပူအကြမ်းဖက်သူများက တရားခံပို့ဆောင်ရန် သွားရောက်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြောင်းမဲ့ရန်ပြုပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်းနှင့် အဆိုပါအကြမ်းဖက်မှုဖြစ်စဉ်တွင် ပူးပေါင်းပါဝင်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၄

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့်အတူ ဧပြီ ၂၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မဟာဗျူဟာမြောက်စီမံကိန်းဖြင့် ဆောင်ရွက်သည့် နောင်ငင်း-ဝမ်ဆိုင်း(လွယ်)လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)**



ယင်းနောက် လမ်းစခန်း ရှင်းလင်းဆောင်တွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းမှူးတို့အား ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းရှိန် က နောင်ငင်း-ဝမ်ဆိုင်း (လွယ်) လမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မြေပုံကားချပ်ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော် က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုစစ်ဆေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းမှူးတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်း၊ တံတားများ ကောင်းမွန်ရန် လိုပါကြောင်း၊ ကွန်ကရစ်ခင်းရာတွင် သတ်မှတ်အရည်အသွေး ပြည့်မီရန် လိုအပ်ပါကြောင်း၊ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့်နေရာများတွင် Guard Post တိုင်များ၊ Guard Rail များ တပ်ဆင်ပေးရန် မှာကြားပြီး ကွန်ကရစ်ခင်းပြီး လမ်းအပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

နောင်ငင်း-ဝမ်ဆိုင်း (လွယ်) ကွန်ကရစ်လမ်းသည် လမ်းအဆင့် Class A အမျိုးအစား တွင်ပါဝင်ပြီး ကွန်ကရစ်လမ်း (၄)မိုင်၊ မြေသားလမ်း (၃)မိုင် (၆) ဖာလုံ စုစုပေါင်း အရှည် (၇)မိုင် (၆)ဖာလုံရှိပြီး အဆိုပါလမ်းဆောင်ရွက်ခြင်းဖြင့် ကျေးရွာ (၁၇) ရွာ၊ အိမ်ခြေ (၈၂၇) အိမ်နှင့် လူဦးရေ (၅၀၀၀)ကျော်ကို အကျိုးပြုမည်ဖြစ်သလို ပြည်တွင်း ပြည်ပခရီးသွား ဧည့်သည်များအတွက် အကျိုးရှိမည့်လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းမှူးနှင့်အဖွဲ့သည် ကျိုင်းတုံ မြို့ရှောင်လမ်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲလင်းက မိတ္ထီလာ- တောင်ကြီး-ကျိုင်းတုံ - တာချီလိတ် လမ်းကြောင်းပေါ်ရှိ ကျိုင်းတုံမြို့ရှောင်လမ်း အရှည်(၁၀) ကီလိုမီတာ၊ အကျယ် (၇)မီတာကို ကတ္တရာကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်သည့်လုပ်ငန်း အစီအမံများ၊ လက်ရှိ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း စီမံချက်များနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းဦး က ရန်ပုံငွေလျာထားမှုနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းမှူးတို့က ယခုမြို့ရှောင်လမ်း ဆောင်ရွက်ခြင်းသည် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုကို တစ်ဖက်တစ်လမ်းက ဖြေရှင်းပေးနိုင်ရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သကဲ့သို့ ပတ်ဝန်းကျင်ရှိ ကျေးရွာများနှင့် ဆက်စပ်ဒေသလည်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ လမ်းသစ်ဖောက်လုပ်ရာ၌ လမ်းအင်္ဂါရပ်နှင့်အညီ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရန် လိုကြောင်း၊ လမ်းညွှန် အမှတ်အသားများနှင့် လမ်းဘေး ရေနုတ်မြောင်းများ စနစ်တကျ ထည့်သွင်းဆောင်ရွက်ရန်တို့ကို မှာကြားပြီး ကတ္တရာ ကွန်ကရစ်(AC)ခင်းပြီး အပိုင်းနှင့် လမ်းဘေး ကွန်ကရစ်ရေမြောင်း ဆောင်ရွက်ထားရှိမှု၊ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့် ဖြေညှိခြင်း၊ ရေထုတ်ပြွန်များ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

## အထူးဂရုပြု ဆောင်ရွက်

ဆက်လက်၍ လမ်းစခန်း ရှင်းလင်းဆောင်တွင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၃)၊ တံတားအထူးအဖွဲ့(၁၂)မှ ဒုတိယ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသန့်ဇင်က ကျိုင်းတုံမြို့ရှောင်လမ်းပေါ်တွင် တံတားများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေလမ်းကြောင်းအခြေအနေ၊ ရေဝင်/ရေထွက်အခြေအနေတို့ကို စနစ်တကျ တွက်ချက်စစ်ဆေးပြီး ဆောင်ရွက်ရန်၊ လမ်းသစ်ဖောက်လုပ်ခြင်းဖြစ်၍ တံတားများ တည်ဆောက်ရာတွင် အရည်အသွေးကောင်းမွန်ရေး အထူးဂရုပြု ဆောင်ရွက်ရန် မှာကြားပြီး တံတား တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းမှူးနှင့်အဖွဲ့သည် စက်ယန္တရားဖြင့် လမ်းချဲ့ခြင်း၊ အတက်အဆင်းမတ်စောက်သည့် တောင်ကြောများကို လမ်းအနိမ့်အမြင့်ဖြေညှိခြင်း၊ လက်ရှိ ဆောင်ရွက်နေသည့် လမ်းအခြေအနေနှင့် လျာထား လမ်းအူကြောင်းသစ် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ရေဆင်းငါးသားဖောက်လုပ်ငန်းစခန်းနှင့် ကုန်ထုတ်လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၄**

ငါးမွေးမြူရေးတိုးချဲ့ဆောင်ရွက်ရန် နှစ်လက်မအရွယ် ငါးသားပေါက်များ မြစ်ချောင်း၊ အင်းအိုင်များတွင် တိုးချဲ့ထည့်သွင်းမွေးမြူရန် ငါးသားပေါက်များ တိုးတက်ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မွေးမြူထုတ်လုပ်သော ငါးများကို ဥရောပ (၂၆) နိုင်ငံမှ ဝယ်ယူစားသုံးလျက်ရှိသဖြင့် ပြည်ပဝင်ငွေ တိုးတက်ရရှိရေးအတွက် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (GAqP)ဖြင့် မွေးမြူသော ငါးကန်များ ပိုမိုများပြားလာစေရန် စည်းရုံးဆောင်ရွက်ကြရန် လိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး က ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ရေဆင်းငါးလုပ်ငန်းစခန်းသို့ သွားရောက်စစ်ဆေးစဉ် ပြောကြားသည်။



## ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဝန်ကြီးသည် မျိုးငါးမွေးမြူရေးကန်များ၊ ငါးသားပေါက်ပြုစု ထိန်းသိမ်းသည့်ကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေးဆင်းငါးမွေးမြူရေးစခန်းကို ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်ဖြင့် မွေးမြူသည့် စံပြငါးစခန်း (GAqP Model Farm) ဖြစ်ရေး၊ ငါးသားပေါက်များ တိုးတက်ဖြန့်ဖြူးနိုင်ရေး၊ ငါးမွေးမြူသူများအတွက် ကောင်းမွန်သော ကျင့်စဉ်ဖြင့် မွေးမြူနည်းပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားပေါက်သင်တန်း၊ အရည်အသွေးစစ်ဆေးခြင်း၊ တိုင်းတာခြင်းဆိုင်ရာ သင်တန်းနှင့် ငါးရောဂါဆိုင်ရာ နည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဇေယျာသီရိမြို့နယ် ရွှေပေးကျေးရွာ ကုန်ထုတ်လမ်းနှင့် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာ ကုန်ထုတ်လမ်း တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ရွှေပေးကျေးရွာ ကုန်ထုတ်လမ်းသည် ၁ ဒသမ ၄ မိုင် အရှည်ရှိပြီး အကျယ် ၁၂ ပေရှိသည်။ တောင်ညိုကျေးရွာ ကုန်ထုတ်လမ်းသည် အကျယ် ၁၂ ပေရှိပြီး အရှည် ပေ ၇၀၀၀ ရှိသည်။

## ထိန်းသိမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျေးရွာလမ်းဖောက်လုပ်ရေး ကြီးကြပ်မှုအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လမ်းများ သတ်မှတ်အရည်အသွေးပြည့်မီရေး၊ သတ်မှတ်အချိန်အတွင်း ပြီးစီးရေး၊ နိုင်ငံတော်မှ ကျေးရွာဖွံ့ဖြိုးရေးအတွက် ငွေကြေးအကုန်အကျခံ ဆောင်ရွက်ပေးသည့်လုပ်ငန်းများ ရေရှည်သုံးစွဲနိုင်စေရေး ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမြန်လမ်း၊ (၂၁၆) မိုင် (၅) ဖာလုံရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် Myanmar C.P Company တို့ ဖက်စပ်ဆောင်ရွက်လျက်ရှိသည့် နို့စားနွား မွေးမြူရေးခြံသို့ သွားရောက်၍ နို့စားနွားများနှင့် ပေါင်းခံပြီးနို့ (Pasteurised Milk) ထုတ်လုပ်မှု လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

## စနစ်တကျ ထိန်းသိမ်းကြပ်မတ်

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ငလိုက်ဆည်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ငလိုက်ဆည်ရေပိုလွှဲ ပြုပြင်မှုကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန နေပြည်တော်တိုင်း အင်ဂျင်နီယာမှူးက ရေပိုလွှဲဆည်ပြုပြင်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ငလိုက်ဆည်သည် နေပြည်တော် (ပြည်ထောင်စုနယ်မြေ)ရှိ ဝန်ထမ်းများနှင့် ပြည်သူများ၏ သောက်သုံးရေအတွက် အထူးအရေးကြီးသည့် ဆည်ဖြစ်သဖြင့် စနစ်တကျ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆည်အတွင်း ရေဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် လျော့ပါးလာခြင်းနှင့် ပတ်သက်၍ လေ့လာသုတေသနပြုဆောင်ရွက်သင့်ကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ရေပိုရေလွှဲဧရိယာများတွင် သစ်ပင်များ တိုးချဲ့စိုက်ပျိုးရေးညှိနှိုင်းဆွေးနွေးရမည်ဖြစ်ကြောင်း၊ ဒေသခံများကလည်း ဆည်ရေရှည်တည်တံ့ခိုင်မြဲရေး စည်းရုံးဆောင်ရွက်ကြရန် လိုကြောင်း ဆွေးနွေးမှာကြားသည်။ **သတင်းစဉ်**

# သင့်အတွေးဟာ သင်ပါပဲ

**ချစ်နိုင်(စိတ်ပညာ)**

**"အပြောကျယ်သည့် စကြဝဠာကြီးထဲတွင် ကမ္ဘာကြီးသည် ဖုန်မှုန့်ကလေးတစ်မှုန်မျှသာ ဖြစ်ပါသည်။ လူသား၏ ဘဝတစ်သက်တာဆိုသည်မှာလည်း ဖျတ်ခနဲ တစ်ချက်ကြာမျှသာ ဖြစ်ပါသည်။ တိုတောင်းလွန်းလှသော ဘဝတာတွင် တကယ့် အလှအပကိုသာ စိတ်ထဲတွင် ကိန်းဝပ်ပါစေ။ ကမောက်ကမ ရှေ့နောက် အဆီအငေါ်မတည့်သည့် ကိစ္စများအပေါ် အချိန်ဖြုန်းခြင်းမပြုပါနှင့်"**

**ဒေါက်တာသိန်းလွင်**
**(ဘာသာပြန်)**
**Mind of No Limits**
**(အင်တာနေရှင်နယ်မဂ္ဂဇင်း စာ-၃၃မှ)**

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ ...

**သင်စဉ်းစားသည့်အတိုင်း သင်ဖြစ်နေပါသည်**တဲ့။ **"You are what you think"**ဆိုတဲ့ စကားကို တူမောင် ကြားဖူးလိမ့်မယ်ထင်ပါတယ်။ လူတစ်ယောက်ဟာ တစ်စုံတစ်ရာကို ဘယ်လိုတွေးသလဲ။ ဘာကို သူက တွေးတောစဉ်းစားနေသလဲ။ အဲဒါဟာ သူပါပဲ။

စပါးရိတ်ဖို့၊ လယ်ကွင်းဆင်းဖို့၊ စပါးကိုရောင်းဖို့ စဉ်းစားနေတဲ့ လူဟာ လယ်သမားဖြစ်မှာပေါ့။

စာသင်ဖို့၊ သင်တန်းသား တပည့်တွေအကြောင်း၊ ကနေ့သင်မယ့် သင်ခန်းစာကို ဘယ်လိုလွယ်ကူနားလည်စေအောင် သင်ရမလဲ တွေးတောကြံဆနေတဲ့လူဟာ ကျောင်းဆရာတစ်ဦး ဖြစ်မှာပေါ့။ ကုန်သည်ပွဲစားဟာ ဒါမျိုးမစဉ်းစားပါဘူး။

အလားတူပါပဲ ဈေးသည်က ဈေးရောင်းဈေးဝယ်ကိစ္စတွေ စဉ်းစားမယ်။ ကားမောင်းသမားက ကားအကြောင်းဆိုင်ရာတွေ တွေးတောမယ်။ အဆိုတော်က သီချင်းအကြောင်း သံစဉ်ရှာဖို့ စိတ်ဝင်စားမယ်။ ရုပ်ရှင်ဒါရိုက်တာက ဘယ်ဇာတ်ကွက်ကို ဘယ်လိုချိတ်ဆက်ပြီး ပရိသတ်စွဲမက်အောင် ဆွဲဆောင်မလဲ စဉ်းစားတွက်ချက်မယ်။

ဟုတ်ပြီ၊ သဘောပေါက်ပြီ။

ကိုယ်နဲ့ဆိုင်ရာဆိုင်ရာပဲ ခေါင်းထဲထည့်နေကြရရှာတာပဲ။ အကယ်၍သာ စိတ်ဟာ ဘောင်မဲ့ပြန့်ကားခဲ့လျှင် အရာရာတိုင်းဟာ အကန့်အသတ် ဘောင်မဲ့မှာဖြစ်ပါတယ်။ အဲဒီလိုစိတ်မျိုးဟာ နေရာတိုင်းမှာ အံဝင် အဆင်ပြေစေလိမ့်မယ်။ တစ်နေရာရာ၊ တစ်ခုခုမှာ တွယ်ကပ်ငြိတွယ်မနေဖို့ ဆိုလိုတယ်။

ဒါမှသာ စာရေးလေးဟာ စာရေးကြီးဖြစ်လာနိုင်မယ်။ စာရေးကြီးမှ ရုံးအုပ်ဖြစ်လာမယ်။ ရုံးအုပ်မှ အလုပ်သင်အရာရှိ ဖြစ်လာမယ်။ ထိုမှ တစ်ဆင့် အရာရှိငယ်ဖြစ်လာနိုင်မယ်။ ပြီးရင် အရာရှိအလတ်တန်းစား ဖြစ်လာပေမယ်။ နှစ်ပေါင်း ၂၀ - ၃၀ အလုပ်ခွင်အတွေ့အကြုံ ရင့်ကျက်လာတော့ ထိပ်ဆုံးအမှုဆောင်အရာရှိ စသည်အထိ အဆင့်ဆင့် တာဝန်တွေ မြင့်မားလာနိုင်တာပေါ့ကွယ်။

စာရေးလေး (အောက်တန်းစာရေးလို့ အချို့က ခေါ်ကြတယ်) အနိမ့်ဆုံးဝန်ထမ်းဘဝမှာ မိမိရရှိတဲ့ စားပွဲခုံလေး၊ ကုလားထိုင်လေး အကြောင်းချည်းသာတွေးတောနေတဲ့လူဟာစာရေးကြီး(အထက်တန်းစာရေး)တာဝန်ထမ်းဆောင်ဖို့ အသင့်ဖြစ်ပွဲမလား။ မဖြစ်ပါဘူး။ စဉ်းမှ မစဉ်းစားဖူးဘဲ။ တကယ် ဘယ်ဖြစ်လာမှာလဲ။ အမှန်တကယ် ရာထူး အဆင့်ဆင့်တိုးပြီး တပ်ကြပ်ကြီးစာရေးအဖြစ်မှ ဒုတိယဗိုလ်ချုပ်ကြီး ဖြစ်ခဲ့တဲ့လူတွေလည်း ရှိဖူးပါရဲ့ဗျာ။ သူတို့က ဘာကြောင့် ဖြစ်လာတာလဲ။

စဉ်းစားထားလို့ပေါ့။

အရာခံဗိုလ်ဖြစ်လာရင် ဘာလုပ်မယ်။

ဗိုလ်အဆင့်ဖြစ်လာရင် ဘာတွေထမ်းဆောင်ပြလိုက်မယ်။ စွမ်းစွမ်းတမံ ရန်သူကို ချေမှုန်းပြလိုက်စမ်းမယ်လို့ တွေးတော စဉ်းစားခဲ့တဲ့ လူစားတွေမို့ပဲ ပေါ့ကွယ်။ ရှင်းရှင်းလေးပဲ။

တွေးပါ။ ရဲရဲဝံ့ဝံ့ တွေးတောစမ်းပါ။

အိပ်မက်ဆိုတာ လူတကာ မက်ခွင့်ရှိတာပဲ။

အနာဂတ်ဆိုတာ ဘာအတားအဆီး၊ ဘာအကန့်အသတ်မှ ရှိတာမဟုတ်ဘူး။ အနာဂတ်ဆိုတဲ့ အိပ်မက်ကို အကန့်အသတ်မရှိ လူတိုင်း မိမိမက်ချင်ရာ မက်ခွင့်ရှိတာပဲ။ သေးသေးကွေးကွေးတွေ ရွေးမက်မနေနဲ့။ ကြီးကြီးကျယ်ကျယ်သာ ဆော်။

ဆင်ကြီးကို ဂဠုန်ချီ စသည်ဖြင့်ပေါ့နော်။

နံ့ပြီစုတ်လောက် ထည့်တွေးမနေနဲ့။

မိမိကိုယ်ကို ဘယ်လိုထားသလဲ။

မိမိအတွေးဟာ ဘယ်လောက်မြင့်မားသလဲ။

မိမိရဲ့စိတ်ထားဟာ ဘယ်လောက် မွန်မြတ် ကြည်လင်သလဲ။

ဟုတ်ပြီ၊ ဟုတ်ပြီ။ အဲဒါဟာ အသင်ပါပဲ။ တခြားလူ မဟုတ်ပါဘူးဗျာ။

**"ရပါတယ်ကွာ။ ဖြစ်ရာဘဝမှာ ကျေနပ်ပါတယ်ကွာ"ဆိုပြီး လက်ဖက်ရည်ဆိုင်မှာ ထိုင်ထိုင်ပြီး တစ်နေ့တစ်နေ့ အချိန်တွေဖြုန်းနေတဲ့ လူစားတွေလည်း တွေ့ဖူးမှာပေါ့။ သွားပြီး အရောတဝင် လိုင်းမပူးနဲ့။ အချိန်ဖြုန်းတဲ့လူလောက် မိုက်မဲဆိုးရွားတာ တခြားမရှိဘူး။ ပိုက်ဆံဖြုန်းတဲ့လူအဖို့ ပိုက်ဆံကုန်ခဲ့သမျှ ပြန်အစားရအောင် ရှာလို့ဖွေလို့ရနိုင်ပါသေးတယ်။ အချိန်ကိုဖြုန်းတဲ့လူအဖို့ရာက ဘယ်တော့မှ အစားပြန်မရနိုင်တော့ဘူး မောင်ရ။ အဲသလိုလူစားနဲ့ ဝေးဝေးနေမှ...**

"ရပါတယ်ကွာ။ ဖြစ်ရာဘဝမှာ ကျေနပ်ပါတယ်ကွာ"ဆိုပြီး လက်ဖက်ရည်ဆိုင်မှာ ထိုင်ထိုင်ပြီး တစ်နေ့တစ်နေ့ အချိန်တွေဖြုန်းနေတဲ့ လူစားတွေလည်း တွေ့ဖူးမှာပေါ့။ သွားပြီး အရောတဝင် လိုင်းမပူးနဲ့။ အချိန်ဖြုန်းတဲ့လူလောက် မိုက်မဲဆိုးရွားတာ တခြားမရှိဘူး။ ပိုက်ဆံဖြုန်းတဲ့လူအဖို့ ပိုက်ဆံကုန်ခဲ့သမျှ ပြန်အစားရအောင် ရှာလို့ဖွေလို့ ရနိုင်ပါသေးတယ်။ အချိန်ကိုဖြုန်းတဲ့လူအဖို့ရာက ဘယ်တော့မှ အစားပြန်မရနိုင်တော့ဘူး မောင်ရ။ အဲသလိုလူစားနဲ့ ဝေးဝေးနေမှ။

"ဟေ့- မကျေနပ်ဘူးကွ၊ လောကကြီးမတရားဘူး။ မိုးနတ်မင်းကြီးရာ ဒီအတိုင်းကြည့်နေတော့မှာလားဗျာ။ လောကကြီးဟာ မညီမျှပါလားကွ ဟေ..."

အဲသလို အူချဉ်ပေါက်နေတဲ့ ချဉ်ပတ်တွေဆိုရင် ပိုပြီးဝေးဝေးရှောင်။ ပြဿနာရှာနေတဲ့ ကောင်ဗျ။ လောကကြီးဟာ ဘယ်ညီမျှမှာလဲမောင်။ တောင်တို့မည်သည် မညီညာချေလို့မှတ်။ ပဲခူးရိုးမကြီးကိုကြည့်။ မြင့်တဲ့နေရာမြင့်ပြီး နိမ့်တဲ့နေရာ နိမ့်နေတာပဲ။

ရှမ်းရိုးမကြီးကိုကြည့်လိုက်။

မြင့်တဲ့နေရာမှာမြင့်ပြီး ချိုင့်တဲ့နေရာ ချိုင့်နေတာပဲ မဟုတ်လား။ ဘယ်ညီမှာလဲ။

ရခိုင်ရိုးမကြီးကို ကြည့်လိုက်ဦး။

နိမ့်ရာကနိမ့် မြင့်ရာကမြင့်ပါပဲ။

ဘယ်သူက တန်းတူ ညီညီညာညာဖြစ်လာအောင် ညှိပေးနိုင်မှာလဲ။ တောင်တို့မည်သည် မညီညာနိုင်ပေ။ ဒါဟာ ပကတိတရားပဲ။

အချို့ဟာ ချမ်းသာမယ်။ ကြွယ်ဝကြမယ်။

အချို့ဟာ ဆင်းရဲကြမယ်၊ မွဲတေကြမယ်။

အချို့ဟာ ပညာတတ်ကြတယ်။ အချို့က ပညာမဲ့ကြတယ်။

စသည်ဖြင့် ဘဝတွေဟာ မတူညီနိုင်ကြပေဘူး။

ဘာပဲဖြစ်ဖြစ် အဲဒါတွေ အားလုံးဟာ အကြောင်းမဲ့ ဖြစ်ပေါ်နေတာတော့ မဟုတ်ဘူး။ လောကကြီးက ဖန်တီးပေးတာလည်း မဟုတ်ဘူး။ မိုးနတ်မင်းကြီး ဖန်ဆင်းထားတာလည်း မဟုတ်ဘူး။ သိကြားမင်းလည်း မစီရင်ပါဘူး။ သူ့အကြောင်းနဲ့သူ။ ဘယ်သူမပြု မိမိမှုပါ။

ကောင်းကျိုးဟာ ကောင်းတဲ့ အကြောင်းရင်းခံရှိလို့။

ဆိုးတဲ့အပြစ်ဟာ ဆိုးတဲ့အကြောင်းခံ ရှိခဲ့လို့ပေါ့။

အကြောင်းအကျိုးဆက်စပ်မှု နိယာမနဲ့ အရာရာဟာ ဖြစ်ပျက်ပြုပြင် ပြောင်းလဲနေကြခြင်း ဖြစ်ပါတယ်။ လောကကြီးကို အရွဲ့တိုက်ပြီး "မိုက်မယ်၊ သောက်မယ်၊ ဘာဖြစ်လဲကွ"ဆိုပြီး မကြုံးဝါးမိစေနဲ့။ လောကကြီးကတော့ မောင်ရင်ရွဲ့လို့ ဘာမှ ဖြစ်မှာမဟုတ်ဘူး။ တူမောင်သာလျှင် စောင်းကန်းစောင်းကန်းနဲ့ ယိုင်လဲ ခွေကျသွားမယ်။

ကမ္ဘာကြီးက ၂၃ $\frac{1}{2}$ ဒီဂရီစောင်းပြီး လည်ပတ်နေတယ်ဆိုပဲ။ တည့်အောင်လုပ်မယ်ဆိုပြီး မောင်ရင် သွားမထမ်းနဲ့နော်။ ပြားချပ်သွားမယ်။ သဘာဝကို ပြောင်းလဲလို့မရတာတွေ အများကြီးပဲ။

အဆင်ပြေအောင် နေတတ်ပါစေ။

လူတစ်ယောက်ဟာ လောကကြီးမှာ ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင် နေနိုင်ဖို့ရာ အရည်အသွေးနှစ်ရပ်ကို ဖြည့်တင်းရမယ် တူမောင်ရဲ့။

(၁) Patience စိတ်ရှည်သည်းခံနိုင်ခြင်း။

(၂) Perseverance ဇွဲလုံ့လရှိခြင်း။

ကမောက်ကမနဲ့ အဆီအငေါ်မတည့်တဲ့ ကိစ္စများအပေါ် အချိန်ဖြုန်းမနေချင်ပါနဲ့ကွယ်။ ဘဝဆိုတာ ဘာပဲပြောပြော တိုတိုလေးပါ။ တကယ်ပဲ တိုတိုလေးပါ။ မိမိရဲ့စိတ်ထဲမှာ စိတ်ရှည်ရှည်နဲ့၊ ဇွဲရှိရှိနဲ့ မိမိအပါအဝင် လူသားအားလုံးအတွက် ကောင်းကျိုးဖြစ်ထွန်းစေမယ့် ကောင်းရာကောင်းကျိုးတွေကိုသာလျှင် တွေးတောပါ။ စဉ်းစားပါ။ ကြံစည်ရည်ရွယ်ပါ။

အလို... အဲဒီအတွေးရဲ့နောက်က လိုက်ပါလာတဲ့ အပြောအဆို၊ နှုတ်အမူအရာ စကားတွေကလည်း ကျက်သရေမင်္ဂလာ ရှိကြပါကလား။

အလို... အလို စဉ်းစားသမျှ အောင်မြင်။ ပြောဆိုသမျှ အရာရောက်။ လုပ်ဆောင်သမျှ တိုးတက်ဖွံ့ဖြိုး။ မင်္ဂလာကျက်သရေတွေ ဖြိုးဝေမောက်လျှံ၊ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်နေပါကလား။ ဟုတ်တယ်တူမောင်။ သင်စဉ်းစားတဲ့အတိုင်း သင်ဖြစ်နေပါတယ်ဆိုတာ တွေ့ပြီမဟုတ်လား။

You are what you think တဲ့။ ကောင်းတဲ့ မင်္ဂလာတွေ စဉ်းစားမလား။

မကောင်းတဲ့ အမင်္ဂလာ အနိဋ္ဌာရုံတွေ စဉ်းစားမလား။ ရွေးလေ၊ တူမောင် သဘောပေပကွယ်။ ။

**ချစ်စွာသော**
**ချစ်နိုင်(စိတ်ပညာ)**

**အကောက်ခွန်သတင်းဂျာနယ်**
**အတွဲ(၃)၊ အမှတ်(၃၅)**
**၁၁-၂-၂၀၀၃**

❂ ကျောဖုံးမှ

အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၁၉၉၇ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

## မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကျောက်တံခါးမြို့နယ် | ၂၁၁ | ၂၂၈၉၀၂ | ၁၂၆၀၄၀ | ၁၀၂၈၆၂ | ၉၅၇၈၈ | ၈၅၉၈ | ၁၅၂၄ |
| ၂ | ရွှေကျင်မြို့နယ် | ၇၄ | ၈၆၅၀၃ | ၅၄၁၃၃ | ၃၂၃၇၀ | ၃၀၄၅၅ | ၂၁၆၄ | ၂၄၉ |
| ၃ | သနပ်ပင်မြို့နယ် | ၉၁ | ၁၃၅၈၀၁ | ၇၅၁၁၉ | ၆၀၄၈၂ | ၅၆၂၈၇ | ၄၄၁၉ | ၂၂၄ |
| | စုစုပေါင်း | ၃၇၆ | ၄၅၁၂၀၆ | ၂၅၅၄၉၂ | ၁၉၅၇၁၄ | ၁၈၂၅၃၀ | ၁၅၁၈၁ | ၁၉၉၇ |

## ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်တွင် ရပ်ကွက် ၁၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆ အုပ်စု၊ မဲရုံစုစုပေါင်း ၂၁၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၂၈၉၀၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၂၆၀၄၀ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၀၂၈၆၂ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၉၅၇၈၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၂၃၇၅၀ | ၁၂၅၂၂၃ | ၉၈၅၂၇ | ၉၀၄၅၅ | ၈၅၉၆ | ၁၅၂၄ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၁၇ | ၈၁၇ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၃၃၅ | | ၄၃၃၅ | ၄၃၃၃ | ၂ | |
| | စုစုပေါင်း | ၂၂၈၉၀၂ | ၁၂၆၀၄၀ | ၁၀၂၈၆၂ | ၉၅၇၈၈ | ၈၅၉၈ | ၁၅၂၄ |

၆။ ကျောက်တံခါးမြို့နယ် ရပ်ကွက် ၁၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆ အုပ်စုရှိ မဲရုံပေါင်း ၂၁၁ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၈၅၉၆ ပျောက်ဆုံးနေပြီး ၁၅၂၄ အပိုဖြစ်နေကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိမှုနှင့် အသုံးပြုထားမှုမှာ ၈၁၇ ဖြစ်၍ ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက်မှာ ၄၃၃၅ ဖြစ်သော်လည်း မြေပြင်တွင် ၄၃၃၃ ကျန်ရှိနေသဖြင့် မဲလက်မှတ် ၂ စောင် ပျောက်ဆုံးနေကြောင်းတွေ့ရှိရသည်။

၇။ ကျောက်တံခါးမြို့နယ်တွင် တောင်ခင်ကျေးရွာအုပ်စု၊ သံပုရာခုန်ကျေးရွာအုပ်စု၊ အောင်မြင်ကျေးရွာအုပ်စုတို့မှ မဲလက်မှတ် ၈၄၇ စောင်အား ရွေးကောက်ပွဲကျင်းပပြီးစီးသည့် နောက်တစ်ရက်ဖြစ်သော ၉.၁၁.၂၀၂၀ ရက်နေ့တွင် ၎င်းကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ အတွင်းရေးမှူးများက လာရောက်အပ်နှံထားရှိပြီး မဲလက်မှတ်အရေအတွက် ၅၀၀ မှာလည်း မဲရုံသုံးပစ္စည်းများ လာရောက်အပ်နှံစဉ် မဲပုံးများထဲ၌ ကျန်ရှိနေသည်ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရှိရသည်။

၈။ ကျောက်တံခါးမြို့နယ်တွင် မဲရုံ ၂၁၁ ရုံအနက် ဇရပ်ခင်ကျေးရွာအုပ်စု၊ မဲရုံအမှတ် (၃) နှင့် ဖြူးစုကျေးရွာအုပ်စု မဲရုံအမှတ် (၆) တို့တွင် မဲရုံ၌ပေးသော သုံးစွဲလက်ကျန်၊ ကြိုတင်မဲသုံးစွဲ လက်ကျန်ဖြတ်ပိုင်းများနှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များ ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။

၉။ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကွင်းနောက်ရပ်ကွက် | ၂ | ၅၂၀၀ | ၂၉၇၀ | ၂၂၃၀ | ၂၂၃၀ | | |
| ၂ | စာတိုက်ရပ်ကွက် | ၁ | ၂၂၅၀ | ၁၃၆၃ | ၈၈၇ | ၈၃၇ | ၅၀ | |
| ၃ | ဈေးပိုင်းရပ်ကွက် | ၁ | ၂၅၅၀ | ၁၅၁၆ | ၁၀၃၄ | ၁၀၃၃ | ၁ | |
| ၄ | ကွင်းတောင်ရပ်ကွက် | ၁ | ၂၇၅၀ | ၁၅၃၄ | ၁၂၁၆ | ၁၂၁၆ | | |
| ၅ | ကွင်းမြောက်ရပ်ကွက် | ၁ | ၃၂၀၀ | ၁၈၆၁ | ၁၃၃၉ | ၁၃၃၉ | | |
| ၆ | တပင်ရွှေထီးရပ်ကွက် | ၂ | ၃၇၀၀ | ၁၉၄၈ | ၁၇၅၂ | ၁၇၅၂ | | |
| ၇ | ဂုဏ်တော်ရပ်ကွက် | ၁ | ၈၀၀ | ၆၄၆ | ၁၅၄ | ၂၅၄ | | ၁၀၀ |
| ၈ | ပြည်တော်သာရပ်ကွက် | ၁ | ၁၈၀၀ | ၉၈၇ | ၈၁၃ | ၈၁၃ | | |
| ၉ | သတိပဋ္ဌာန်ရပ်ကွက် | ၁ | ၂၈၅၀ | ၁၅၈၂ | ၁၂၆၈ | ၁၂၆၈ | | |
| ၁၀ | မြို့မရပ်ကွက် | ၁ | ၆၅၀ | ၃၇၂ | ၂၇၈ | ၂၇၈ | | |
| ၁၁ | သံမဏိရပ်ကွက် | ၁ | ၂၆၅၀ | ၁၅၂၀ | ၁၁၃၀ | ၈၃၀ | ၃၀၀ | |
| ၁၂ | အောင်မြေရပ်ကွက် | ၂ | ၁၉၀၀ | ၁၁၃၀ | ၇၇၀ | ၇၇၂ | | ၂ |
| ၁၃ | ကမ္ဘောဇရပ်ကွက် | ၁ | ၂၀၀၀ | ၁၂၅၂ | ၇၄၈ | ၇၄၈ | | |
| ၁၄ | ဘိုးပိုက်ဆံ (၁) ရပ်ကွက် | ၁ | ၂၅၀၀ | ၁၄၀၅ | ၁၀၉၅ | ၁၀၉၅ | | |
| ၁၅ | ဘိုးပိုက်ဆံ (၂) ရပ်ကွက် | ၂ | ၃၈၀၀ | ၂၀၄၅ | ၁၇၅၅ | ၁၇၅၇ | | ၂ |
| ၁၆ | ဘိုးပိုက်ဆံ (၃) ရပ်ကွက် | ၁ | ၂၉၅၀ | ၁၃၉၄ | ၁၅၅၆ | ၁၅၅၆ | | |
| ၁၇ | ဘိုးပိုက်ဆံ (၄) ရပ်ကွက် | ၁ | ၂၈၅၀ | ၁၄၄၉ | ၁၄၀၁ | ၁၀၁ | ၁၃၀၀ | |
| ၁၈ | ဘိုးပိုက်ဆံ (၅) ရပ်ကွက် | ၁ | ၃၀၅၀ | ၁၅၅၆ | ၁၄၉၄ | ၁၄၉၂ | ၂ | |
| ၁၉ | အောင်မြင်ကျေးရွာအုပ်စု | ၆ | ၁၃၇၀၀ | ၇၁၄၉ | ၆၅၅၁ | ၆၁၆၈ | ၃၈၃ | |
| ၂၀ | ရင်းတိုက်ကုန်းကျေးရွာအုပ်စု | ၅ | ၄၇၀၀ | ၂၉၅၁ | ၁၇၄၉ | ၁၇၄၉ | | |
| ၂၁ | ဆေးရိုးခင်ကျေးရွာအုပ်စု | ၁ | ၃၀၅၀ | ၁၄၈၄ | ၁၅၆၆ | ၁၅၆၆ | | |
| ၂၂ | ခွက်မကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၇၉၀ | ၇၁၀ | ၇၁၀ | | |
| ၂၃ | သမင်အင်းကုန်းကျေးရွာအုပ်စု | ၅ | ၆၇၅၀ | ၄၀၂၃ | ၂၇၂၇ | ၂၄၂၇ | ၃၀၀ | |
| ၂၄ | တောင်ခင်ကျေးရွာအုပ်စု | ၄ | ၄၁၀၀ | ၂၄၇၁ | ၁၆၂၉ | ၁၁၂၉ | ၅၀၀ | |
| ၂၅ | ကျောင်းစိုးကျေးရွာအုပ်စု | ၄ | ၄၉၀၀ | ၂၁၅၆ | ၂၇၄၄ | ၁၇၄၄ | ၁၀၀၀ | |
| ၂၆ | ကြိမ်ခါးကုန်းကျေးရွာအုပ်စု | ၇ | ၄၅၅၀ | ၂၆၀၃ | ၁၉၄၇ | ၁၉၄၇ | | |
| ၂၇ | ဖောခိကွင်းကျေးရွာအုပ်စု | ၄ | ၂၄၅၀ | ၁၇၂၃ | ၇၂၇ | ၇၇၇ | | ၅၀ |
| ၂၈ | အနန်းဘော်ကျေးရွာအုပ်စု | ၆ | ၄၃၀၀ | ၂၄၆၈ | ၁၈၃၂ | ၁၈၃၂ | | |
| ၂၉ | ကညင်ကျိုးကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၁၉၉၀ | ၁၅၆၀ | ၁၅၂၄ | ၃၆ | |
| ၃၀ | ဆင်ဇလုပ်ကျေးရွာအုပ်စု | ၅ | ၃၇၀၀ | ၂၁၆၅ | ၁၅၃၅ | ၁၅၃၅ | | |
| ၃၁ | ခင်အင်းကြီးကျေးရွာအုပ်စု | ၃ | ၂၇၅၀ | ၁၁၇၃ | ၁၅၇၇ | ၈၂၇ | ၇၅၀ | |
| ၃၂ | ကြာအင်းကုန်းကျေးရွာအုပ်စု | ၄ | ၃၈၅၀ | ၁၉၀၃ | ၁၉၄၇ | ၁၉၄၇ | | |
| ၃၃ | ကင်မွန်းအင်းကျေးရွာအုပ်စု | ၄ | ၅၀၀၀ | ၂၇၆၂ | ၂၂၃၈ | ၂၂၃၈ | | |
| ၃၄ | တူမောင်ကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၉၃၇ | ၉၆၃ | ၉၆၃ | | |
| ၃၅ | ကံကလေးကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၁၇၃၃ | ၁၀၁၇ | ၁၀၁၇ | | |
| ၃၆ | ကျေးရိုးကျေးရွာအုပ်စု | ၄ | ၃၆၅၀ | ၂၀၈၂ | ၁၅၆၈ | ၁၄၁၈ | ၁၅၀ | |
| ၃၇ | မီးတိုင်တောကျေးရွာအုပ်စု | ၄ | ၃၄၀၀ | ၂၀၀၉ | ၁၃၉၁ | ၁၃၃၁ | ၆၀ | |
| ၃၈ | ဂနက်ကျေးရွာအုပ်စု | ၇ | ၅၆၀၀ | ၃၄၉၉ | ၂၁၀၁ | ၂၁၀၁ | | |
| ၃၉ | ဟာရီးကျေးရွာအုပ်စု | ၇ | ၆၈၀၀ | ၃၆၂၁ | ၃၁၇၉ | ၂၄၇၉ | ၇၀၀ | |
| ၄၀ | ဝွေးကုန်းကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၂၄၆ | ၈၅၄ | ၈၅၂ | ၂ | |
| ၄၁ | အင်းပတ်လည်ကျေးရွာအုပ်စု | ၄ | ၄၀၀၀ | ၂၄၂၂ | ၁၅၇၈ | ၁၅၇၈ | | |
| ၄၂ | ဘွဲ့ချင်ကျေးရွာအုပ်စု | ၄ | ၃၀၀၀ | ၁၅၆၀ | ၁၄၄၀ | ၁၄၄၀ | | |
| ၄၃ | ထီးလပ်ကျေးရွာအုပ်စု | ၄ | ၃၃၅၀ | ၂၁၃၈ | ၁၂၁၂ | ၁၂၁၂ | | |
| ၄၄ | ကင်းကျေးရွာအုပ်စု | ၄ | ၅၀၅၀ | ၂၉၂၃ | ၂၁၂၇ | ၂၁၃၀ | | ၃ |
| ၄၅ | ဆီဆုံကုန်းကျေးရွာအုပ်စု | ၃ | ၅၇၅၀ | ၂၈၉၉ | ၂၈၅၁ | ၂၈၅၁ | | |
| ၄၆ | လက်ခံကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၅၄၀ | ၆၆၀ | ၄၅၈ | ၂၀၂ | |
| ၄၇ | နံဇကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၆၂၂ | ၈၇၈ | ၈၇၈ | | |
| ၄၈ | မကျီးပင်ကျေးရွာအုပ်စု | ၂ | ၃၈၀၀ | ၂၀၈၈ | ၁၇၁၂ | ၁၇၁၂ | | |
| ၄၉ | ပဲနွယ်ကုန်းရွာမကျေးရွာအုပ်စု | ၅ | ၄၂၅၀ | ၂၀၉၇ | ၂၁၅၃ | ၁၄၅၃ | ၇၀၀ | |
| ၅၀ | ဇရပ်ခင်ကျေးရွာအုပ်စု | ၅ | ၂၄၅၀ | ၁၃၃၅ | ၁၁၁၅ | ၉၁၅ | ၂၀၀ | |
| ၅၁ | ခင်ကြီးရှမ်းစုကျေးရွာအုပ်စု | ၄ | ၃၇၀၀ | ၂၂၁၇ | ၁၄၈၃ | ၁၄၉၃ | | ၁၀ |
| ၅၂ | ဝိုင်းကြီးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၆၀၆ | ၆၄၄ | ၅၃၄ | ၁၁၀ | |
| ၅၃ | တောင်ပေါ်စုကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၈၇၅ | ၈၇၅ | ၈၇၅ | | |
| ၅၄ | ရှမ်းဒိုးတန်းကျေးရွာအုပ်စု | ၃ | ၃၅၀၀ | ၂၀၈၁ | ၁၄၁၉ | ၁၄၁၉ | | |
| ၅၅ | ဂျို့ချောင်းကျေးရွာအုပ်စု | ၅ | ၃၀၀၀ | ၁၆၆၇ | ၁၃၃၃ | ၁၁၈၃ | ၁၅၀ | |
| ၅၆ | သံပုရာခုန်ကျေးရွာအုပ်စု | ၄ | ၃၂၀၀ | ၁၆၉၄ | ၁၅၀၆ | ၁၂၅၆ | ၂၅၀ | |
| ၅၇ | မြို့ချောင်းကျေးရွာအုပ်စု | ၅ | ၅၂၅၀ | ၃၀၂၆ | ၂၂၂၄ | ၁၄၇၄ | ၇၅၀ | |
| ၅၈ | ကုန်းလည်ရိုးကျေးရွာအုပ်စု | ၃ | ၄၀၀၀ | ၂၂၈၇ | ၁၇၁၃ | ၁၇၂၃ | | ၁၀ |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ



ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၅၉ | ကျွန်းချောင်းကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၄၄၂ | ၉၀၈ | ၉၀၈ | | |
| ၆၀ | သူဌေးကြီးရွာသစ်ကျေးရွာအုပ်စု | ၅ | ၃၈၀၀ | ၁၈၆၁ | ၁၉၃၉ | ၁၅၈၉ | ၃၅၀ | |
| ၆၁ | ဖြူးစုကျေးရွာအုပ်စု | ၈ | ၄၇၅၀ | ၂၆၆၀ | ၂၀၉၀ | ၁၇၄၀ | ၃၅၀ | |
| ၆၂ | ဂုံမင်းကွင်းကျေးရွာအုပ်စု | ၉ | ၅၁၅၀ | ၂၉၉၈ | ၂၁၅၂ | ၂၁၅၂ | | |
| ၆၃ | ဆားပြင်ကျေးရွာအုပ်စု | ၂ | ၆၀၀ | ၃၈၄ | ၂၁၆ | ၂၁၆ | | |
| ၆၄ | ဆယ့်လေးကျေးရွာအုပ်စု | ၁ | ၂၆၀၀ | ၁၃၃၃ | ၁၂၆၇ | ၁၂၆၇ | | |
| | ရပ်/ကျေးမှသီးခြားအပ်နှံ | | | | | ၁၃၄၇ | | ၁၃၄၇ |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၂၁၁ | ၂၂၃၇၅၀ | ၁၂၅၂၂၃ | ၉၈၅၂၇ | ၉၁၄၅၅ | ၈၅၉၆ | ၁၅၂၄ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၈၁၇ | ၈၁၇ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၄၃၃၅ | | ၄၃၃၅ | ၄၃၃၃ | ၂ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၁၁ | ၂၂၈၉၀၂ | ၁၂၆၀၄၀ | ၁၀၂၈၆၂ | ၉၅၇၈၈ | ၈၅၉၈ | ၁၅၂၄ |

## ရွှေကျင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၀။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်တွင် ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၀ အုပ်စု၊ မဲရုံစုစုပေါင်း ၇၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၈၆၅၀၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၄၁၃၃၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၂၃၇၀ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၀၄၅၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၈၂၅၀၀ | ၅၃၄၁၄ | ၂၉၀၈၆ | ၂၆၉၇၆ | ၂၁၆၄ | ၅၄ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၇၁၉ | ၇၁၉ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၂၈၄ | | ၃၂၈၄ | ၃၄၇၉ | | ၁၉၅ |
| | စုစုပေါင်း | ၈၆၅၀၃ | ၅၄၁၃၃ | ၃၂၃၇၀ | ၃၀၄၅၅ | ၂၁၆၄ | ၂၄၉ |

၁၁။ ရွှေကျင်မြို့နယ် ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၀ ရှိ မဲရုံပေါင်း ၇၄ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၂၁၆၄ ပျောက်ဆုံးနေပြီး ၅၄ အပိုဖြစ်နေကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိမှုနှင့် အသုံးပြုထားမှုမှာ ၇၁၉ ဖြစ်၍ ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက်မှာ ၃၂၈၄ ဖြစ်သော်လည်း မြေပြင်တွင် ၃၄၇၉ ကျန်ရှိနေသဖြင့် မဲလက်မှတ် ၁၉၅ အပိုဖြစ်နေကြောင်းတွေ့ရှိရသည်။

၁၂။ ရွှေကျင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မကျည်းတန်းရပ်ကွက် | ၁ | ၁၃၅၀ | ၉၅၈ | ၃၉၂ | ၃၉၄ | | ၂ |
| ၂ | ပွဲကုန်းရပ်ကွက် | ၁ | ၂၁၀၀ | ၁၃၈၀ | ၇၂၀ | ၇၁၈ | ၂ | |
| ၃ | ပျဉ်းမပင်ရပ်ကွက် | ၁ | ၂၀၅၀ | ၁၂၀၇ | ၈၄၃ | ၈၄၃ | | |
| ၄ | ဂန့်ဂေါ်ပိုင်းရပ်ကွက် | ၁ | ၁၇၅၀ | ၁၃၀၆ | ၄၄၄ | ၄၄၄ | | |
| ၅ | ပန်းဘဲတန်းရပ်ကွက် | ၁ | ၁၀၅၀ | ၇၆၈ | ၂၈၂ | ၂၈၂ | | |
| ၆ | ရှမ်းကုန်း/ကြေးနန်းတန်းရပ်ကွက် | ၃ | ၆၃၅၀ | ၃၈၂၀ | ၂၅၃၀ | ၂၄၈၂ | ၄၈ | |
| ၇ | ညောင်ဝိုင်းတရုတ္တန်းရပ်ကွက် | ၁ | ၂၃၅၀ | ၁၇၀၂ | ၆၄၈ | ၆၄၈ | | |
| ၈ | ကျွဲတဲရပ်ကွက် | ၂ | ၃၂၀၀ | ၂၁၈၀ | ၁၀၂၀ | ၁၀၂၀ | | |
| ၉ | ဇလုပ်ကြီးကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၁၂ | ၆၃၈ | ၆၃၈ | | |
| ၁၀ | ညောင်ခြေထောက်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၄၀၀ | ၄၅၀ | ၄၅၀ | | |
| ၁၁ | ကွမ်းဆိပ်ကျေးရွာအုပ်စု | ၃ | ၄၅၅၀ | ၂၄၇၉ | ၂၀၇၁ | ၁၉၈၁ | ၉၀ | |
| ၁၂ | ဒုံဇရစ်ကျေးရွာအုပ်စု | ၃ | ၃၈၀၀ | ၂၃၇၁ | ၁၄၂၉ | ၁၄၃၁ | | ၂ |
| ၁၃ | ဆုံကုန်းကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၂၅၃ | ၆၉၇ | ၆၉၇ | | |
| ၁၄ | တံခွန်တိုင်ကျေးရွာအုပ်စု | ၄ | ၃၆၀၀ | ၂၂၃၇ | ၁၃၆၃ | ၁၂၁၃ | ၁၅၀ | |
| ၁၅ | တောင်ဘက်ကျေးရွာအုပ်စု | ၃ | ၅၀၀၀ | ၃၂၂၈ | ၁၇၇၂ | ၁၀၇၂ | ၇၀၀ | |
| ၁၆ | ဝင်းခနိမ်ကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၁၈၃၉ | ၁၃၁၁ | ၁၂၆၁ | ၅၀ | |
| ၁၇ | ကံဘေးအိုင်ကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၂၈၉ | ၇၁၁ | ၇၁၁ | | |
| ၁၈ | အနောက်ဘက်ကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၂၃၉၅ | ၉၅၅ | ၉၅၅ | | |
| ၁၉ | ထောင်လောင်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၄၇၅ | ၂၇၅ | ၂၇၅ | | |
| ၂၀ | အောက်မဲဇောင်းကျေးရွာအုပ်စု | ၁ | ၃၀၀ | ၁၇၉ | ၁၂၁ | ၁၂၁ | | |
| ၂၁ | စလူချောင်းကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၇၆၃ | ၃၃၇ | ၃၃၃ | ၄ | |
| ၂၂ | ကျုံပင-ကျောက်တန်းကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၀၃ | ၃၄၇ | ၃၄၇ | | |
| ၂၃ | ကျားချောင်းကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၃၂ | ၁၁၈ | ၁၁၈ | | |
| ၂၄ | ခြေတော်ရာကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၅၁၉ | ၅၈၁ | ၅၈၁ | | |
| ၂၅ | သရက်ချောင်းကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၁၃၆ | ၆၆၄ | ၃၁၄ | ၃၅၀ | |
| ၂၆ | အင်္ဂနီကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၅၃၈ | ၉၆၂ | ၉၆၂ | | |
| ၂၇ | သံဆိပ်ကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၁၈၅၉ | ၁၀၉၁ | ၉၂၁ | ၁၇၀ | |
| ၂၈ | မအူပင်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၈၂ | ၂၆၈ | ၂၆၈ | | |
| ၂၉ | ပဒဲကောကျေးရွာအုပ်စု | ၃ | ၃၉၀၀ | ၂၈၃၄ | ၁၀၆၆ | ၁၁၁၆ | | ၅၀ |
| ၃၀ | မဘီးကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၁၂ | ၂၈၈ | ၂၈၈ | | |
| ၃၁ | ဟသ်ာ၁ဝဲကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၄၇၇ | ၉၇၃ | ၈၂၃ | ၁၅၀ | |
| ၃၂ | ဒလဆိပ်ကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၃၇၆ | ၉၂၄ | ၆၂၄ | ၃၀၀ | |
| ၃၃ | အင်းဗလာကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၀၈၅ | ၄၆၅ | ၄၆၅ | | |
| ၃၄ | ဝိုင်ပျဉ်ရေကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၁၉၇၁ | ၁၀၂၉ | ၉၇၉ | ၅၀ | |
| ၃၅ | ညောင်ပင်ကြီးကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၈၅၅ | ၄၉၅ | ၄၄၅ | ၅၀ | |
| ၃၆ | သက္ကယ်ကုန်းကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၄၃၄ | ၃၆၆ | ၃၆၆ | | |
| ၃၇ | ဘောက်ထာကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၆၉ | ၂၈၁ | ၂၃၁ | ၅၀ | |
| ၃၈ | အထက်မဲဇောင်းကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၉၁ | ၁၅၉ | ၁၅၉ | | |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၇၄ | ၈၂၅၀၀ | ၅၃၄၁၄ | ၂၉၀၈၆ | ၂၆၉၇၆ | ၂၁၆၄ | ၅၄ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၇၁၉ | ၇၁၉ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၃၂၈၄ | | ၃၂၈၄ | ၃၄၇၉ | | ၁၉၅ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၇၄ | ၈၆၅၀၃ | ၅၄၁၃၃ | ၃၂၃၇၀ | ၃၀၄၅၅ | ၂၁၆၄ | ၂၄၉ |

## သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၃။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်တွင် ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၀ အုပ်စု၊ မဲရုံစုစုပေါင်း ၉၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၅၈၀၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၅၃၁၉၊ ကျန်ရှိရမည့် အရေအတွက်မှာ ၆၀၄၈၂ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၆၂၈၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၂၈၀၀၀ | ၇၄၅၂၈ | ၅၃၄၇၂ | ၅၀၀၄၄ | ၄၃၉၉ | ၁၇၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၇၉၇ | ၇၉၁ | ၆ | ၅၉ | | ၅၃ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၂၀၄ | | ၆၂၀၄ | ၆၁၈၄ | ၂၀ | |
| | စုစုပေါင်း | ၁၃၅၈၀၁ | ၇၅၃၁၉ | ၆၀၄၈၂ | ၅၆၂၈၇ | ၄၄၁၉ | ၂၂၄ |

စာမျက်နှာ ၁၂ သို့

*စာမျက်နှာ ၁၁ မှ*

၁၄။ သနပ်ပင်မြို့နယ် ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၀ ရှိ မဲရုံပေါင်း ၉၁ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၄၃၉၉ ပျောက်ဆုံးနေပြီး ၁၇၁ အပိုဖြစ်နေကြောင်း တွေ့ရှိရသည်။ မြို့နယ် ကြိုတင်မဲလက်မှတ် ထုတ်ယူရရှိအရေအတွက်မှာ ၇၉၇ ဖြစ်ပြီး အသုံးပြုအရေအတွက်မှာ ၇၉၁ ဖြစ်သဖြင့် ၆ စောင် ကျန်ရှိရမည် ဖြစ်သော်လည်း မြေပြင်တွင် ၅၉ စောင် ကျန်ရှိနေသဖြင့် ၅၃ စောင် အပိုဖြစ်နေကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက်မှာ ၆၂၀၄ ဖြစ်သော်လည်း မြေပြင်တွင် ၆၁၈၄ ကျန်ရှိနေသဖြင့် မဲလက်မှတ်အစောင် ၂၀ ပျောက်ဆုံးနေကြောင်းတွေ့ရှိရသည်။

၁၅။ သနပ်ပင်မြို့နယ်အတွင်းရှိ အောက်သောင်ကျေးရွာအုပ်စု မဲရုံအမှတ် (၁) တွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ၄၆၃ ဦးရှိရာ မဲရုံသို့မဲလာပေးသော မဲဆန္ဒရှင်များသည် မဲဆန္ဒရှင်စာရင်း ပုံစံ (၁) စာအုပ်တွင် လက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုး / ရိုက်နှိပ်ထားခြင်း မရှိဘဲ အမှန်ခြစ် (√) အမှတ်အသားပြု ဆန္ဒမဲများ ထုတ်ပေးထားကြောင်း တွေ့ရှိရပါသည်။

၁၆။ သနပ်ပင်မြို့နယ်အတွင်းရှိ ကျားခေါင်းကျေးရွာအုပ်စု မဲရုံအမှတ် (၂) တွင် မဲရုံ၌ သုံးစွဲထားသည့် မဲလက်မှတ်ဖြတ်ပိုင်းများ မတွေ့ရှိရကြောင်းနှင့် ကုလားချောင်းကြီးကျေးရွာအုပ်စု မဲရုံအမှတ် (၃) တွင် မဲရုံ၌ သုံးစွဲထားသည့်မဲလက်မှတ်များနှင့် လက်ကျန်မဲလက်မှတ်ဖြတ်ပိုင်းများ မတွေ့ရှိရကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၇။ သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေး တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဈေးပိုင်းရပ်ကွက် | ၁ | ၂၄၀၀ | ၁၆၀၁ | ၇၉၉ | ၇၉၉ | | |
| ၂ | အောက်စုပိုင်းရပ်ကွက် | ၁ | ၁၅၀၀ | ၉၉၃ | ၅၀၇ | ၅၀၇ | | |
| ၃ | ဘုရားကြီးပိုင်းရပ်ကွက် | ၁ | ၂၈၅၀ | ၁၉၅၅ | ၈၉၅ | ၈၉၅ | | |
| ၄ | ဘူတာပိုင်းရပ်ကွက် | ၁ | ၂၁၀၀ | ၁၃၀၆ | ၇၉၄ | ၇၉၄ | | |
| ၅ | စက်ကုန်းပိုင်းရပ်ကွက် | ၂ | ၃၉၀၀ | ၂၅၉၃ | ၁၃၀၇ | ၁၀၁၇ | ၂၉၀ | |
| ၆ | ရွာသစ်ပိုင်းရပ်ကွက် | ၂ | ၁၈၀၀ | ၉၇၇ | ၈၂၃ | ၆၇၃ | ၁၅၀ | |
| ၇ | ရေကျော်ကျေးရွာအုပ်စု | ၂ | ၅၀၅၀ | ၂၈၉၇ | ၂၁၅၃ | ၁၅၅၂ | ၆၀၁ | |
| ၈ | မကြက်စုကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၈၉၃ | ၈၀၇ | ၈၁၇ | | ၁၀ |
| ၉ | ကလိုင်ကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၄၀၃ | ၅၉၇ | ၅၉၇ | | |
| ၁၀ | စွန်ပိကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၇၆၈ | ၂၈၂ | ၄၃၂ | | ၁၅၀ |
| ၁၁ | ကမာဖရန်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၆၀ | ၃၄၀ | ၃၄၀ | | |
| ၁၂ | ဖရဲကျေးရွာအုပ်စု | ၁ | ၂၂၀၀ | ၁၇၁၁ | ၄၈၉ | ၄၈၉ | | |
| ၁၃ | ငါးကြီးဝင်းကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၄၇ | ၂၀၃ | ၂၀၃ | | |
| ၁၄ | ထောင်မင်းကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၁၉၅ | ၁၁၅၅ | ၁၀၀၆ | ၁၄၉ | |
| ၁၅ | တာဝရေတံခါးကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၂၀၁ | ၅၉၉ | ၅၉၉ | | |
| ၁၆ | ကသဲကုန်းကျေးရွာအုပ်စု | ၂ | ၃၀၀၀ | ၁၆၀၅ | ၁၃၉၅ | ၁၂၄၅ | ၁၅၀ | |
| ၁၇ | ကျိုက်ပဒိုင်ကြီးကျေးရွာအုပ်စု | ၁ | ၂၆၀၀ | ၁၈၈၀ | ၇၂၀ | ၇၂၀ | | |
| ၁၈ | ကျိုက်ပဒိုင်လေးကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၀၇၂ | ၄၂၈ | ၄၂၈ | | |
| ၁၉ | စဥ့်အိုးဘိုကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၆၃ | ၁၈၇ | ၁၈၇ | | |
| ၂၀ | တံခွန်တိုင်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၈၆ | ၂၆၄ | ၂၁၄ | ၅၀ | |
| ၂၁ | ကျိုက်မဲကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၉၁၀ | ၄၄၀ | ၄၃၈ | ၂ | |
| ၂၂ | မိုးခိုင်ကြီးကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၈၅၉ | ၁၀၄၁ | ၉၉၁ | ၅၀ | |
| ၂၃ | မိုးခိုင်လေးကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၉၃ | ၂၀၇ | ၂၀၇ | | |
| ၂၄ | အပိုင်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၀၀ | ၅၀၀ | ၅၀၀ | | |
| ၂၅ | ဇီးပင်ကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၉၆၀ | ၈၄၀ | ၈၄၀ | | |
| ၂၆ | ခရမ်းကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၉၆၅ | ၆၃၅ | ၃၈၅ | ၂၅၀ | |
| ၂၇ | ခရမ်းညောင်ပင်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၇၄၀ | ၅၆၀ | ၅၆၀ | | |
| ၂၈ | မင်းရွာတာဝကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၁၇၅၃ | ၁၁၄၇ | ၁၁၄၇ | | |
| ၂၉ | မင်းကျေးရွာအုပ်စု | ၂ | ၄၂၅၀ | ၂၅၇၆ | ၁၆၇၄ | ၁၆၇၄ | | |
| ၃၀ | မင်းရွာကျောင်းစုကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၆၁၄ | ၉၈၆ | ၉၈၆ | | |
| ၃၁ | ကျူချောင်းကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၆၇၀ | ၅၃၀ | ၄၄၃ | ၈၇ | |
| ၃၂ | အောက်တကဲကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၀၉၃ | ၇၅၇ | ၇၀၇ | ၅၀ | |
| ၃၃ | ကျွန်းကြီးကျေးရွာအုပ်စု | ၃ | ၃၀၅၀ | ၁၇၆၄ | ၁၂၈၆ | ၁၂၂၆ | ၆၀ | |
| ၃၄ | ကျုံပါကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၁၇၅၉ | ၁၆၉၁ | ၁၆၉၁ | | |
| ၃၅ | ဝဲပြန်ကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၈၄၆ | ၇၅၄ | ၇၅၄ | | |
| ၃၆ | ညောင်ပင်စုကျေးရွာအုပ်စု | ၁ | ၈၅၀ | ၄၆၅ | ၃၈၅ | ၃၈၅ | | |
| ၃၇ | အောက်သောင်ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၇၂၃ | ၈၂၇ | ၇၂၇ | ၁၀၀ | |
| ၃၈ | ကျီးပင်စုကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၁၅၂၂ | ၁၆၇၈ | ၁၆၇၈ | | |
| ၃၉ | သနတ္တန်းကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၀၅၄ | ၉၄၆ | ၉၄၆ | | |
| ၄၀ | ရွှေလှေစုကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၈၆၄ | ၇၃၆ | ၇၃၆ | | |
| ၄၁ | ကမာစဲကျေးရွာအုပ်စု | ၂ | ၄၂၀၀ | ၂၇၀၄ | ၁၄၉၆ | ၁၄၉၆ | | |
| ၄၂ | လှပကစ်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၀၆ | ၁၉၄ | ၁၉၄ | | |
| ၄၃ | ထပ်ခနိမ်ကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၉၇၇ | ၄၂၃ | ၄၂၃ | | |
| ၄၄ | အနီးကိုက်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၂၁ | ၂၇၉ | ၂၂၉ | ၅၀ | |
| ၄၅ | ကျားခေါင်းကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၉၄၆ | ၇၀၄ | ၇၀၄ | | |
| ၄၆ | ရစ်ကံလေးကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၅၉၈ | ၁၁၀၂ | ၉၅၂ | ၁၅၀ | |
| ၄၇ | တောဘုတ်စုကျေးရွာအုပ်စု | ၁ | ၉၅၀ | ၅၄၉ | ၄၀၁ | ၄၀၁ | | |
| ၄၈ | ခလပ်ကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၈၆၈ | ၆၃၂ | ၆၃၂ | | |
| ၄၉ | ဉာဏ်ကျွန်းကျေးရွာအုပ်စု | ၁ | ၂၉၅၀ | ၁၈၃၀ | ၁၁၂၀ | ၁၁၂၀ | | |
| ၅၀ | ကသစ်ဝိုင်ကျေးရွာအုပ်စု | ၃ | ၂၈၀၀ | ၁၅၉၈ | ၁၂၀၂ | ၁၂၀၂ | | |
| ၅၁ | ရွာဟောင်းကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၈၅၁ | ၅၉၉ | ၅၈၉ | ၁၀ | |
| ၅၂ | ကျီးပင်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၀၄ | ၂၉၆ | ၂၉၆ | | |
| ၅၃ | လွှမ်းပြေကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၀၅ | ၂၉၅ | ၂၄၅ | ၅၀ | |
| ၅၄ | ကုလားချောင်းကြီးကျေးရွာအုပ်စု | ၃ | ၅၄၀၀ | ၁၉၇၃ | ၃၄၂၇ | ၁၅၂၇ | ၁၉၀၀ | |
| ၅၅ | တခွန်တိုင်ကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၀၀၃ | ၈၄၇ | ၈၄၈ | | ၁ |
| ၅၆ | နတ်ရေကံကျေးရွာအုပ်စု | ၁ | ၃၆၀၀ | ၁၆၂၅ | ၁၉၇၅ | ၁၉၇၅ | | |
| ၅၇ | ကျွဲတဲကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၀၀ | ၄၀၀ | ၄၀၀ | | |
| ၅၈ | ကမ်းပြိုကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၀၉ | ၂၄၁ | ၂၄၁ | | |
| ၅၉ | ကွင်းယားရှည်ကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၇၈၇ | ၁၀၁၃ | ၁၀၁၃ | | |
| ၆၀ | ခလပ်စုကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၇၄၇ | ၇၅၃ | ၇၅၃ | | |
| ၆၁ | ကုက္ကိုကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၁၃၉၈ | ၁၄၅၂ | ၁၄၆၂ | | ၁၀ |
| ၆၂ | ကျွဲဖြူချောင်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၇၄၁ | ၅၅၉ | ၅၅၉ | | |
| ၆၃ | ရွှေအိုးကျေးရွာအုပ်စု | ၁ | ၃၀၀ | ၁၈၀ | ၁၂၀ | ၁၂၀ | | |
| ၆၄ | ကသစ်ခုံကျေးရွာအုပ်စု | ၁ | ၇၅၀ | ၃၉၀ | ၃၆၀ | ၃၆၀ | | |
| ၆၅ | ကပင်ကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၇၁၇ | ၁၂၈၃ | ၁၀၃၃ | ၂၅၀ | |
| ၆၆ | အောင်ဘုံကြီးကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၅၆၅ | ၇၃၅ | ၇၃၅ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၉၁ | ၁၂၈၈၀၀ | ၇၄၅၂၈ | ၅၄၂၇၂ | ၅၀၀၄၄ | ၄၃၉၉ | ၁၇၁ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၇၉၇ | ၇၉၁ | ၆ | ၅၉ | | ၅၃ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၆၂၀၄ | | ၆၂၀၄ | ၆၁၈၄ | ၂၀ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၉၁ | ၁၃၅၈၀၁ | ၇၅၃၁၉ | ၆၀၄၈၂ | ၅၆၂၈၇ | ၄၄၁၉ | ၂၂၄ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❒ *ကျောဖုံးမှ*

ရန်းအားထက် ဘန်လေအသင်း၏ ရန်းအားကို စောင့်ကြည့်ရမည်ဖြစ်သည်။

လိဒ်စ်နှင့် မန်ယူအသင်းတို့ပွဲစဉ်ကို ယနေ့ည ၇ နာရီခွဲတွင် လိဒ်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါ နှစ်သင်းတွေ့ဆုံခဲ့သည့် ပထမအကျော့ မန်ယူအိမ်ကွင်းတွင် မန်ယူအသင်းက ခြောက်ဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ထို့အပြင် မန်ယူအသင်းသည် လိဒ်စ်အသင်းနှင့် တွေ့ဆုံခဲ့သည့် နောက်ဆုံးသုံးကြိမ်တွင်လည်း ဂိုးပြတ်အနိုင်ရရှိထားသည်ကို တွေ့ရသည်။ မန်ယူအသင်းသည် အမှတ်ပေးဇယား ဦးဆောင်သူ မန်စီးတီးအသင်းနှင့် ရမှတ်ကွာဟမှုလျှော့ချနိုင်ရန်အတွက် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန် လိုအပ်နေသည်။ လိဒ်စ်အသင်းကလည်း လာမည့်နှစ် ယူရိုပါလိဂ်ဝင်ခွင့် မျှော်လင့်ချက် ဆက်လက် ရှင်သန်နိုင်ရန်အတွက် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန် လိုအပ်နေသည်။ အနိုင်ရရှိရန် လိုအပ်နေသည့် အသင်းနှစ်သင်းတွေ့ဆုံနေသောကြောင့် မည်သည့်အသင်းက ရလဒ်ကောင်း ပိုင်ဆိုင်သွားနိုင်မလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

ထို့အပြင် မန်ယူအသင်းအနေဖြင့် လိဒ်စ်အသင်းကို ထပ်မံဂိုးပြတ် အနိုင်ယူသွားနိုင်မလား သို့မဟုတ် လိဒ်စ်အသင်းကပင် မန်ယူအသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည့် အစဉ်အလာဆိုးကို ချိုးဖျက်သွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ လူနာ ၂၀ အောက်ဆီဂျင်ပြတ်လပ်မှုကြောင့် သေဆုံး




ဧပြီ ၂၄ ရက်က အိန္ဒိယနိုင်ငံ ချန်နိုင်းတွင် ကုန်တင်ယာဉ်ပေါ်သို့ အောက်ဆီဂျင်ဘူးများ တင်ဆောင်နေသည်ကို တွေ့ရစဉ်။

**နယူးဒေလီ ဧပြီ ၂၄**

အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီရှိ ဆေးရုံတစ်ရုံသို့ အရေးပေါ်တင်လိုက်ရသော ကိုဗစ်-၁၉ လူနာ ၂၀ သည် အောက်ဆီဂျင်ပြတ်လပ်မှုကြောင့် သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာ အရာရှိများက ဧပြီ ၂၄ ရက်က ပြောကြားလိုက်သည်။

အဆိုပါသေဆုံးမှုသည် ဒေလီရှိ ဂျိုက်ပါးလ်ဂိုးဒင်း ပုဂ္ဂလိကဆေးရုံတစ်ရုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အစိုးရထံမှ အောက်ဆီဂျင် ၃ ဒသမ ၅ မက်ထရစ်တန် ခွဲတမ်းရကြောင်း၊ ခွဲတမ်းရသည့် အောက်ဆီဂျင်များသည် ဧပြီ ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ရောက်ရှိရမည်ဖြစ်သော်လည်း ညသန်းခေါင်ဝန်းကျင်မှသာ ရောက်ရှိလာခဲ့သောကြောင့် လူနာများ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဂျိုက်ပါးလ်ဂိုးဒင်းဆေးရုံမှ ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူး ဒီကေဘလူဂျာက ပြောသည်။

လူနာများသည် အလွန်စိုးရိမ်ရသော အခြေအနေတွင်ရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဘလူဂျာက ပြောသည်။ အောက်ဆီဂျင် လုံလောက်စွာရရှိရမည့် အချိန်တွင် အောက်ဆီဂျင်မရရှိခြင်းသည် သေဆုံးရသည့် အကြောင်းရင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ကိုဗစ်-၁၉ လူနာ ၂၁၅ ဦး ဆေးရုံသို့ တက်ရောက်ကုသလျက်ရှိပြီး ၎င်းတို့အားလုံး စိုးရိမ်ရသော အခြေအနေရောက်နေပြီး အောက်ဆီဂျင်လိုအပ်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၄၆၇၈၆ ဦးရှိပြီး ၂၆၂၄ ဦးသေဆုံးခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်မှုသမိုင်းတွင် နေ့စဉ်ကူးစက်မှုနှင့် သေဆုံးမှုအများဆုံးနေ့အဖြစ် စံချိန်တင်ခဲ့ကြောင်း ဧပြီ ၂၄ ရက်က ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်မှု တိုးလာသောကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် အောက်ဆီဂျင်ပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရပြီး အစိုးရကို လက်ကျန်အောက်ဆီဂျင်များ ထပ်မံဖြည့်တင်းပေးရန် တောင်းဆိုထားကြောင်း သိရသည်။ **ဆင်ဟွာ**

## ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သော သီတင်းနှစ်ပတ်အတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်း မြင့်တက်

**ဆော်ပေါ်လို ဧပြီ ၂၄**

ဘရာဇီးနိုင်ငံတွင် ဧပြီ ၂၃ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၉၁၄ ဦးရှိကြောင်း ဖော်ပြခဲ့မှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းသည် ၃၈၆၄၁၆ ဦး ရှိလာပြီဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏သတင်းထုတ်ပြန်ချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံစမ်းသပ်တွေ့ရှိသူ ၆၉၁၀၅ ဦး ရှိလာသောကြောင့် ဘရာဇီးနိုင်ငံတွင် စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိသူ ၁၄၂၃၇၀၇၈ ဦး တိုးလာသည်။ နိုင်ငံတစ်ဝန်းရှိဆေးရုံဝန်ဆောင်မှုများလည်း အလွန်စိုးရိမ်ဖွယ်ကောင်းသော အခြေအနေ ရောက်ရှိနေကြောင်းနှင့် လွန်ခဲ့သော သီတင်းပတ်နှစ်ပတ်အတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်း မြင့်လာကြောင်း ဖီရိုခရုဇ်ဟုခေါ်သော ဘရာဇီးနိုင်ငံပိုင် ဆေးဘက်ဆိုင်ရာ သုတေသနဌာနက ဖော်ပြသည်။ **ဆင်ဟွာ**

## အိုဆာကာခရိုင်တွင် ငါးရက်ဆက်တိုက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀ ကျော်ရှိ

**အိုဆာကာ ဧပြီ ၂၄**

ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာခရိုင်တွင် ဧပြီ ၂၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၉၇ ဦးရှိကြောင်း အတည်ပြုဖော်ပြခဲ့သည်။

အိုဆာကာခရိုင်တွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ဖြစ်ပွားသူဦးရေ ငါးရက်ဆက်တိုက် ၁၀၀၀ အထက်တွင်ရှိကြောင်း သိရသည်။ အဆိုပါခရိုင်တွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားသည့်အချိန်မှစကာ ယခုအချိန်အထိ ကိုဗစ်-၁၉ ဗိုင်းရပ်စ်စစ်ဆေးတွေ့ရှိသူပေါင်း ၇၄၅၀၉ ဦးရှိသည်။

**အင်န်အိတ်ချ်ကေ**

## မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ လေးသိန်းနီးပါးရှိလာ

**ကွာလာလမ်ပူ ဧပြီ ၂၄**

မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၇၁၇ ဦး တိုးလာကြောင်း သတင်းဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၉၀၂၅၂ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂၄ ရက်က ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူများအနက် ၂၆ ဦးမှာ ပြည်ပ ကူးစက်သူများဖြစ်ပြီး ၂၆၉၁ ဦးမှာ ပြည်တွင်းကူးစက်သူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက သတင်းထုတ်ပြန်ချက်တွင် ပြောသည်။



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ တစ်နေရာတွင် ကိုဗစ်-၁၉ ကူးစက်မှုကို ကာကွယ်ရန် ပြည်သူများ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်သွားလာနေသည်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ကြောင့်နောက်ထပ် သေဆုံးသူ ၁၁ ဦး ရှိလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၄၂၆ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၂၂၉၂ ဦး ရှိလာသောကြောင့် ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၃၆၅၉၀၀ သို့မဟုတ် ၉၃ ဒသမ ၈ ရာခိုင်နှုန်း ရှိလာသည်။

လတ်တလောတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၂၂၉၂၆ ဦး ရှိပြီး ၎င်းတို့အနက် ၂၇၂ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိပြီး ၁၂၄ ဦးမှာ အသက်ရှူမှု အထောက်အကူပြုပစ္စည်းများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အစ္စရေးနိုင်ငံတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ မရှိသည့်နေ့အဖြစ် စံချိန်တင်

**ဂျေရုဆလင် ဧပြီ ၂၄**

အစ္စရေးနိုင်ငံတွင် ဧပြီ ၂၂ ရက်က ကိုဗစ် –၁၉ကြောင့် သေဆုံးသူမရှိသည့်နေ့အဖြစ် စံချိန်တင်ခဲ့သည်ဟု သိရသည်။ ၁၀ လတာကာလအတွင်း တိုင်းပြည်အတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူမရှိသည်မှာ ပထမဆုံးအကြိမ် ဖြစ်သည်ဟု သိရသည်။

ဧပြီ ၂၃ ရက်တွင် အစ္စရေးအစိုးရက ထုတ်ပြန်သည့် စာရင်းများအရ ဧပြီ ၂၂ ရက်၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူမရှိဟု သိရသည်။ အစ္စရေးနိုင်ငံတစ်လွှား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတစ်လွှား ကိုဗစ်-၁၉ ကူးစက်မှုများမှာ ကျဆင်းခဲ့သည်။ တိုင်းပြည်လူဦးရေ၏ ၅၄ ရာခိုင်နှုန်း (လူဦးရေငါးသန်း)မှာ ကိုဗစ် -၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးပေးပြီးဖြစ်သည်။

ဇန်နဝါရီလအတွင်းမှ စတင်ကာ အစ္စရေးနိုင်ငံတွင် ကိုဗစ် – ၁၉ နေ့စဉ်ကူးစက်ခံရသူ ၁၀၀၀၀ ရှိခဲ့သော်လည်း ယခုအခါ ၁၀၀ ဝန်းကျင်သို့ ကျဆင်းသွားပြီဖြစ်သည်။ ယခုအချိန်အထိ အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ကြောင့် သေဆုံးသူ ၆၃၀၀ ရှိသည်ဟု သိရသည်။

အစ္စရေးတွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးနောက် နှစ်ပတ်အကြာတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံခြင်းမှာ ၉၈ ဒသမ ၉ ရာခိုင်နှုန်း သေဆုံးမှုကိုလျော့ကျစေသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလအတွင်းက ကြေညာခဲ့သည်။

အစိုးရအနေဖြင့်လည်း နောက်ထပ်ကာကွယ်ဆေးများ ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်အတွက် ကိုဗစ် -၁၉ ကာကွယ်ဆေးများ ပိုမိုရရှိရန်အတွက်လည်း အမေရိကန်ဆေးဝါးကုမ္ပဏီကြီးဖြစ်သည့် ဖိုက်ဇာနှင့် ယခုလအစောပိုင်းတွင် သဘောတူညီမှု ရရှိထားပြီးဖြစ်သည်ဟု ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အစ္စရေးနိုင်ငံတွင် ပါးစပ်၊ နှာခေါင်းစည်း မတပ်ဆင်ဘဲ သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

# ပျောက်ဆုံး အင်ဒိုနီးရှား ရေငုပ်သင်္ဘော၏ အပျက်အစီးအပိုင်းအစများကိုတွေ့ရှိ

**ဂျကာတာ မေ ၂၄**

အင်ဒိုနီးရှားရေငုပ်သင်္ဘောတစ်စင်းသည် ဘာလီကမ်းလွန်တွင် လေ့ကျင့်မှုပြုလုပ်နေစဉ်အတွင်း မေ ၂၁ ရက်က ပျောက်ဆုံးခဲ့ရာ အဆိုပါပျောက်ဆုံးရေငုပ်သင်္ဘောမှအပိုင်းအစအပျက်အစီးဟု ယူဆရမည့် အပိုင်းအစများကို အင်ဒိုနီးရှား ရှာဖွေရေးသမားများက ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်ဒိုနီးရှား ရေတပ် ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး ယူဒိုမာဂိုနိုက မေ ၂၄ ရက်က ပြောသည်။

ရေငုပ်သင်္ဘောနောက်ဆုံး ရေငုပ်ခဲ့သည့်နေရာအနီးတွင် လောင်စာဆီပြင်များနှင့် အပျက်အစီးများကို တွေ့ရှိရသဖြင့် ကေအာရ်အိုင်နန်ဂါလာ-၄၀၂ သည် နစ်မြုပ်မှုဖြစ်ပွားခဲ့သည်ဆိုသည်မှာ ငြင်းမရသည့် သက်သေဖြစ်ကြောင်း စစ်ရေးအကြီးအကဲ ဟာဒီဂျာဂျန်တိုက ပြောသည်။

ပျောက်ဆုံးနေသော အင်ဒိုနီးရှားရေငုပ်သင်္ဘော ကေအာရ်အိုင်နန်ဂါလာ-၄၀၂ သည် အက်ကွဲပွင့်ထွက်ပြီး နစ်မြုပ်ခဲ့ရာ ၎င်းပေါ်တွင်လိုက်ပါသွားသော အမှုထမ်း ၅၃ ဦးသေဆုံးခဲ့ကြောင်း အေပီသတင်းတွင်ဖော်ပြထားသည်။

သင်္ဘောသည် ရေအောက် မီတာ ၈၅၀ အနက်တွင် မည်သည့်အကြောင်းကြောင့်မှန်း သေသေချာချာ မသိဘဲ နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများမှာ ကြီးမားသော အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

သင်္ဘောရှာဖွေမှုများပြုလုပ်ရာတွင် ဩစတြေးလျ၊ အိန္ဒိယ၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ အကူအညီများပေးပို့ထားကြောင်း သိရသည်။ ထို့အပြင် မေ ၂၄ ရက်အစောပိုင်းက အမေရိကန်ရေတပ် ပီ-အိတ်ချ် ပိုဆိုက်ဒွန် လေယာဉ်တင်သင်္ဘောလည်း ဘာလီသို့ ရောက်ရှိလာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် မိတ်ဆွေကောင်းနိုင်ငံဖြစ်ပြီး မဟာဗျူဟာမြောက်မိတ်ဖက်ဖြစ်ကြောင်းနှင့် ရေငုပ်သင်္ဘောအစီရင်ခံစာ ဖော်ပြမှုနှင့်ပတ်သက်ပြီး အလွန်စိတ်မကောင်းဖြစ်ရကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ပြောသည်။


ပျောက်ဆုံးနစ်မြုပ်သွားခဲ့သည့် အင်ဒိုနီးရှား ရေငုပ်သင်္ဘော ကေအာရ်အိုင်နန်ဂါလာ - ၄၀၂ နှင့် ၎င်း၏ အပျက်အစီး အပိုင်းအစများကို တွေ့ရစဉ်။

သင်္ဘောနစ်မြုပ်မှုဖြစ်ပွားခဲ့သည့်အတွက် အင်ဒိုနီးရှား အမျိုးသားတပ်မတော်အကြီးအကဲ ဟာဒီက ဝမ်းနည်းကြောင်းဖော်ပြခဲ့သည်။ အဆိုပါဖြစ်ရပ်အတွက် မိမိတို့အားလုံး ဝမ်းနည်းကြောင်း ဟာဒီက ပြောသည်။ ရှာဖွေမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၎င်းက ဆက်ပြောသည်။

ဂျာမနီနိုင်ငံထုတ် ရေငုပ်သင်္ဘောသည် အင်ဒိုနီးရှားနိုင်ငံသို့ ၁၉၈၁ ခုနှစ်တွင် ရောက်ရှိလာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ၊ အေပီ၊ ဘီဘီစီ**

# ပိုမိုပူးပေါင်းဆောင်ရွက်ရေးအတွက် အမေရိကန်နှင့် တူရကီသမ္မတတို့ ဖုန်းဖြင့်ဆွေးနွေး

**အစ္စတန်ဘူလ် မေ ၂၄**

တူရကီသမ္မတ ရီဆက်တေရစ် အာဒိုဂန်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့သည် ဖုန်းဖြင့် ဆက်သွယ် ဆွေးနွေးစဉ်အတွင်း ပိုမိုကြီးမားသည့်ပူးပေါင်းဆောင်ရွက်မှုတည်ဆောက်ရန် အတူတကွပူးပေါင်းဆောင်ရွက်ရမည်များကို သဘောတူခဲ့ကြသည်ဟု တူရကီ သမ္မတရုံးက မေ ၂၃ ရက်တွင်ပြောကြားခဲ့သည်။

နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးအမြတ်ရှိမှုနှင့် နှစ်နိုင်ငံဆက်ဆံရေးတို့ပေါ်တွင် အရေးကြီးသည့် မဟာဗျူဟာများပေါ်တွင် မူတည်ကာ ပူးပေါင်းဆောင်ရွက်မှု အခြေခံသည်ဟု သမ္မတရုံးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။


အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်နှင့် တူရကီသမ္မတ အာဒိုဂန်တို့ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက အန်ကာရာမြို့တွင် တွေ့ဆုံကြစဉ်။

တူရကီသမ္မတ အာဒိုဂန်က အမေရိကန်တွင် ရောက်ရှိနေသည့် တူရကီဘုန်းကြီး ဖက်တူလာ ဂူလန်ကိစ္စ၊ တရားမဝင်အသင်းအဖြစ် ကြေညာထားသည့် ကာ့ဒ်အလုပ်သမားပါတီနှင့် ဆီးရီးယားကာ့ဒ် ဒီမိုကရက်တစ် ယူနီယံပါတီတို့အပေါ် အမေရိကန်၏ ထောက်ပံ့ပေးမှုနှင့်ပတ်သက်၍ အရေးကြီးသည့် ပြဿနာများကို ဖြေရှင်းရန် အလေးအနက်ထား ပြောကြားခဲ့သည်ဟု သိရသည်။

အာဒိုဂန်နှင့် ဂျိုးဘိုင်ဒင်တို့သည် ဇွန်လအတွင်း ဘရပ်ဆဲလ်တွင်ကျင်းပမည့် နေတိုးခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံဖွယ်ရှိသည်ဟု ကြေညာချက်ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# ဘရာဇီးနိုင်ငံ၌ ဘတ်ဂျက်အကန့်အသတ်ကြောင့် ၂၀၂၁ ခုနှစ် သန်းခေါင်စာရင်းကောက်ခံမှုကို ဆိုင်းငံ့

**ရီယိုဒီဂျနေရိုး မေ ၂၄**

ဘရာဇီးနိုင်ငံတွင် ဘတ်ဂျက်အကန့်အသတ်ကြောင့် ၂၀၂၁ ခုနှစ်အတွက် သန်းခေါင်စာရင်းကောက်ယူမှုကို ရွှေ့ဆိုင်းလိုက်သည်ဟု ဘရာဇီးနိုင်ငံ၏ စီးပွားရေးဝန်ကြီးဌာန ဘဏ္ဍာရေးဝန်ကြီး ဝေါ်ဒရီတော်ဒရီက မေ ၂၃ ရက်တွင်ပြောကြားပြီး သန်းခေါင်စာရင်းကောက်ယူမှုအတွက် ဘတ်ဂျက်အခက်အခဲရှိနေကြောင်း သိရသည်။

ထို့ကြောင့် ၂၀၂၁ခုနှစ်အတွက် သန်းခေါင်စာရင်းကောက်ယူမှုကို ပြုလုပ်နိုင်မည်မဟုတ်ဟု ၎င်းက ဂျာနယ်လစ်များကို ပြောကြားခဲ့သည်။ မေ ၂၂ ရက်တွင် နှစ်စဉ်ဘတ်ဂျက်ကို သမ္မတ ဂျာဘော်ဆွန်နာရိုက ကန့်သတ်ခဲ့သည်။ မတ်လအတွင်းက ပြုလုပ်ခဲ့သည့် ဘတ်ဂျက်အတည်ပြုရေးအစည်းအဝေးတွင် သန်းခေါင်စာရင်းကောက်ယူမှုအတွက် ဘရာဇီးငွေကြေး ဘတ်ဂျက်ကို ၂ ဘီလီယံမှ ၇၁ သန်းအထိ ဖြတ်တောက်ထားခဲ့ပြီးဖြစ်သည်။

စစ်တမ်းကောက်ယူမှုအတွက် အထူးတာဝန်ရှိသည့် ဘရာဇီး ပထဝီနှင့် စာရင်းအင်း အင်စတီကျူမတ်လအတွင်းက ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ဘတ်ဂျက်ဖြတ်တောက်မှုကြောင့် ယခုနှစ်အတွင်း သန်းခေါင်စာရင်းကောက်ယူရန် မဖြစ်နိုင်တော့ဟုကြေညာခဲ့ခြင်းဖြစ်သည်။

ဘရာဇီးနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူမှုကို ၁၀ နှစ်တစ်ကြိမ်ပြုလုပ်ပြီး ပြည်သူ့မူဝါဒရေးရာနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် သတင်းအချက်အလက်များ စုဆောင်းရန်အတွက် ကောက်ယူခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ကိုဗစ် -၁၉ ကူးစက်မှုကို နှိမ်နင်းရန်အတွက် အိန္ဒိယလေကြောင်းခရီးစဉ်များအားလုံးကို ဆိုင်းငံ့

**ရာဘတ် မေ ၂၄**

ဗီဇပြောင်းကိုဗစ် -၁၉ ကူးစက်မှုကို နှိမ်နင်းနိုင်ရန်အတွက် အိန္ဒိယနှင့် လေကြောင်းခရီးစဉ်အားလုံးကို ဆိုင်းငံ့လိုက်သည်ဟု မော်ရိုကို အမျိုးသားလေကြောင်းရုံးက မေ ၂၃ ရက်တွင် ၎င်းတို့၏ ဝက်ဘ်ဆိုက်စာမျက်နှာမှ တစ်ဆင့်ကြေညာခဲ့သည်။

## စိုးရိမ်မှုများပေါ်ပေါက်

ယင်းသို့ဆိုင်းငံ့မှုမှာ ယာယီသာဖြစ်သော်လည်း တခြားနိုင်ငံများမှလာသည့် အိန္ဒိယခရီးသည်များဝင်ခွင့်အတွက်လည်း စိုးရိမ်မှုများ ပေါ်ပေါက်ခဲ့သည်။ အိန္ဒိယနိုင်ငံတွင် မေ ၂၃ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၃၂၇၃၀ ရှိပြီး သေဆုံးသူ ၂၂၆၃ ဦးရှိသည်။ အဆိုပါအရေအတွက်မှာ ကူးစက်မှုနှင့် သေဆုံးမှုနှုန်းတွင် အမြင့်ဆုံးဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၃ ရက်တွင် ပြောသည်။

## ဆိုင်းငံ့ထား

ယခင်ကလည်း မော်ရိုကိုနိုင်ငံသည် နိုင်ငံပေါင်း ၅၀ ကျော်သို့ လေယာဉ်ခရီးစဉ်များ ဆိုင်းငံ့ထားခဲ့သည်။ မေ ၂၃ ရက်အထိ မော်ရိုကို၌ ကူးစက်ခံရသူ၅၁၈၅၃၀ ရှိပြီး သေဆုံးသူ ၈၉၈၃ ဦးရှိသည်ဟု သိရသည်။



## ကာကွယ်ဆေးထိုးနှံ

ကာကွယ်ဆေး ပထမအကျော့ထိုးပြီးသူ အရေအတွက်မှာ ၄၇၁၇၅၅၁ ဦးရှိပြီးနှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၄၂၀၉၄၇၀ ရှိသည်ဟုသိရသည်။

မော်ရိုကိုနိုင်ငံတွင် ဇန်နဝါရီ ၂၈ ရက်မှစတင်ကာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှု စတင်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈ ဦး တွေ့ရှိ

## COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂၇၁၂ ဦးရှိ

### (၂၄-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၃-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၀၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၆၆,၀၆၄) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၇၁၂) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၃၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက်–

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၂၄-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၇၃၅၇၀၄ | ၂၅၂၉၆၀၄၇ | ၅၈၅၀၇၅ |
| ၂။ | အိန္ဒိယ | ၁၆၆၁၀၄၈၁ | ၁၃၈၆၇၉၉၇ | ၁၈၉၅၄၉ |
| ၃။ | ဘရာဇီး | ၁၄၂၃၈၁၁၀ | ၁၂၇၁၁၀၀၃ | ၃၈၆၆၂၃ |
| ၄။ | ပြင်သစ် | ၅၄၄၀၉၄၆ | ၄၂၇၅၉၅၀ | ၁၀၂၄၉၆ |
| ၅။ | ရုရှား | ၄၇၅၃၇၈၉ | ၄၃၈၀၄၆၈ | ၁၀၇၉၀၀ |
| ၆။ | တူရကီ | ၄၅၅၀၈၂၀ | ၃၉၇၀၁၁၁ | ၃၇၆၇၂ |
| ၇။ | ဗြိတိန် | ၄၄၀၁၁၀၉ | ၄၁၇၇၃၇၅ | ၁၂၇၃၈၅ |
| ၈။ | အီတလီ | ၃၉၁၅၇၀၃ | ၃၃၅၁၄၆၁ | ၁၁၈၆၉၉ |
| ၉။ | စပိန် | ၃၄၆၈၆၁၇ | ၃၁၆၃၈၄၉ | ၇၇၅၉၁ |
| ၁၀။ | ဂျာမနီ | ၃၂၆၁၇၆၄ | ၂၈၈၂၃၀၀ | ၈၁၉၃၆ |




## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၄ – ၄ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၃၆၇၉၂ | ၁၄၉၂၃၂၂ | ၄၄၅၀၀ |
| ဖိလစ်ပိုင် | ၉၈၉၃၈၀ | ၈၈၃၂၂၁ | ၁၆၆၇၄ |
| မလေးရှား | ၃၉၀၂၅၂ | ၃၆၅၉၀၀ | ၁၄၂၆ |
| မြန်မာ | ၁၄၂၇၁၂ | ၁၃၁၉၃၀ | ၃၂၀၆ |
| စင်ကာပူ | ၆၀၉၆၆ | ၆၀၆၁၃ | ၃၀ |
| ထိုင်း | ၅၃၀၂၂ | ၃၀၅၆၆ | ၁၂၉ |
| ကမ္ဘောဒီးယား | ၈၈၄၈ | ၃၁၄၈ | ၆၁ |
| ဗီယက်နမ် | ၂၈၃၃ | ၂၄၉၀ | ၃၅ |
| ဘရူနိုင်း | ၂၄၇ | ၄၉ | ၀ |
| လာအို | ၂၂၃ | ၂၁၀ | ၃ |

## ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ်–၀၆၇–၃၄၁၁၁၄၅/ ၀၆၇–၃၄၁၁၆၁၃၆– လိုင်းခွဲ/ ၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website: https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ရုရှားနိုင်ငံနာမည်ကြီးသတင်းဌာနတစ်ခုဖြစ်သော RIA News သတင်းဌာနပိုင် အင်တာနက်စာမျက်နှာတွင် "မြန်မာဟာ ဒုတိယဆီးရီးယား လုံးဝဖြစ်လာမှာ မဟုတ်ဘူး – ဗိုလ်ချုပ်ဇော်မင်းထွန်း" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသော အင်တာဗျူး အမေးအဖြေဆောင်းပါး

*ယမန်နေ့မှအဆက်*

**မေး။ ။ တစ်ပတ်တစ်ခါ မြန်မာနိုင်ငံအတွင်းမှာ သေဆုံးသူအရေအတွက်တွေကို ကိန်းဂဏန်းအမျိုးမျိုး ဖော်ပြရေးသားနေကြပါတယ်။ နောက်ဆုံးရရှိတဲ့ အရေအတွက်အရဆိုရင် ၇၄၁ ဦးဖြစ်ပြီး ကလေးသူငယ် ၅၂ ဦး ပါဝင်တယ်လို့ ကြားသိရပါတယ်။ ဒီကိန်းဂဏန်းတွေနဲ့ ပတ်သက်ပြီး ဘယ်လိုများမှတ်ချက်ပေးလိုပါသလဲ။ အစိုးရတာဝန်ရှိသူ တစ်ဦးအနေနဲ့ ဒီလိုကိန်းဂဏန်းတွေကို လက်ခံနိုင်ပါသလား။**

ဖြေ။ ။ ဆန္ဒပြသူတွေအနေနဲ့ အကြမ်းဖက်သောင်းကျန်းမှုအဆင့်သို့ ကူးပြောင်းလာပြီးနောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာလည်း မိမိကိုယ်ကို ခုခံကာကွယ်ဖို့နဲ့ အများပြည်သူကိုကာကွယ်ဖို့ ဒီအကြမ်းဖက်ဆူပူမှုတွေကို ဖြိုခွင်းရာမှာ လက်နက်တွေကို မဖြစ်မနေ အသုံးပြုလာခဲ့ရပါတယ်။ ဒီအတွက်ကြောင့်လည်း သေကျေဆုံးရှုံးမှုတွေ ရှိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ တရားဝင်သေဆုံးသူ အရေအတွက်ကို ထုတ်ဖော်ပြောကြားပေးပါ့မယ်။ ယနေ့အထိ သေဆုံးခဲ့ရသူ စုစုပေါင်း ၂၅၈ ဦး ရှိပြီဖြစ်ပါတယ်။ ၎င်းတို့အနက်မှ ၂၄၀ ဟာ ကိုယ်စီလက်နက်စွဲကိုင်တိုက်ခိုက်လာခဲ့တဲ့အတွက် တန်ပြန်ပစ်ခတ်ဖြိုခွင်းရာမှာ သေဆုံးခဲ့ရသူများဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ တခြားဘယ်သူမှ ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ နှုတ်ပိတ်နေကြတဲ့ ကိန်းဂဏန်းတွေကိုလည်း တစ်ဆက်တည်း ထုတ်ဖော်ပြောကြားလိုပါတယ်။ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၁၅ ရက်နေ့အတွင်း ရဲစခန်း ၆၃ ခု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ၆၂ ရုံး၊ ရုံးဌာန ၅၂ ရုံး၊ လမ်းတံတား ၁၆ ခု၊ ဘဏ် ၁၃ ခု၊ စာသင်ကျောင်းနဲ့ အခြားအဆောက်အဦနေရာ ၁၀၅ ခုကို ဆန္ဒပြအကြမ်းဖက်သောင်းကျန်းသူများက တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါတယ်။ ၎င်းတို့အနေနဲ့ မီးပုလင်းတွေ၊ လက်လုပ်



ဗုံးတွေ၊ လက်လုပ်မိုင်းတွေကို အသုံးပြုခဲ့ကြပါတယ်။ စက်ရုံ ၁၃ ခုကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။ ဒီလူတွေက လူလည်းသတ်ပါတယ်။ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၁၅ ရက်နေ့အထိ အပြစ်မဲ့ပြည်သူ ၁၇ ဦး သတ်ဖြတ်ခံခဲ့ရပြီး အယောက် ၃၀ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပါတယ်။ အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ကြည့်မယ်ဆိုရင် တပ်မတော်သား ၇ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၇ ဦး သတ်ဖြတ်ခံခဲ့ရပါတယ်။ တပ်မတော်သား ၄၅ ဦးနဲ့ ရဲတပ်ဖွဲ့ဝင် ၂၅၃ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြပါတယ်။

**မေး။ ။ ဒီအကြမ်းဖက် ဆန္ဒပြသူတွေက လက်နက်တွေ ဒီလောက်အများအပြား ဘယ်ကနေ ရပါသလဲ။**

ဖြေ။ ။ လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းတွေအနေနဲ့ကတော့ အနောက်နိုင်ငံတွေရဲ့ ကူညီထောက်ပံ့မှုတွေကို ရယူနေတာကြာပြီဖြစ်ပါတယ်။ ဒီနယ်စပ်ကို တရားမဝင်ဖြတ်ကျော်ပြီး တောလမ်းတွေကနေတစ်ဆင့် ရယူကြတာဖြစ်ပါတယ်။ သူတို့တွေကတော့ လက်နက်ကိုင်တပ်ဖွဲ့တွေ ရှိပြီးဖြစ်ပါတယ်။ သူတို့တွေဆီကနေတစ်ဆင့် တချို့သောလက်နက်တွေက အကြမ်းဖက်ဆန္ဒပြသူတွေက ရယူကြပါတယ်။ ကျန်တဲ့ လက်လုပ်ဗုံးတွေ၊ လက်လုပ်သေနတ်တွေ ပြုလုပ်နည်းတွေကတော့ အင်တာနက်ပေါ်မှာ ရှိနေတာဖြစ်တဲ့အတွက် ဒီကနေကြည့်ပြီး လုပ်ကြတာပဲဖြစ်ပါတယ်။ တကယ်မေးခွန်းထုတ်ရမှာက ဒီလို

> ❑ **ကျွန်တော်တစ်ခု ထပ်ပြောချင်တာက ကျွန်တော်တို့ နိုင်ငံအတွင်းမှာ စစ်အာဏာသိမ်းမှုဆိုတာမဖြစ်ခဲ့။ နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းပဲ အကုန်လုံးကို တရားနည်းလမ်းနဲ့ ဆောင်ရွက်နေတာဖြစ်။ ကျွန်တော်တို့အနေနဲ့ အရေးပေါ်အခြေအနေကြေညာခဲ့။ ဒီလိုအရေးပေါ်အခြေအနေ ကြေညာခြင်းနဲ့ ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေဟာလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ရေးသားဖော်ပြထားပြီးသားပဲဖြစ်။ နိုင်ငံကို အရေးပေါ်အခြေအနေကာလအားဖြင့် ၁ နှစ် ကြေညာထား။ လိုအပ်ချက်အရ ၂ နှစ်အထိ သက်တမ်းတိုးမြှင့်ကြေညာနိုင်။ ဒါကြောင့်ပဲ ကျွန်တော်တို့အနေနဲ့ ၂ နှစ်တာကာလအတွင်းမှာ တရားမျှတသောရွေးကောက်ပွဲအသစ် ပြန်လည်ကျင်းပပေးမယ်ဆိုတဲ့အကြောင်းကို ကမ္ဘာကို တရားဝင်ထုတ်ဖော် ပြောကြားထားပြီးလည်းဖြစ်။**



လက်နက်တွေရယူဖို့၊ ပြုလုပ်ဖို့ လိုအပ်တဲ့ ပိုက်ဆံတွေကို ဘယ်ကရသလဲဆိုတာပဲ ဖြစ်ပါတယ်။ ဒီပိုက်ဆံတွေကတော့ Soros Foundation ကနေတစ်ဆင့် ရရှိခဲ့ကြတာဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းပိုင်နိုင်ငံခြားငွေအများအပြားဟာ ကျွန်တော်တို့ နိုင်ငံထဲက ဘဏ်တွေမှာ လူမှုကူညီရေးခေါင်းစဉ်နဲ့ ရောက်ရှိနေတာတွေရှိပါတယ်။ စိတ်ဝင်စားဖို့ကောင်းတဲ့အချက်က ဖေဖော်ဝါရီလဆန်းပိုင်းမှာ တစ်စုံတစ်ဦးက ဒီဘဏ်ထဲမှာရှိနေတဲ့ ငွေပမာဏအများအပြားကို ထုတ်ယူသွားတာပဲ ဖြစ်ပါတယ်။ ဘယ်ရည်ရွယ်ချက်နဲ့ ထုတ်ယူတယ်ဆိုတာ မသိရပါဘူး။ ဒီငွေတွေ ဘယ်ရောက်နေလဲ မသိရပါဘူး။

ကျွန်တော်တို့ရဲ့ လေ့လာသုံးသပ်ချက်တွေအရတော့ ဒီငွေတွေနဲ့ပဲ အကြမ်းဖက်သူတွေအနေနဲ့ လက်နက်တွေ၊ ဖောက်ခွဲရေးပစ္စည်းတွေ ဝယ်ယူခဲ့ကြတာ ဖြစ်နိုင်ပါတယ်။ ဒီဘဏ်စာရင်းထဲမှာရှိနေတာ အမေရိကန်ဒေါ်လာ ၅ သန်းပါ။ ဒီအထဲက ၁ ဒသမ ၅ သန်းခန့်ကို ဖေဖော်ဝါရီလ ၈ ရက်နေ့က ဒီ Foundation ရဲ့ ဌာနေကိုယ်စားလှယ်တစ်ဦးက မြန်မာကျပ်ငွေဖြင့် ထုတ်ယူသွားခဲ့ပါတယ်။ ဒီငွေသားပမာဏဟာ လွန်စွာကြီးမားတဲ့ ပမာဏတစ်ခုဖြစ်ပါတယ်။ ကျန်တဲ့ ၃ ဒသမ ၅ သန်းကျော်ကတော့ဘဏ်စာရင်းထဲမှာ ဆက်လက်ရှိနေပြီးတော့ မိမိတို့အနေနဲ့ ထိန်းချုပ်ထားနိုင်ပြီးဖြစ်ပါတယ်။ သို့ပေမယ့်လည်း ၁ ဒသမ ၅ သန်းကတော့ ထုတ်ယူသွားနိုင်ခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့သိတဲ့ အရင်းအမြစ်တစ်ခုပဲ ရှိပါသေးတယ်။ တခြားအရင်းအမြစ်တွေလည်း ရှိနေနိုင်ပါသေးတယ်။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာပဲ ဖြစ်နိုင်သလို အိမ်နီးနားချင်းနိုင်ငံတွေကနေတစ်ဆင့် ထောက်ပံ့နေတာလည်း ဖြစ်နိုင်ပါတယ်။

**မေး။ ။ ဗိုလ်ချုပ်ရဲ့ အမြင်အရဆိုရင် ဒီဆန္ဒပြမှုတွေဟာ ဘယ်လောက်ထိ ကြာမြင့်ဦးမယ်လို့ ထင်ပါသလဲ။ အရေးပေါ်အခြေအနေ သတ်မှတ်ချက်ကရော ဘယ်အချိန်ထိ ဖြစ်နိုင်ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တစ်ခု ထပ်ပြောချင်တာက ကျွန်တော်တို့ နိုင်ငံအတွင်းမှာ စစ်အာဏာသိမ်းမှုဆိုတာ မဖြစ်ခဲ့ပါဘူး။ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းပဲ အကုန်လုံးကို တရားနည်းလမ်းနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အရေးပေါ်အခြေအနေ ကြေညာခဲ့ပါတယ်။ ဒီလိုအရေးပေါ်အခြေအနေ ကြေညာခြင်းနဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေဟာလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ရေးသားဖော်ပြထားပြီးသားပဲ ဖြစ်ပါတယ်။ နိုင်ငံကို အရေးပေါ် အခြေအနေကာလအားဖြင့် ၁ နှစ် ကြေညာထားပါတယ်။ လိုအပ်ချက်အရ ၂ နှစ်အထိ သက်တမ်းတိုးမြှင့်ကြေညာနိုင်ပါတယ်။ ဒါကြောင့်ပဲ ကျွန်တော်တို့အနေနဲ့ ၂ နှစ်တာကာလအတွင်းမှာ တရားမျှတသောရွေးကောက်ပွဲအသစ် ပြန်လည်ကျင်းပပေးမယ်ဆိုတဲ့အကြောင်းကို ကမ္ဘာကို တရားဝင်ထုတ်ဖော်ပြောကြားထားပြီးလည်း ဖြစ်ပါတယ်။

**မေး။ ။ ဒီရွေးကောက်ပွဲမှာ ဘယ်သူတွေဝင်ရောက်ပါဝင်ယှဉ်ပြိုင်နိုင်ပါသလဲ။**

ဖြေ။ ။ ယနေ့အချိန်ထိ ကျွန်တော်တို့နိုင်ငံမှာ ရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်နိုင်တဲ့ နိုင်ငံရေးပါတီပေါင်း ၉၃ ပါတီ တရားဝင်မှတ်ပုံတင်ထားပါတယ်။ အနောက်နိုင်ငံတွေ ပြောနေသလိုဆိုရင် ကျွန်တော်တို့နိုင်ငံမှာက နိုင်ငံရေးပါတီ ၂ ခုတည်းရှိသလိုတောင် ဖြစ်နေပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတို့ကိုပဲ လူသိများကြပါတယ်။ တကယ်သာ ပြည်သူတစ်ရပ်လုံး တိုင်းရင်းသားလူမျိုးစုအားလုံးအနေနဲ့ ဒီပါတီတွေကိုပဲ ထောက်ခံအားပေးနေတာမှန်တယ်ဆိုရင် တခြားသော နိုင်ငံရေးပါတီတွေ ပေါ်ပေါက်လာစရာအကြောင်း မရှိပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိ တရားဝင်နိုင်ငံရေးပါတီပေါင်း ၉၃ ပါတီရှိပါတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလရွေးကောက်ပွဲမှာ ဒီ ၉၃ ပါတီထဲက နိုင်ငံရေးပါတီပေါင်း ၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ကမ္ဘာမှာ တရားဝင်နိုင်ငံရေးပါတီ ၁၀၀ ခန့်ရှိတဲ့ နိုင်ငံဆိုတာ အတော်ရှားပါတယ်။

ကျွန်တော်တို့အကြောင်းကို စစ်အာဏာသိမ်းလိုက်တယ်ပဲ ပြောနေကြပါတယ်။ ယနေ့ထိ အဲ့ဒီ နိုင်ငံရေးပါတီ ၉၃ ခုလုံး ရပ်တည်နေပါတယ်။ ရှင်သန်နေပါတယ်။ ဆက်လက်ရှိနေဦးမှာပါ။ ဒီအခြေအနေကိုမှ ပါတီစုံဒီမိုကရေစီစနစ်လို့ မခေါ်ရင် ဘယ်အရာကို ခေါ်ချင်ပါသလဲ။ ကျွန်တော်တို့ဆီမှာ တကယ်ပါတီတွေ စုံလင်စွာရှိပါတယ်။ ဒီအရာသည်ပင်လျှင် တပ်မတော်အနေနဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လမ်းနေတယ်ဆိုတာရဲ့ လက်တွေ့သက်သေပြချက်ပဲ ဖြစ်ပါတယ်။ မေးသွားတဲ့မေးခွန်းကို ဖြေကြားရမယ်ဆိုရင်တော့ ဒီ ၉၃ ခုသော ပါတီတွေထဲက တရားဥပဒေ စည်းမျဉ်းစည်းကမ်းများအတိုင်း တရားဝင်မှတ်ပုံတင်ထားပြီး ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများသည် ပြဋ္ဌာန်းဥပဒေများနဲ့ ဆန့်ကျင်မှုမရှိပါက မည်သည့်ပါတီမဆို လာမယ့်ရွေးကောက်ပွဲအသစ်မှာ ပါဝင်ယှဉ်ပြိုင်နိုင်မှာပဲ ဖြစ်ပါတယ်။

**မေး။ ။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်လည်း ဒီအတိုင်းဆို ပါဝင်လာနိုင်တယ်လို့ နားလည်ပါတယ်။ ဟုတ်ပါသလား။**

ဖြေ။ ။ ကျွန်တော် ဖြေကြားခဲ့သလိုပါပဲ။ သက်ဆိုင်ရာနိုင်ငံရေးပါတီရဲ့ လုပ်ကိုင်ဆောင်ရွက်နေမှုတွေဟာ တည်ဆဲတရားဥပဒေတွေနဲ့ ကိုက်ညီနေမယ်ဆိုရင် ပါဝင်နိုင်ပါတယ်။

*စာမျက်နှာ ၁၈ သို့*

# စိတ်ကူးယဉ်တော်လှန်ရေးသမား (သို့မဟုတ်) ဦးနှောက်မဲ့လူသားများ

မောင်မိုးမြင့်

" အကြိုက်အညီ၊ မတူသည်ကို
မကြည်မသာ၊ ရန်မာန်ရှာ၍
ငါနှင့်မတူ၊ ငါ့ရန်သူဟု
မှတ်ယူငြင်ငြို၊ အမျက်သိုက
ထိုသူကျဆုံး ရမည်တကား"
(မင်းယုဝေ)

အခုတလော မြင်တွေ့ကြားသိရသမျှတွေထဲမှာ ရင်ဘတ်ကြီး စည်တီးပြီး ငိုချပစ်ချင်လောက်အောင် ဝမ်းနည်းစိတ်ပျက်ခဲ့ရတာတွေ များလွန်းလှပါတယ်။ တစ်နည်းအားဖြင့် လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော်က စစ်အေးတိုက်ပွဲ ခလေ့စရိုက်တွေလို မိမိနဲ့ ဆန့်ကျင်ဘက်မှန်သမျှကို ရန်လိုမုန်းပွား တိုက်ခိုက်လိုစိတ်တွေ၊ သူ့ရဲကောင်းယောင်ယောင်၊ ကယ်တင်ရှင်ယောင်ယောင်နဲ့ လက်ရှိအစိုးရကို တော်လှန်တိုက်ခိုက်မယ်ဆိုတဲ့ စိတ်ကူးယဉ်မှုတွေ၊ ရုပ်ရှင်ထဲ ဂိမ်းတွေထဲကလို တောထဲတောင်ထဲသွားပြီး လက်နက်စွဲကိုင်တော်လှန်လိုစိတ်တွေ၊ ပြည်ပနိုင်ငံကြီးတွေက လေယာဉ်ကြီးတွေ၊ သင်္ဘောကြီးတွေနဲ့ဝင်လာပြီး ကယ်တင်ပေးတော့မယ်ဆိုတဲ့ အသိမဲ့မျှော်လင့်ချက်ကြီးတွေနဲ့ လုပ်နေပြောနေကြတာတွေအပေါ် အမှန်ပင်စိတ်ပျက်ရပါတယ်။

တကယ်တော့ ယခုတွေ့မြင်ခံစားနေရတာတွေဟာ ကျွန်တော်တို့နိုင်ငံအတွက်တော့ ပထမဆုံး ကြုံတွေ့ကြရတာ မဟုတ်ပါဘူး။ စစ်ပြီးခေတ် မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက် ရင်မော၊ စိတ်ပျက်ဖွယ် အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရတဲ့ ဇာတ်ထုပ်ကြီးတွေပါပဲ။ ကွန်မြူနစ်၊ ဆိုရှယ်လစ်လှိုင်းလုံးကြီးတွေ၊ ဒီမိုကရေစီလှိုင်းလုံးကြီးတွေကြားမှာ ကိုယ်ကျိုးရှာနိုင်ငံရေးသမားများ ရေးသားဖော်စပ်ခဲ့ကြတဲ့ နိုင်ငံရေးကြမ္မာရိုင်းတွေပဲ ဖြစ်ပါတယ်။

ပြန်ကြည့်ရင် ၁၉၄၈ ခုနှစ်နောက်ပိုင်း ကွန်မြူနစ်တွေဟာ တိုင်းပြည်ကို တော်လှန်တိုက်ခိုက်တဲ့နည်းလမ်းကို ရွေးချယ်ပြီး ပြည်တွင်းစစ်ကြီး ဖန်တီးခဲ့ကြပါတယ်။ အဲဒီအချိန်ကစပြီး လက်နက်ကိုင် ရောင်စုံသူပုန်အမျိုးမျိုးဟာ အဖွဲ့အစည်းအမျိုးမျိုး အမည်ခံပြီး ရည်ရွယ်ချက်မျိုးစုံနဲ့ ပုန်ကန်ခဲ့ကြပါတယ်။ ၁၉၈၈ ခုနှစ်မှာတော့ ဒီမိုကရေစီရေး တောင်းဆိုမှုများအသွင်နဲ့ ပြည်တွင်းပြည်ပ ပယောဂမျိုးစုံရဲ့ သွေးထိုးလှုံ့ဆော်ခဲ့ကြလို့ ဆန္ဒပြမှုတွေ၊ တောင်းဆိုမှုတွေ၊ ထိပ်တိုက်ရင်ဆိုင်မှုတွေနဲ့ မင်းမဲ့စရိုက်တွေ ပေါ်ပေါက်ခဲ့ပြီး လူလူချင်း ခေါင်းဖြတ်သတ်တဲ့အထိ အကြမ်းဖက်မှု အထွတ်အထိပ် ရောက်ခဲ့ကြပါတယ်။ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်အချို့ဟာ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို ရွေးချယ်ပြီး တောတွင်းလက်နက်ကိုင်အဖွဲ့တွေနဲ့ ပူးပေါင်းခဲ့ကြပါတယ်။ ဒါပေမယ့် "မှန်းချက်နဲ့ နှမ်းထွက်" မကိုက်ဘဲ ဘဝတွေ အသက်တွေသာ ရင်းနှီးပေးဆပ်ခဲ့ကြရပုံတွေကို ယခုအချိန်အထိ မျက်စိထဲ နားထဲမှာ မြင်ဆဲကြားဆဲရှိနေတုန်းပါပဲ။

ယခုတစ်ဖန်လာကြပြန်ပြီ။ NLD ပါတီရဲ့ အစွန်းရောက်ပါတီဝင်တွေ၊ ၈၈ မျိုးဆက်အမည်ခံ စိတ်ကူးယဉ်တော်လှန်ရေးသမားတွေ၊ ကိုယ်ကျိုးစီးပွားရှာဖွေနေသူတွေဟာ တိုင်းပြည်ရဲ့ အဖြစ်သနစ်တွေကို ဇာတ်နာအောင်ပြော၊ စိတ်ကူးယဉ် အိပ်မက်လှလှတွေကိုဖန်တီး၊ ချော့လုံးခြောက်လုံး မြှောက်လုံးတွေနဲ့ လူငယ်တွေကို တောထဲအတင်းပို့ပြီး စိတ်ကူးယဉ်တော်လှန်ရေးသမားတွေဖြစ်အောင်၊ ဦးနှောက်မဲ့လူသားတွေဖြစ်အောင် တွန်းပို့နေကြပြန်လေပြီ။ ဒါတွေကို မြင်ရ တွေ့ရ ကြားရလေတော့ ကျွန်တော်တို့ ဖြတ်သန်းခဲ့ကြရတဲ့ ၁၉၈၈ ခုနှစ် အရေးအခင်းကာလ မြန်မာ့နိုင်ငံရေးခရီးရဲ့ ရင်နင့်စရာ အဖြစ်သနစ်များကို ပြန်လည်ပြောဆိုတင်ပြချင်စိတ်တွေ တဖွားဖွား ပေါ်လာခဲ့ပါတယ်။

## ၈၈ ခုနှစ်မှာ ဘာတွေဖြစ်ခဲ့လဲ

အားလုံးသိကြတဲ့အတိုင်း ၁၉၈၈ ခုနှစ် နိုင်ငံရေးဇာတ်လမ်းအစဟာ အရပ်သားအချို့နဲ့ ကျောင်းသားအချို့ ခိုက်ရန်ဖြစ်ပွားတာက အစပြုခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ ပြည်တွင်း ပြည်ပ ပယောဂမျိုးစုံရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ပြည်သူတွေဟာ လမ်းတွေပေါ်ထွက်ပြီး ဆန္ဒတွေပြကြ၊ တောင်းဆိုမှုတွေလုပ်ကြနဲ့ ကမ္ဘာကျော်ခဲ့တဲ့အထိ ဖြစ်ခဲ့ရပါတယ်။ နောက်ဆုံးမှာ အာဏာကို ဖြတ်လမ်းက ရယူလိုတဲ့ မြေပေါ်မြေအောက် လက်ဝဲ/လက်ယာအခွင့်အရေးသမားတွေနဲ့ အချောင်သမားတွေက "တောမီးလောင် တောကြောင်လက်ခမောင်းခတ်"ဆိုတဲ့ စကားအတိုင်း ဆန္ဒပြမှုတွေကို အရှိန်မြှင့်တင်ပြီး နိုင်ငံတော်အစိုးရကို နည်းအမျိုးမျိုးနဲ့ အကျပ်ကိုင်တောင်းဆိုမှုတွေ ပြုလုပ်ခဲ့ကြတာတွေကို ကျွန်တော်တို့ နားမျက်စိနဲ့ တွေ့မြင်ကြားသိခဲ့ရပါတယ်။

အဲဒီအဖြစ်တွေကြောင့် တပ်မတော်က နိုင်ငံတော်ရဲ့ အာဏာအရပ်ရပ်ကို ရယူလိုက်ရသလို မသမာသူတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ကျောင်းသားလူငယ်တွေဟာ နယ်စပ်ဒေသတွေမှာရှိတဲ့ သောင်းကျန်းသူအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး တော်လှန်ရေးအိပ်မက်တွေ မက်ခဲ့ကြပါတယ်။ သောင်းကျန်းသူအဖွဲ့အစည်းတွေဟာ သူတို့အိပ်မက်ထဲကလိုမဟုတ်ဘဲ နိုင်ထက်စီးနင်းပြုမှု စော်ကားတာတွေ၊ ဗိုလ်ကျအနိုင်ကျင့်ရက်စက်ခဲ့တာတွေကြောင့် ကျောင်းသားလူငယ်ဘဝပေါင်းများစွာ ပျက်ခဲ့ကြရတယ်ဆိုတာ အဲဒီခေတ်ကို ဖြတ်သန်းခဲ့ကြသူတိုင်း သိခဲ့ကြပါတယ်။

◆ **သူတို့အားလုံးဟာ ရှစ်လေးလုံးအရေးအခင်းကို အလုံးစုံမသိရှိတဲ့အတွက် နိုင်ငံရေးတောကြောင်များရဲ့ ချော့လုံး၊ ခြောက်လုံးများကြားမှာ မြန်မာ့နိုင်ငံရေးကို စိတ်ကူးယဉ်ခဲ့ကြပါတယ်။ တစ်နည်းအားဖြင့် မိမိတို့ရှေ့မှ Y- မျိုးဆက်များခေတ်တွင် လက်နက်ကိုင်တော်လှန်မှု၊ အကြမ်းဖက်ဆန့်ကျင်မှုများကြောင့် ဘဝပေါင်းများစွာ ပျက်သုဉ်းခဲ့ကြရပြီး အမှန်တကယ် အလုပ်မဖြစ်ခဲ့ကြသည်ကို မသိခဲ့ကြတဲ့အတွက် လက်ရှိအစိုးရကို အိုင်ဒီယာအလွဲများနဲ့ တော်လှန်ပုန်ကန်လိုစိတ်တွေ ပြင်းထန်နေကြတယ်လို့ ဆိုရပါမယ်။ အချို့က ရုပ်ရှင်ဇာတ်လမ်းတွေထဲကလို တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဆက်သွယ်ပြီး စိတ်ကူးယဉ်တော်လှန်ဖို့ ကြိုးစားနေကြပါတယ်။ အချို့ကတော့ ပြည်ပနိုင်ငံတွေက တပ်တွေ၊ လက်နက်တွေကို အထင်ကြီးအားကိုးပြီး အသိမဲ့မျှော်လင့်ချက်တွေထားရှိနေကြပါတယ်။**

ပြောရရင် အဲဒီအချိန်တုန်းက တပ်မတော်အစိုးရရဲ့ ကျောင်းသားလူငယ်တွေအပေါ်ထားရှိတဲ့ သဘောထားအမှန်ဖော်ပြတဲ့ စာရွက်တွေကို တောတွင်းရောက် ကျောင်းသားလူငယ်တွေသိအောင် လေကြောင်း၊ ကုန်းကြောင်းကတစ်ဆင့် ဖြန့်ကြဲပေးခဲ့တာတွေ၊ မိဘရပ်ထံသို့ ဘေးကင်းစွာ ပြန်လည်ဝင်ရောက်နိုင်ဖို့ ကြိုဆိုရေးစခန်း ၂၇ ခု ဖွင့်လှစ်ပေးခဲ့တာတွေ၊ ကျောင်းသားလူငယ် ၃၈၅၉ ဦးဟာ မိဘရပ်ထံ ပြန်လာနိုင်ခဲ့ကြပြီး အချို့ကျောင်းသားလူငယ်တွေကို သောင်းကျန်းသူများက ရုန်းထွက်လို့မရအောင် ပိတ်ဆို့တားဆီးထားလို့ လက်နက်ကိုင်သောင်းကျန်းသူဘဝနဲ့ ကျန်ရစ်ခဲ့ကြပုံတွေကို ရုပ်မြင်သံကြားသတင်းတွေ၊ ရေဒီယိုသတင်းတွေနဲ့ သတင်းစာတွေမှာ ရင်နင့်စရာကောင်းလောက်အောင် ဖတ်ရှုနားထောင်ခဲ့ကြရပါတယ်။ ဒါတွေကို ပြန်ကြည့်ရင် ကျွန်တော်တို့ မြန်မာ့နိုင်ငံရေးခရီးလမ်းဟာ အိုင်ဒီယာဆိုးတွေကြောင့် လက်နက်ကိုင် ဆန့်ကျင်တော်လှန်မယ်ဆိုတဲ့ ရယ်ဒီကယ်ထောင်ချောက်ထဲမှာ ရုန်းမထွက်နိုင်ဘဲ တဝဲလည်လည်ဖြစ်ခဲ့ရပါတယ်။ သိမ်သိမ်မွေ့မွေ့ညင်ညင်သာသာ ဆွေးနွေးညှိနှိုင်းအဖြေရှာကြရမယ့်အစား မိမိကိုယ်ကို သူရဲကောင်းသဖွယ် မျက်နှာဖုံးစွပ်ပြီး အတ္တကြီးမားခဲ့မှုများကြောင့် အမှားကျော့ သံသရာထဲမှာ ယခုအချိန်ထိ နစ်မြုပ်နေခဲ့ရပါတယ်။

## ယနေ့တော်လှန်ရေးသမားဆိုတာဘာလဲ

ယနေ့နိုင်ငံရေးသမားများရဲ့ လက်သုံးတော်စကားလုံးဟာ Generation-z ပဲဖြစ်ပါတယ်။ စစ်ပြီးခေတ် ပေါ်ထွက်ခဲ့တဲ့ မျိုးဆက်များအနက် z- မျိုးဆက်ဟာ ၁၉၉၇ ခုနှစ်မှ ၂၀၁၂/၂၀၁၅ အတွင်း မွေးဖွားလာကြသူတွေဖြစ်တဲ့အတွက် သူတို့ရဲ့ တိမ်းညွှတ်မှုဟာ နည်းပညာတွေ၊ စမတ်ဖုန်းတွေ၊ ဂိမ်းတွေအပေါ်မှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရှစ်လေးလုံးအလွန်မှ လူဖြစ်ကြီးပြင်းလာတဲ့ မျိုးဆက်ဖြစ်ပြီး နိုင်ငံရေးနဲ့ အနည်းငယ်ကင်းဝေးတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ သို့သော် ဟောင်ကောင်နဲ့ ထိုင်းနိုင်ငံတို့မှာ ဖြစ်ပွားခဲ့တဲ့ နိုင်ငံရေးအရေးအခင်းတွေကြောင့် သူတို့ရဲ့ နိုင်ငံရေးအငုံ့စိတ်တွေ နိုးထလာခြင်းဖြစ်ပါတယ်။

သူတို့အားလုံးဟာ ရှစ်လေးလုံးအရေးအခင်းကို အလုံးစုံမသိရှိတဲ့အတွက် နိုင်ငံရေးတောကြောင်များရဲ့ ချော့လုံး၊ ခြောက်လုံးများကြားမှာ မြန်မာ့နိုင်ငံရေးကို စိတ်ကူးယဉ်ခဲ့ကြပါတယ်။ တစ်နည်းအားဖြင့် မိမိတို့ရှေ့မှ Y- မျိုးဆက်များခေတ်တွင် လက်နက်ကိုင်တော်လှန်မှု၊ အကြမ်းဖက်ဆန့်ကျင်မှုများကြောင့် ဘဝပေါင်းများစွာ ပျက်သုဉ်းခဲ့ကြရပြီး အမှန်တကယ် အလုပ်မဖြစ်ခဲ့ကြသည်ကို မသိခဲ့ကြတဲ့အတွက် လက်ရှိအစိုးရကို အိုင်ဒီယာအလွဲများနဲ့ တော်လှန်ပုန်ကန်လိုစိတ်တွေ ပြင်းထန်နေကြတယ်လို့ ဆိုရပါမယ်။ အချို့က ရုပ်ရှင်ဇာတ်လမ်းတွေထဲကလို တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဆက်သွယ်ပြီး စိတ်ကူးယဉ်တော်လှန်ဖို့ ကြိုးစားနေကြပါတယ်။ အချို့ကတော့ ပြည်ပနိုင်ငံတွေက တပ်တွေ၊ လက်နက်တွေကို အထင်ကြီးအားကိုးပြီး အသိမဲ့မျှော်လင့်ချက်တွေ ထားရှိနေကြပါတယ်။

တကယ်တော့ z- မျိုးဆက်ဝင်လူငယ်တွေ နားလည်သိမြင်ထားရမယ့် အဓိကအချက်ဟာ မိမိတို့နိုင်ငံဟာ ဘယ်လိုနိုင်ငံရေးစနစ်ကို ကျင့်သုံးနေတယ်။ ဘယ်လိုစိတ်အခံနဲ့ နေထိုင်ပြုကျင့်သင့်တယ်ဆိုတဲ့ အချက်ပါပဲ။

ယနေ့ နိုင်ငံတော်ဟာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းနေတယ်ဆိုတာ သိမြင်ဖို့လိုပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့နိုင်ငံဖြစ်တဲ့အတွက် ဒီမိုကရက်တစ်လေ့ဂျစ်ကို ကျင့်သုံးဖို့လိုပါတယ်။ ဒီမိုကရက်တစ်လေ့ဂျစ်ဆိုတာက မိမိ ဖြစ်ချင်တာတစ်ခုတည်းကိုသာ ပြောဆိုလုပ်ကိုင်ရတာမဟုတ်ဘဲ မိမိဖြစ်ချင်တာရော သူတစ်ပါး ဖြစ်ချင်တာရောကိုပါ ညှိနှိုင်းလက်ခံစဉ်းစားပေးရပါတယ်။ ဒီမိုကရေစီကို လက်ခံရင် မတူကွဲပြားမှုကိုလည်း လက်ခံရပါတယ်။ ပြောတော့ ဒီမိုကရေစီ၊ လုပ်တော့ မင်းမဲ့စရိုက် မဖြစ်စေရပါဘူး။

ကျွန်တော်တို့နိုင်ငံမှာ ၁၉၄၈ ခုနှစ်ကစပြီး လက်နက်ကိုင် တောခိုခဲ့ကြ၊ တော်လှန်ခဲ့ကြပြီး ၁၉၈၈ မှာလည်း Y-မျိုးဆက်တွေ လက်နက်ကိုင်လမ်းစဉ်ကို စိတ်ကူးယဉ်ခဲ့ကြပြီးဖြစ်ပါတယ်။ အဲဒီလို စိတ်ကူးနဲ့တော်လှန်ခဲ့ကြလို့ ဘယ်လိုတွေ ပေးဆပ်ခဲ့ရတယ်၊ ဘယ်လိုရလဒ်တွေ ရခဲ့ကြတယ်ဆိုတာကို သိမီသူတွေကို မေးကြ၊ မြန်းကြ၊ လေ့လာကြ၊ ဖတ်ရှုကြဖို့ တိုက်တွန်းလိုပါတယ်။ ယခုတစ်ခါ z- မျိုးဆက်တွေကပါ လက်နက်ကိုင်လမ်းစဉ် စွဲကိုင်တော်လှန်မယ်ဆိုပါက အမှားတစ်ခုတည်းကို ထပ်ကျော့မှားနေခြင်းသာ ဖြစ်ပါတော့မယ်။ လူတစ်ယောက်ပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ခုပဲဖြစ်ဖြစ် အမှားတစ်ခုတည်းကို

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၆ မှ*

ယနေ့ လတ်တလောအနေအထားမှာတော့ NLD ပါတီအနေနဲ့ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်း မရှိသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ကိုယ်တိုင် တရားဥပဒေနဲ့ငြိစွန်းတဲ့ကိစ္စရပ်တွေကို လုပ်ကိုင်နေကြပြီး တရားဥပဒေဘောင် ပြင်ပရောက်ရှိနေတဲ့အတွက် ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတစ်ခုအတွက် တရားမဝင် စင်ပြိုင်အစိုးရဖွဲ့စည်းတယ်ဆိုတာ ကြီးလေးတဲ့ ပြစ်မှုကြီးတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် အချိန်တွေ ရှိပါသေးတယ်။ အချိန်က စကားပြောသွားပါလိမ့်မယ်။ သူတို့အနေနဲ့ အမြင်မှန်ရလာပြီး တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာမယ်ဆိုရင်တော့ လာမယ့် ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်လို့ရမှာ ဖြစ်ပါတယ်။

**မေး။ ။ နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ဟာ ယနေ့ဆိုရင် နေအိမ်အကျယ်ချုပ်နဲ့ ဖမ်းဆီးထိန်းသိမ်းထားတာ ၃ လ ပြည့်တော့မှာဖြစ်ပါတယ်။ တရားရင်ဆိုင်နေရတယ်လို့လည်း သိရှိရပါတယ်။ သူ့ကို ဘယ်လိုအခြေအနေတွေနဲ့ ဖမ်းဆီးထိန်းသိမ်းထားပါသလဲ။ တကယ်ပဲ သူ့ရဲ့နေအိမ်မှာပဲ ထိန်းသိမ်းထားတာဟုတ်ပါသလား။ သူ့ရဲ့ပုဂ္ဂိုလ်ရေးလိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းပေးပါသလား။ ယခု လက်ရှိဖြစ်ပေါ်နေတဲ့ ဆူပူအကြမ်းဖက်မှုတွေမှာ သူ့အနေနဲ့ ပါဝင်ပတ်သက်နေတယ်လို့ သံသယရှိပါသလား။**

ဖြေ။ ။ ဒေါ်အောင်ဆန်းစုကြည်ကို သူ့ရဲ့နေအိမ်မှာပဲ နေအိမ်အကျယ်ချုပ်နည်းလမ်းအတိုင်း ထိန်းသိမ်းထားတာဖြစ်ပါတယ်။ နေအိမ်အကျယ်ချုပ်ကျခံသူတစ်ဦး ရသင့်ရထိုက်တဲ့ အခွင့်အရေးအားလုံးကို သူ့အနေနဲ့ ရရှိမှာဖြစ်ပါတယ်။ ကျန်းမာရေးလည်း ကောင်းမွန်လျက်ရှိပါတယ်။ ပုဂ္ဂိုလ်ရေးလိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းပေးထားပါတယ်။ ဒီအကြောင်းအရာတွေကိုလည်း သူ့ရဲ့ရှေ့နေနဲ့ Video Call ပြောတဲ့အချိန်မှာ အတည်ပြုထားပြီး ဖြစ်ပါတယ်။ ရှေ့နေကိုယ်တိုင် ဒီအရာအားလုံးကို တွေ့မြင်ခဲ့ရပြီးဖြစ်ပါတယ်။ သူ၏ကျန်းမာရေးကောင်းမွန်ကြောင်းကို အတည်ပြု ပေးနိုင်ပါလိမ့်မယ်။ တရားစွဲဆိုထားမှုနဲ့ ပတ်သက်လို့ကတော့ ယခင်က သိရှိပြီးဖြစ်ကြတဲ့ ပုဒ်မ ၆ ခုပဲ ရှိပါတယ်။ ထပ်မံပြီး သူ့ရဲ့ လာဘ်ပေးလာဘ်ယူမှုတွေနဲ့ ပတ်သက်ပြီးတော့ သက်သေအထောက်အထားခိုင်လုံစွာဖြင့် စစ်ဆေးတွေ့ရှိထားတာတွေရှိပါတယ်။ ပမာဏအားဖြင့် များပါတယ်။ ပေးအပ်သူများကိုယ်တိုင်လည်း သက်သေထွက်ဆိုချက်တွေ ထွက်ဆိုထားပြီးဖြစ်ပါတယ်။ တရားစွဲဆိုတဲ့ အဆင့်အထိတော့ မရောက်သေးပါဘူး။ ဆက်လက်စုံစမ်းစစ်ဆေးဆဲဖြစ်ပါတယ်။ အကြမ်းဖက်မှုတွေနဲ့ ပတ်သက်ပြီး နေအိမ်အကျယ်ချုပ်နဲ့ ထိန်းသိမ်းထားတဲ့အတွက် သူ့အနေနဲ့ တိုက်ရိုက်ဆက်သွယ်ညွှန်ကြားနိုင်ခြင်းတော့ မရှိနိုင်ပါဘူး။ ယခင်က ကြိုတင်စီမံခဲ့တာတွေတော့ ရှိကောင်းရှိနိုင်ပါလိမ့်မယ်။ ဒီလို စီမံခဲ့တာ ရှိ/မရှိဆိုတာကတော့ သက်သေအထောက်အထားရှိမှပဲ ပြောနိုင်မှာဖြစ်ပါတယ်။ သက်သေအထောက်အထားမရှိဘဲနဲ့ ကျွန်တော်တို့အနေနဲ့ တစ်စုံတစ်ရာ စွပ်စွဲအပြစ်တင်သွားမှာ မဟုတ်ပါဘူး။

**မေး။ ။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သူ့ရဲ့ရှေ့နေနဲ့ လူကိုယ်တိုင်တွေ့ဆုံဖို့ တောင်းဆိုထားတယ်လို့ သိရပါတယ်။ ဒီလို အခွင့်အရေးမျိုး သူ့အနေနဲ့ ရနိုင်ပါသလား။**

ဖြေ။ ။ လက်ရှိအခြေအနေမှာတော့ ဒီလိုအခွင့်အရေးမျိုးပေးဖို့ ဆုံးဖြတ်သွားမှာ မဟုတ်သေးပါဘူး။ ဒီလိုမဆုံးဖြတ်ရတဲ့အကြောင်းအရင်းထဲမှာ ကူးစက်ရောဂါကြောင့်လည်း တစ်စိတ်တစ်ပိုင်းပါဝင်ပါတယ်။ လက်ရှိမှာ သူ့ရဲ့ကျန်းမာရေးဟာ ကျွန်တော်တို့ရဲ့ တာဝန်ယူမှုအောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကူးစက်ရောဂါ ရှိ/မရှိ ဆိုတာ အပြည့်အဝအာမခံမပေးနိုင်တဲ့အပြင် လူတွေနဲ့ သူ့ကို တွေ့ဆုံပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အလွန်အန္တရာယ်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ သူ့ကျန်းမာရေးကို အထူးဂရုပြုစောင့်ရှောက်ထားရှိပါတယ်။ နောက်ထပ်အချက်တစ်ချက်ကတော့ ကျွန်တော်တို့ရရှိထားတဲ့ ခိုင်မာတဲ့သတင်းတချို့အရ ဆူပူ ဆန္ဒပြမှုတွေကို ဦးဆောင်လှုပ်ရှားနေတဲ့ ခေါင်းဆောင်အချို့ဟာ သူ့ရဲ့ ရှေ့နေကနေတစ်ဆင့် သူ့ထံဆက်သွယ်ရန် အစီအစဉ်ရှိတယ်ဆိုတဲ့ သတင်းဖြစ်ပါတယ်။ တရားရုံးမှာ တရားရင်ဆိုင်တာနဲ့ ပတ်သက်ပြီး သူ့အနေနဲ့ ကိုယ်တိုင်လာရောက်ဖို့ရော၊ ရှေ့နေအနေနဲ့ နေအိမ်ကို သွားရောက်တွေ့ဆုံဖို့ပါ လိုအပ်ချက်လုံးဝမရှိသေးပါဘူး။ ရှေ့နေအနေနဲ့ ဒီလိုတောင်းဆိုလာတယ်ဆိုတာရဲ့ နောက်ကွယ်မှာ အခြားအကြောင်းအရာတွေ ရှိနေနိုင်ပါတယ်။ သူတို့အနေနဲ့ တရားမဝင်ဆက်သွယ်မှုများ ဆောင်ရွက်ပြီး ညွှန်ကြားချက်တောင်းခံတာမျိုးတွေ ဆောင်ရွက်လာနိုင်ပါတယ်။ ဒါကြောင့် အမျိုးသားလုံခြုံရေးအကြောင်းပြချက်အရ တွေ့ဆုံမှုကို ခွင့်ပြုပေးဖို့ မဖြစ်နိုင်သေးပါဘူး။

*စာမျက်နှာ ၁၇ မှ*

ထပ်ကျော့မှားနေပါက မဖြစ်သင့်မဖြစ်ထိုက်ဟု ဆိုရပါမယ်။ အထူးသဖြင့် ကြီးမားတဲ့ အမှားတစ်ရပ်ကို အကြိမ်ကြိမ်အထပ်ထပ် ကျူးလွန်မိကြလျှင် ကြမ္မာဆိုးတစ်ခုလို၊ ကျိန်စာတစ်ခုလို နောက်ဆက်တွဲဆိုးကျိုးတွေဖြစ်ပေါ်လာနိုင်တာကို သတိပြုကြရပါမယ်။ အိပ်မက်နဲ့ လက်တွေ့ဟာ ကွာခြားတယ်ဆိုတာကို သိမြင်ဖို့လိုပါပြီ။

တကယ်တမ်းပြောရရင် လက်ရှိနိုင်ငံတော်အစိုးရက ဆောင်ရွက်နေတဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ထဲက ဘယ်အချက်ကို သဘောမတူလို့ ဆန့်ကျင်နေကြတာပါလဲ၊ ဘယ်အချက်က ဒီမိုကရေစီလမ်းစဉ်နဲ့ သွေဖည်နေလို့ပါလဲ။ မိမိတို့ယုံကြည်ရာပုဂ္ဂိုလ်၊ ယုံကြည်ရာအဖွဲ့အစည်းကို လွတ်လပ်စွာယုံကြည်လို့ရပါတယ်။ သို့ပေမယ့် လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေနဲ့ သွေဖည်ဆန့်ကျင်ပြီး တော်လှန်ပုန်ကန်တာတွေ၊ အဖျက်လုပ်ရပ်တွေ ဆောင်ရွက်တာတွေကတော့ တိုင်းဆူပြည်ဖျက်လုပ်ရပ်တွေဖြစ်လို့ ဘယ်သူကမှ လက်ခံကြမယ် မထင်ပါဘူး။ သူရဲကောင်းမဟုတ်၊ ကယ်တင်ရှင်မဟုတ်ဘဲ ဦးနှောက်မဲ့လူသားများသာ ဖြစ်လာကြမှာဖြစ်ပါတယ်။

**ဆင်ခြင်သတိပြုပေးကြပါ**

ယနေ့အချိန်မှာ ဒီမိုကရေစီအရေခြုံ စိတ်ကူးယဉ်တော်လှန်ရေးသမားအချို့ဟာ မြို့ရွာအုပ်ချုပ်ရေးအဆောက်အဦတွေကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်လာကြတာတွေ၊ စက်ရုံအလုပ်ရုံတွေကို မီးရှို့ဖျက်ဆီးတာတွေ၊ လက်နက်ကိုင်သောင်းကျန်းသူများထံ ထွက်ပြေးတောခိုနေကြတာတွေ၊ လက်ရှိအစိုးရကို တန်ပြန်တိုက်ခိုက်မယ့် ဖက်ဒရယ်စစ်တပ်အသစ်တစ်ခု တည်ထောင်မယ်လို့ ကြွေးကြော်နေကြတာတွေ၊ ဖောက်ခွဲရေးပစ္စည်းများ၊ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများနဲ့ နိုင်ငံရေးအမြင်မတူသူတွေကို ပစ်ခတ်ဖောက်ခွဲလာကြတာတွေဟာ သာမန်ငြိမ်းချမ်းစွာဆန္ဒပြသူတွေ၊ ဒီမိုကရေစီလိုလားသူတွေ မဟုတ်တော့ဘဲ အကြမ်းဖက်သောင်းကျန်းသူအဆင့် ရောက်ရှိသွားကြပြီဆိုတာကို ကျောင်းသား/လူငယ်တွေ ဆင်ခြင်သတိပြုစေချင်ပါတယ်။

❒ **ယနေ့အချိန်မှာ ဒီမိုကရေစီအရေခြုံ စိတ်ကူးယဉ်တော်လှန်ရေးသမားအချို့ဟာ မြို့ရွာအုပ်ချုပ်ရေးအဆောက်အဦတွေကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်လာကြတာတွေ၊ စက်ရုံ အလုပ်ရုံတွေကို မီးရှို့ဖျက်ဆီးတာတွေ၊ လက်နက်ကိုင်သောင်းကျန်းသူများထံ ထွက်ပြေးတောခိုနေကြတာတွေ၊ လက်ရှိ အစိုးရကို တန်ပြန်တိုက်ခိုက်မယ့် ဖက်ဒရယ်စစ်တပ်အသစ်တစ်ခု တည်ထောင်မယ်လို့ ကြွေးကြော်နေကြတာတွေ၊ ဖောက်ခွဲရေးပစ္စည်းများ၊ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများနဲ့ နိုင်ငံရေးအမြင်မတူသူတွေကို ပစ်ခတ်ဖောက်ခွဲလာကြတာတွေဟာ သာမန်ငြိမ်းချမ်းစွာဆန္ဒပြသူတွေ၊ ဒီမိုကရေစီလိုလားသူတွေ မဟုတ်တော့ဘဲ အကြမ်းဖက်သောင်းကျန်းသူအဆင့် ရောက်ရှိသွားကြပြီဆိုတာကို ကျောင်းသား/လူငယ်တွေ ဆင်ခြင်သတိပြုစေချင်။**

နိဂုံးချုပ်အားဖြင့် ကျောင်းသားလူငယ်တွေအနေနဲ့ ဆရာကြီးမင်းယုဝေရဲ့ ကဗျာထဲကလို မိမိနဲ့ အမြင်မတူမှုတွေ၊ မတူကွဲပြားမှုတွေအပေါ် နားလည်လက်ခံပြီး တိုင်းပြည်က အားထားရတဲ့၊ လေးစားယုံကြည်တန်ဖိုးထားရတဲ့ ကျောင်းသားလူငယ်များဖြစ်အောင် မှန်ကန်စွာ တွေးခေါ်စဉ်းစား ကြိုးပမ်းနိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။

“အစိမ်း အနီ၊ ရှိကြသည်တွင်
အနီကိုသာ၊ ငါကြိုက်ပါလည်း
သင့်မှာ မကြိုက်၊ အစိမ်းကြိုက်၏။
စပယ်နှင်းဆီ၊ ရှိကြသည်တွင်
နှင်းဆီကိုသာ၊ ငါကြိုက်ပါလည်း
သင့်မှာ မကြိုက်၊ စပယ်ကြိုက်၏။
အကြိုက်အညီ၊ မတူသည်ကား
ဤမှာလောက သဘာဝ။
သို့စဉ်ကြိုက်လည်း
အကြိုက်အညီ၊ မတူသည်ကို
မကြည်မသာ၊ ရန်မာန်ရှာ၍
ငါနှင့်မတူ၊ ငါ့ရန်သူဟု
မှတ်ယူငြင်ငြို၊ အမျက်သိုက
ထိုသူ ကျဆုံး ရမည်တကား။”

# မြင်းခြံမြို့ အမှတ်(၆)ရပ်ကွက်အတွင်းရှိ နေအိမ်အား မီးရှို့ဖျက်ဆီးသူကို ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၆) ရပ်ကွက်အတွင်းရှိ ဒေါ်ဝင်းကြည် ပိုင်ဆိုင်သည့် နေအိမ်အား မေ ၂၁ ရက် နံနက်ပိုင်းတွင် ဆူပူအကြမ်းဖက်သူများက ဒလန်အိမ်ဟုဆိုကာ မီးရှို့ခဲ့ခြင်းကြောင့် နေအိမ် ၁၀ လုံးနှင့် ဂိုဒေါင်တစ်လုံး၊ ကာလတန်ဖိုးကျပ် ၉၅ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး ထိုသို့ မီးရှို့ဖျက်ဆီးခဲ့သော ဆူပူအကြမ်းဖက်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မေ ၂၃ ရက်တွင် မီးရှို့ရာတွင် ပါဝင်ခဲ့သည့် မျိုးကိုကို (ဘ) ဦးဆောင်းဝင်းအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ၏ စစ်ဆေးမေးမြန်းချက်အရ နေအိမ်အား မီးရှို့သည့် အဓိက တရားခံဖြစ်သူမှာ အောင်ဇော်ဟိန်း(ခ)ငပု(ဘ)ဦးကုလား ဆိုသူဖြစ်ကြောင်း သိရှိရသဖြင့် အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် ရှားတောကျေးရွာ၌ ဖမ်းဆီးရမိခဲ့ပြီး အောင်ဇော်ဟိန်း၏ ထွက်ဆိုချက်အရ ၎င်းသည် မူးယစ်သောက်စားထားပြီး မျိုးကိုကိုနှင့်အတူ ဒေါ်ဝင်းကြည်၏ အိမ်အတွင်း ခိုးဝင်ရောက်ကာ အစားအစာများကို ယူဆောင်ကာ စက္ကူနှင့်အဝတ်များ စုပုံမီးရှို့ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ အများပြည်သူများ၏ နေအိမ်များအား မီးရှို့ဆောင်ရွက်ခဲ့သူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းတင်ပြခြင်းအစည်းအဝေးကျင်းပ

**မော်လမြိုင် ဧပြီ ၂၄**

လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေနှင့် မြေလွတ် မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို ယမန်နေ့က မော်လမြိုင်မြို့ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

**လယ်ယာမြေအခြားနည်းအသုံးပြုခွင့်**

အစည်းအဝေးတွင် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက လယ်ယာမြေနှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့လိုက်နာကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေပုဒ်မ ၁၅(က) အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို (၂၂-၂-၂၀၂၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၁) ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကိုလည်း ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌမှ ဥက္ကဋ္ဌအဖြစ်ပါဝင်ကာ စုစုပေါင်းအဖွဲ့ဝင် ၁၁ ဦးဖြင့် (၁၃-၄-၂၀၂၁) ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ လယ်ယာမြေအခြားနည်း အသုံးပြုခွင့် ကိစ္စရပ်များ၊ လယ်ယာမြေနှင့် ပတ်သက်၍ အငြင်းပွားသည့် ကိစ္စရပ်များကိုလည်း လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ အမိန့် ညွှန်ကြားချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ် ကြောင်း၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီကိုလည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၁-၃-၂၀၂၁)ရက်စွဲပါ အမိန့်ကြေငြာစာအမှတ် (၃/၂၀၂၁) ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးထားပြီးဖြစ်၍ ပြည်နယ်ကော်မတီအနေဖြင့် ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**နည်းဥပဒေများရှင်းလင်း**

ထို့နောက် မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးမင်းသိန်းက လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်၊ မြေလွတ် မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

အဆိုပါ လယ်ယာမြေဥပဒေတွင် အခန်းပေါင်း ၁၃ ခန်း၊ ပုဒ်မပေါင်း ၄၃ ခုနှင့် နည်းဥပဒေတွင် အခန်းပေါင်း ၁၃ခန်း၊ နည်းဥပဒေအပိုဒ် ၁၁၇ပိုဒ်ပါဝင်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေတွင် အခန်း ၁၀ခန်း၊ ပုဒ်မပေါင်း ၃၄ခုနှင့် နည်းဥပဒေတွင် အခန်းပေါင်း ၁၀ ခန်း၊ နည်းဥပဒေအပိုဒ် ၇၉ ပိုဒ် ပါဝင်ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၄၃၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# တန်ဖိုးကြီးလှ လူငယ်ဘဝ

## လေးလေးနွယ်

လူ့ဘဝက ရေပွက်ပမာဟုဆိုဆို၊ လူ့ဘဝက တိုတောင်းလွန်းလှတယ်ဟုပြောပြော လူတစ်ယောက်၏ ဘဝတစ်ခုကို ပိုင်းဆစ်ကြည့်လိုက်မည်ဆိုပါက မွေးစမှ ၁၀ နှစ်အထိကို ဥဏ်နုံ့သောအရွယ်၊ အသက် ၁၁ နှစ်မှ ၂၀ အထိအရွယ်ကို သစ်ရွက်လှုပ်သည်ကိုပင် ရယ်ချင်သည့် စိတ်ကစားသောအရွယ် တစ်နည်းအားဖြင့် ပျို့မျစ်နုနယ်ဆဲအရွယ်၊ ၂၀ မှ ၃၀ ကို ခွန်အားတိုးဆဲအရွယ် အသက်မွေးဝမ်းကျောင်းတစ်ခုအပေါ် ခြေချနိုင်သည့်အရွယ်၊ အသက် ၃၀ မှ ၄၀ ကို ရင့်ကျက်လာသော ပညာအားကောင်းသောအရွယ်၊ ၄၀ မှ ၅၀ ကို မှန်မှန်ကန်ကန် ချင့်ချိန်နိုင်သည့် ဆင်ခြင်စဉ်းစားမှုအားကောင်းသောအရွယ်၊ ၅၀ မှ ၆၀ ကို ယိုယွင်းကျဆင်းလာသည့် အရွယ်၊ ၆၀ မှ ၇၀ ကို ခါးကိုင်း နားထိုင်းသော အရွယ်၊ ၈၀ မှ ၉၀ ကို အားအင်ဆုတ်ယုတ်လာသောအရွယ်၊ ၉၀ မှ ၁၀၀ ကို အိပ်ရာဖျာကပ် အိုမင်းမစွမ်းသောအရွယ်ဟူ၍ အရွယ်ပိုင်းခြားသတ်မှတ်နိုင်မည်ဖြစ်သည်။

### ဖြတ်သန်းရခြင်း

ဘဝသက်တမ်းတစ်ခုတွင် အများအကျိုး၊ နိုင်ငံကောင်းကျိုး၊ လောကကောင်းကျိုးကို အထိရောက်ဆုံး အကျိုးပြုနိုင်သော အရွယ်အပိုင်းအခြားမှာ အသက် ၂၁ နှစ်မှ ပညာ ဗဟုသုတတို့ဖြင့် ရင့်ကျက်တည်ငြိမ်ပြည့်ဝသည့် ၆၀ အရွယ်၊ နှစ်ကာလ ၄၀ အတွင်းတွင်ဖြစ်ကြောင်း တွေ့ရှိရသည်။

သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်သည် အသက် ၂၉ နှစ်အရွယ်တွင် မအို၊ မနာ၊ မသေသည့် အမှန်တရားကို ရှာဖွေရန် ထီးနန်းစည်းစိမ်ကို စွန့်ပယ်လျက် တောထွက်တော်မူခဲ့သည်။ သက်တော် ၃၅ နှစ်အထိ ဘုရားဖြစ်ရန် ခက်ခဲပင်ပန်းစွာ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီး ခြောက်နှစ်တိုင်တိုင် နိဗ္ဗာန်ရောက်ကြောင်းတရားအမှန်ကို မတွေ့သေးဘဲ ဖြတ်သန်း ကြိုးပမ်းခဲ့ရရှာသည်။

သက်တော် ၃၅ နှစ်မှ ၈၀ အထိ ၄၅ ဝါ ကာလပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား ဆင်းရဲခြင်းကင်းရာသို့ ကယ်တင်လွတ်မြောက်ချမ်းသာရောက်စေခြင်းငှာ သစ္စာလေးပါးတရားတို့ကို လမ်းညွှန်ပြသခဲ့သည်။ ထိုသို့ သတ္တဝါဝေနေယျတို့ကို သံသရာမှလွတ်မြောက်အောင် ကယ်တင်နိုင်ရန် အသက် ၂၉ နှစ်မှ ၃၅ နှစ်အထိ ပင်ပန်းကြမ်းတမ်းသော လူငယ်ဘဝ ၆ နှစ်တာကာလကို ကျော်လွန်ဖြတ်သန်းခဲ့ရသည်။

### မျိုးဆက်သစ်

လူငယ်ဘဝ၊ ဂျန်နရေးရှင်း မျိုးဆက်နှင့်ပတ်သက်ပြီး နိုင်ငံတကာတွင် ဝေါဟာရ ခေါ်ဝေါ်သုံးစွဲမှုများသည် Baby Boomers, Generation X , Generation Y နှင့် Generation Z ဟူ၍ ဖြစ်သည်။

Baby Boomers မျိုးဆက်သည် ဒုတိယကမ္ဘာစစ်အလွန်ကာလတွင် မွေးဖွားလာကြသည့် မျိုးဆက်ဖြစ်သည်။ အကြမ်းဖျင်းအားဖြင့် ၁၉၄၆ ခုနှစ်မှ ၁၉၆၄ ခုနှစ် ကာလများအတွင်း မွေးဖွားလာသူများဖြစ်သည်။ ဂျန်နရေးရှင်း X သည် ၁၉၆၀ မှ ၁၉၈၀ ကြားတွင် မွေးဖွားလာသူများဖြစ်သည်။

ဂျန်နရေးရှင်း Y သည် ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း မွေးဖွားလာသူများဖြစ်ပြီး Y မျိုးဆက်ဟုခေါ်သည်။ ဂျန်နရေးရှင်း Z သည် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် မွေးဖွားလာသူများဖြစ်သည်။ X နှင့် Y တို့၏ မျိုးဆက် သမီးသားများဖြစ်ကြသည်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင်မှ မွေးဖွားလာသည့် ဂျန်နရေးရှင်း Z တို့သည် အသက် ၂၀ ဝန်းကျင်သာဖြစ်ပြီး လူငယ်ဘဝဟု ဆိုရမည်ဖြစ်သည်။

### စွမ်းအားကြီးမားသော လူငယ်များ

နည်းပညာခေတ်ကြီးတွင် လူဖြစ်လာကြသူများဖြစ်သည့်အတွက် နည်းပညာ၏ ကောင်းမွေဆိုးမွေ၊ ထူးခြားသောစွမ်းရည် လက္ခဏာများကို ဂျန်နရေးရှင်း Z တို့က လက်ခံရရှိထားသည်။ ဥပမာအားဖြင့်-စူးစမ်းလိုသည်၊ အသစ်အဆန်းကို ထိတွေ့ချင်သည်။ စွန့်စားရဲသည်၊ စိတ်အားထက်သန်သည်။ သတ္တိရှိသည်၊ စိတ်ကူးယဉ်သည်။ စိတ်လှုပ်ရှားလွယ်သည်၊ ခံစားလွယ်သည်။ စိတ်ဓာတ်တက်လွယ်သည်၊ ကျလွယ်သည်။ ရွယ်တူပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကို ခံရသည်။ မိဘဆရာအဆုံးအမကို အမြဲမနာယူချင်၊ တစ်ခါတစ်ရံ ဆန့်ကျင်ကပ်ဖဲ့တိုက်လိုသည်။ အပေါင်းအသင်း ခင်မင်တတ်သည်။ ရောက်ရာပေါက်ရာ တစ်ဖွတ်ထိုးလုပ်တတ်သည်။ ခွန်အားရှိသည်၊ ခံနိုင်ရည်ရှိသည်။ လေ့ကျင့်ပေးလျှင် အကျင့်ကောင်းစွဲစေသည်။ လေ့လာဆည်းပူးလိုစိတ်ရှိသည်။ မှားယွင်းချွတ်ချော်တတ်သည်။ ဘဝင်မြင့်တတ်သည်။ အတုမြင် အတတ်သင် ရောယောင် မျောပါချင်သည်။

> ✳ **လွတ်လပ်ရေးရပြီး သုံးလအကြာတွင် စတင်ခဲ့သည့် အကွဲအပြဲ ဇာတ်လမ်းများသည် ယနေ့ထက်တိုင် နိုင်ငံအတွင်း မငြိမ်းချမ်းနိုင်ဘဲ ပြည်သူများသည် လက်နက်ကိုင်ပဋိပက္ခ၏ သားကောင်များဖြစ်ခဲ့ရသည်။ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုသော်လည်း နိုင်ငံ့အကျိုးသယ်ပိုးရန် လမ်းမှန်ထက် နိုင်ငံနှင့်လူမျိုးကို ဖျက်ဆီးချေမှုန်းမည့် လမ်းလွဲသို့ လိုက်ပါသွားမိတတ်ပြီး လက်နက်ကိုင် ပုန်ကန်ရေးလမ်းစဉ်များ၏ အမှားသံသရာကြောင့် တိုင်းပြည်မှာ နစ်နာခဲ့ရသည်**

### လှည့်စားဖြားယောင်း

ထို့ကြောင့် ကိုယ်ကျိုးရှာသူ၊ မသမာသူ နိုင်ငံရေးသမားအချို့သည် လူငယ်တို့၏ အားနည်းချက်ကို အခွင့်ကောင်းယူအသုံးချကာ ဆွဲဆောင်ဖြားယောင်းတတ်ကြသည်။ လွဲမှားသော ဝါဒ၊ လမ်းစဉ်များ၊ အဓမ္မကို ဓမ္မအဖြစ်ရှုမြင်အောင်၊ ဝါဝါမြင်တိုင်း ရွှေအစစ်ဟုထင်မြင်အောင်၊ ရွှေရောင်တောက်သော တော်လှန်ရေးဟု ရှုမြင်လာအောင် ဖန်တီးကြတော့သည်။

ပါတီတစ်စု၊ လူတစ်ဦး အာဏာရရှိရေးလှုပ်ရှားမှုကိုပင် ဒီမိုကရေစီလှုပ်ရှားမှုကြီးအသွင်၊ လူ့အခွင့်အရေးအသွင် ထင်မြင်လာအောင် လိမ်ညာလှည့်စားတတ်ကြသည်။

### အန္တရာယ်

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အင်အားကြီးနိုင်ငံများအတွက်သာမက အာရှပစိဖိတ်ဒေသ တစ်ခုလုံးအတွက်ပါ အရေးပါသည့်နေရာတွင် တည်ရှိနေပြီး ကမ္ဘာ့အင်အားကြီး နိုင်ငံများ၏ ခေနဥစ္စာအရ၊ နိုင်ငံရေးဩဇာအရ အားပြိုင်ကြရာတွင် နိုင်ငံတကာမြင်ကွင်းကျယ် အသိအမြင်မကြွယ်သော မြန်မာနိုင်ငံလူငယ်တို့၏ ပထဝီကိုအခြေခံသော နိုင်ငံရေးအသိ၊ ပထဝီနိုင်ငံရေး အမြင်အားနည်းမှုကို အသုံးချကာ ကိုယ်ကျိုးစီးပွားအတွက် သွေးထိုးလှုံ့ဆော်ကြရာ လူငယ်များသည် အလွယ်တကူလမ်းမှားသို့ လိုက်ပါမှားယွင်းနိုင်ကြသည်။

မိမိနိုင်ငံ၏ ပကတိအခြေအနေမှန်ကို သုံးသပ်သိမြင်နိုင်စွမ်းမရှိကြလျှင် လမ်းကြောင်းလွဲချော် မျောပါသွားတတ်သည်။ စည်းလုံးခြင်းထက် ဖြိုခွဲခြင်း ဖျက်ဆီးခြင်းဘက် ပါမိတတ်ကြသည်။ နိုင်ငံတကာဖြစ်စဉ်များကို သာဓကပြရမည်ဆိုပါက ယူဂိုဆလားဗီးယားပြည်ထောင်စုနိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စုနိုင်ငံတို့သည် သွေးထိုးလှုံ့ဆော်သူတို့အလိုကျ အစိတ်စိတ်အမွှာမွှာပြိုကွဲခဲ့ရပြီး ကမ္ဘာ့မြေပုံပေါ်မှပင် ပျောက်ကွယ်သွားခဲ့ရသည်။

မြန်မာ့နိုင်ငံရေးသမိုင်းကို ကြည့်မည်ဆိုပါကလည်း နယ်ချဲ့တို့သည် မြန်မာ့မြေကို ၁၈၂၄ ခုနှစ်တွင် စတင်ကျူးကျော်ခဲ့ကာ ၁၈၈၅ ခုနှစ်တွင် တစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီး ကိုလိုနီ ကျွန်ပြုခဲ့သည်။ အုပ်ချုပ်ရေးစီမံခန့်ခွဲမှု ညံ့ဖျင်းခြင်း၊ ကင်းဝန်-တိုင်တားအပါအဝင်ပြည်သူလူထု မညီညွတ်မှုတို့ကြောင့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအဖြစ်မှ သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်။

ဗြိတိသျှအစိုးရသည် မြန်မာပြည်၌ ဗြိတိသျှအရင်းရှင်တို့၏ အကျိုးစီးပွားကို ရှေးရှု၍ အရင်းရှင်စီးပွားရေးစနစ်ကို ထူထောင်အုပ်စိုးခဲ့လေသည်။ ၎င်းတို့သည် မြန်မာပြည်၌ စီးပွားရှာ၍ အကျိုးများစွာ ဖြစ်ထွန်းကြသော်လည်း မြန်မာတိုင်းရင်းသားတို့မှာ အကျိုးစီးပွားမခံစားရအောင် မျိုးစုံသောနည်းလမ်းတို့ဖြင့် ချုပ်ချယ်ဖိနှိပ်ခြင်းခံခဲ့ရလေသည်။

ထို့ကြောင့် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများက ရရာလက်နက် စွဲကိုင်လျက် တွန်းလှန်ခဲ့ကြသည်။ အသက်ပေါင်းများစွာ ဘဝပေါင်းများစွာ ပေးဆပ်၊ စွန့်လွှတ်ခဲ့ကြရပြီးနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအဖြစ် ပြန်လည်ရောက်ရှိခဲ့သည်။

သို့သော် လွတ်လပ်ရေးရပြီး မကြာမီမှာပင် ဗိုလ်ချုပ်အောင်ဆန်းတည်ဆောက်ခဲ့သော အမျိုးသားညီညွတ်ရေးသည် ပြိုကွဲစပြုလာသည်။ လက်ဝဲ၊ လက်ယာ နိုင်ငံရေးအုပ်စုများ စိတ်သဘောထားကွဲပြားပြီး ၁၉၄၈ ခုနှစ် မတ်လတွင် ကွန်မြူနစ်တို့ လက်နက်ကိုင်၍ တောခိုသွားခဲ့သည်။ ပြည်သူ့ရဲဘော်ပါတီဝင်အချို့လည်း တောခိုကြသည်။ အစိုးရကို ပုန်ကန်ခြားနားကြလေသည်။ ချစ်ခင်ပူးပေါင်းရေးထက် မုန်းတီးခက်ထန် ရန်ပြုတိုက်ခိုက်ရေးဘက်သို့ ယိမ်းယိုင်သွားသည့် ဖြစ်စဉ်များပင်ဖြစ်သည်။

လွတ်လပ်ရေးရပြီး သုံးလအကြာတွင် စတင်ခဲ့သည့် အကွဲအပြဲဇာတ်လမ်းများသည် ယနေ့ထက်တိုင် နိုင်ငံအတွင်း မငြိမ်းချမ်းနိုင်ဘဲ ပြည်သူများသည် လက်နက်ကိုင်ပဋိပက္ခ၏ သားကောင်များ ဖြစ်ခဲ့ရသည်။ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုသော်လည်း နိုင်ငံ့အကျိုးသယ်ပိုးရန် လမ်းမှန်ထက် နိုင်ငံနှင့်လူမျိုးကို ဖျက်ဆီးချေမှုန်းမည့် လမ်းလွဲသို့ လိုက်ပါသွားမိတတ်ပြီး လက်နက်ကိုင် ပုန်ကန်ရေးလမ်းစဉ်များ၏ အမှားသံသရာကြောင့် တိုင်းပြည်မှာ နစ်နာခဲ့ရသည်။

### လူငယ်များလမ်းကြောင်းမှန်စေရေး (ပြည်သူအားလုံးတာဝန်)

သို့မို့ကြောင့် လူငယ်များကို နိုင်ငံရေးမှိုင်းမိကာ လမ်းကြောင်းမလွဲစေရေး၊ လမ်းကြောင်းမှန်ရေးမှာ ပြည်သူအားလုံး၏ တာဝန်ဖြစ်သည်။ မိဘ၊ ဆရာသမား၊ ဆွေမျိုး၊ ရပ်ရွာတို့က လူငယ်တို့ကို အတွေးအမြင်မှန် သင်ပြပေးရန်၊ အတွေ့အကြုံရစေရေး စနစ်တကျ လေ့ကျင့်ပေးရန်၊ တေဇလူငယ်၊ ရှေ့ဆောင်လူငယ်၊ လမ်းစဉ်လူငယ်များအဖြစ် စည်းကမ်းကောင်းအောင် ပျိုးထောင်ပေးရန်၊

စာမျက်နှာ ၂၂ သို့

> ❑ **နိုင်ငံနှင့် လူမျိုးအကျိုးအတွက် တန်ဖိုးရှိသည့် လူငယ်များအဖြစ် ညီညီညွတ်ညွတ်ပါဝင်နိုင်အောင် တည်ဆောက်ပျိုးထောင်ကြရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုမှသာ တည်ငြိမ်အေးချမ်းနိုင်ပါမည်။ လုံခြုံကြပေမည်။ တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နိုင်မည်။ မြို့ရွာသာယာမည်**

# ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဟားခါးပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်



**ဟားခါး ဧပြီ ၂၄**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်မှုဖြင့် ဟားခါးပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက်သည့် အရေးပေါ် သွေးလိုအပ်သည့် လူနာများအတွက် စုပေါင်း သွေးလှူဒါန်းပွဲကို ယမန်နေ့က ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွန်းလှိုင်၊ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များက ဟားခါးပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးတိုးဝင်း၊ နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုအားပေးခဲ့ပြီး ထောက်ပံ့ငွေများနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးသည်။

အဆိုပါ သွေးလှူဒါန်းသူများအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၀၀၀၀ နှင့် အခြေခံစားသောက်ကုန်များဖြစ်သည့် ကြက်ဥ ၁၀ လုံး၊ အချိုရည်ဘူး တစ်ဘူး၊ ပေါင်မုန့်တစ်လုံး နှုန်းဖြင့်လည်းကောင်း၊ နယ်မြေခံတပ်မှ ထောက်ပံ့ ငွေကျပ် ၅၀၀၀ နှင့် အခြေခံစားသောက်ကုန်များဖြစ်သည့် ကြက်ဥ၊ အသင့်ဖျော်လက်ဖက်ရည်ထုပ်၊ ခေါက်ဆွဲထုပ်များကို လည်းကောင်း ထောက်ပံ့ပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြန်အောင်မြို့ မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ ရှင်းလင်း

**မြန်အောင် ဧပြီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မကျီးစုမြစ်ကမ်းထိန်းလုပ်ငန်း၊ လွန်ဆေးမြိုင်ပန်းခြံအနီး မြစ်ကမ်းထိန်းလုပ်ငန်းနှင့် ရွှေကျင်ကျေးရွာအုပ်စု ဘုရားလှကျေးရွာအနီး မြစ်ကမ်းထိန်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြခြင်းကို မြန်အောင်မြို့ လွန်ဆေးမြိုင်ပန်းခြံ ရှင်းလင်းဆောင်၌ ဧပြီ ၂၁ ရက်က ပြုလုပ်သည်။



မြန်အောင်မြို့ မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဟင်္သာတခရိုင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ရှင်းလင်းတင်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချိုချိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ် လုပ်ငန်းအရည်အသွေး စစ်ဆေးရေး ကော်မတီအဖွဲ့နှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း မြစ်ကမ်းထိန်းလုပ်ငန်းများကို မြန်အောင် မကျီးစုတာ မြစ်ကမ်းထိန်းလုပ်ငန်းကို Geotextile ကပ်နံရံ အလျားပေ ၄၀၀၊ ရေထဲပိုင်း Geo-Bag ချခြင်းလုပ်ငန်း အလျားပေ ၂၀၀ နှင့် တည်ဆောက်ပြီး ကျောက်ပြားကပ်တမံရှေ့ ရေထဲပိုင်း Geo-Bag ချခြင်းလုပ်ငန်း အလျားပေ ၅၈၀၊ မြန်အောင် တာမိုင် ၆/၇ နှင့် ၇/၀ အတွင်း လွန်ဆေးမြိုင် ပန်းခြံမြစ်ကမ်းထိန်းလုပ်ငန်းကို Geotextile ကပ်နံရံနှင့် ရေထဲပိုင်း Geo-Bag ချခြင်း အလျားပေ ၃၂၀ တည်ဆောက်ခြင်းလုပ်ငန်းနှင့် မြန်အောင်မြို့နယ် ရွှေကျင် ဘုရားလှကျေးရွာ မြစ်ကမ်းထိန်းလုပ်ငန်း Porcupine ချထားခြင်းလုပ်ငန်း ၁၉၀၀ ခုတို့ကို ယခုနှစ် မိုးရာသီ မတိုင်မီ လုပ်ငန်းများပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း ဟင်္သာတခရိုင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးဝင်းထံမှ သိရသည်။

မြန်အောင်မြို့နယ် တာမိုင် ၅/၅ အနီးတွင် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပြိုမှုဖြစ်ပွားလျက်ရှိရာ မြန်အောင်-ကြံခင်းကားလမ်း/မီးရထားလမ်းနှင့်ရေကာတာတို့ နီးကပ်နေသောကြောင့် ယခုနှစ်မိုးရာသီမတိုင်မီ မြစ်ကမ်းထိန်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။ **ဝင်းဗိုလ် (ပြန်/ဆက်)**

# သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**သီပေါ ဧပြီ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို မြို့တော်ခန်းမ၌ စုရပ်ထားရှိပြီး ဧပြီ ၂၁ ရက်က စတင်ကာ ဒုတိယအကြိမ်အဖြစ် ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ပထမအကြိမ်အဖြစ် မတ် ၁၆ ရက်မှ ၃၁ ရက်အထိ ဒေသခံပြည်သူ ၃၀၀၉ ဦးအား ထိုးနှံပေးခဲ့ပြီး ယခုဒုတိယအကြိမ်အဖြစ် ဧပြီ ၂၀ ရက်မှ ၃၁ ရက်အထိ ထိုးနှံပေးမည်ဖြစ်သည်။

ထိုသို့ ထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာလေးများနှင့် အသက် ၆၅ နှစ်နှင့်အထက် အသက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးကာ ကာကွယ်ဆေးထိုးနှံပေးပြီး ဆေးထိုးနှံသူများအား မိနစ် ၃၀ ခန့် အနားယူစေလျက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီ၊ သူနာပြုအဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တပ်ကုန်းမြို့၌ မြန်မာ့သိုင်းအခြေခံသင်တန်းဖွင့်လှစ်

**တပ်ကုန်း ဧပြီ ၂၄**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော မြန်မာ့သိုင်း အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၁ ရက်က ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ ရွှေမြို့ကျေးရွာအုပ်စု ရွှေမြို့အရှေ့ကျေးရွာရှိ ရွှေမြို့ကြီး ဂိုဏ်းထောက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းက မြန်မာ့သိုင်း အခြေခံသင်တန်းတွင် ကျောင်းသားလူငယ် မောင်မယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ပြီး အားကစားဖြင့် မိမိမြို့နယ်၏ ဂုဏ်၊ နိုင်ငံ၏ ဂုဏ်ကို မြှင့်တင်နိုင်သော ထူးချွန်ထက်မြက်သည့် ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေး ရည်ရွယ်ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းဖွင့်လှစ်ပေးသည်။ ထို့နောက် နည်းပြများက မြန်မာ့သိုင်း အလှပြကကွက်များဖြင့် ဧည့်ခံဖျော်ဖြေသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်ဦး၊ တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ဇေယျာသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်များမှ အားကစားမှူးများ၊ ရွှေမြို့ကြီး ဂိုဏ်းထောက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ် ဆရာတော်နှင့် သင်တန်းသား ကျောင်းသား ၅၆ ဦး၊ ကျောင်းသူ ၈၉ ဦး တက်ရောက်ကြောင်း၊ သင်တန်းကာလမှာ ဧပြီ ၂၁ ရက်မှ မေ ၅ ရက်အထိ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။



**တင်စိုးလွင်**

**သက်ရှိကမ္ဘာ ရှင်သန်ဖို့**
**အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# လင်းခေးမြို့ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**လင်းခေး ဧပြီ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးမြို့ပေါ်ရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးခြင်းကို ယမန်နေ့က လင်းခေးမြို့ နွယ်ဝတီခန်းမ၌ ဆောင်ရွက်သည်။

ဆေးထိုးနှံပေးရာတွင် ပထမအကြိမ် ဆေးထိုးပြီးသူများအား ဒုတိယအကြိမ်ထိုးပေးခြင်းနှင့် ပထမအကြိမ်လာရောက်ထိုးနှံကြသည့် ပြည်သူ စုစုပေါင်း ၃၀၀ ကို ထိုးနှံပေးနိုင်ပြီး အသစ်လာရောက် ထိုးနှံသူ ၈၀၊ ဒုတိယအကြိမ်ထိုးနှံသူ ၂၂၀ ဖြစ်သည်။

လင်းခေးမြို့ပေါ်ရှိ ပြည်သူများအား ယင်းကာကွယ်ဆေးထိုးနှံပေးခြင်းသည် ယင်းနေ့အထိ (တတိယအကြိမ်) ရှိပြီဖြစ်ကြောင်း မြို့နယ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

**စိုင်းဇော်လတ်(လင်းခေး)**

# ဆူပူအကြမ်းဖက်သူလူစုအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်



မရမ်းကုန်းမြို့နယ်၌ လက်လုပ်ဗုံး တစ်လုံးပေါက်ကွဲမှု ။

**နေပြည်တော် မေ ၂၄**

ဆူပူအကြမ်းဖက်သူလူစု အုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာ နေထိုင်လို သော ပြည်သူလူထုအချို့၏ နေအိမ်များ အား မီးပုလင်း၊ လက်လုပ်ဗုံး၊ မီးတုတ်များဖြင့် ပစ်ပေါက်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှား နေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ ပြုလုပ်လျက် ရှိသည်။

### လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်

ထိုသို့လုပ်ဆောင်ရာတွင် မေ ၂၃ ရက် ည ၈ နာရီ ၅၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် လောဟန်စီ တရုတ်ဘုံကျောင်းရှေ့ ဈေးလမ်းမပေါ်၌ လည်း ကောင်း၊ ည ၇ နာရီခွဲတွင် မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက် ရွှေစာရံဘုရား သာသနာ့ ဗိမာန်ရှေ့ ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်နှင့် ရွှေချောင်းလမ်း OK II လက်ဖက်ရည်ဆိုင်ရှေ့တို့၌ လည်းကောင်း၊ ည ၇ နာရီ ၁၅ မိနစ်တွင် မကွေး တိုင်းဒေသကြီး မြိုင်မြို့ အမှတ်(၂)ရပ်ကွက် မြိုင်-ပခုက္ကူကားလမ်း ပညာရေးဌာနသင်ထောက်ကူ ပစ္စည်းများထားသိုရာ အဆောက်အအုံအနီး၌ လည်းကောင်း အကြမ်းဖက်သူများက လက်လုပ်ဗုံး များဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ခြင်းကြောင့် ပေါက်ကွဲ မှုများဖြစ်ပွားခဲ့ပြီး လူနှင့်အဆောက်အအုံ ထိခိုက် ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၇၈ လမ်းနှင့် ၃၈ လမ်းဆုံ မီးပွိုင့်၌ လမ်းရှင်းတာဝန် ဆောင်ရွက်နေသော ယာဉ်ထိန်းတပ်ဖွဲ့ဝင် သုံးဦးအား အကြမ်းဖက်သူ အမျိုးသားနှစ်ဦး မောင်းနှင်လာ သော ဆိုင်ကယ်တစ်စီးမှ လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ပြီး မီးပွိုင့်အချက်ပြ မီးထိန်းချုပ်ရေး အခန်းနှင့် ပေ ၅၀ ခန့် အကွာ၌ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဝင်တစ်ဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အလားတူ မေ ၂၄ ရက် နံနက် ၆ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး အမရပူရ မြို့နယ် တမုတ်ဆိုးကျေးရွာနေ ဒေါ်စိန်တင်(ခ) ဒေါ်နီတာ (၅၀)နှစ်(ဘ) ဦးထွန်းမောင်၏ နေအိမ်အား အနက်ရောင်များ ဝတ်ဆင်ထားသော အကြမ်းဖက်သူ အမျိုးသား ငါးဦးက ဆိုင်ကယ် နှစ်စီးဖြင့် ရောက်ရှိ လာပြီး မီးပုလင်း နှစ်လုံးနှင့် လက်လုပ်မိုင်း တစ်လုံး ဖြင့် ပစ်ပေါက်ခဲ့သော်လည်း ပေါက်ကွဲမှုမရှိခဲ့ကြောင်း သိရှိရသည်။

### သိမ်းဆည်းရမိခဲ့

ထို့အပြင် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန် တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လင်းလွန်း (မြောက်)ရပ်ကွက် ဗဟိုလမ်းနှင့် ဇလွန် လမ်းထောင့်ရှိ ပလက်ဖောင်းပေါ်၌ လက်လုပ်ဗုံး ၁၇ လုံး၊ စနက်တံပါ ကာလာမီးခိုးဗုံး ခုနစ်လုံး၊ မြောက်အိုး ၁၁ လုံး၊ သံမှိုများထည့်ထားသည့် ရေသန့်ဘူးအသေး တစ်ဘူး၊ ခာတ်ငွေ့ကာ တစ်ခုတို့ကို လည်းကောင်း၊ နံနက် ၉ နာရီတွင် လင်းလွန်း (တောင်)ရပ်ကွက် ဗဟိုလမ်းနှင့် ဥယျာဉ်လမ်းထောင့် လမ်းမကြီးဘေး၌ လက်လုပ်ဗုံး နှစ်လုံးနှင့် မီးခိုးဗုံး နှစ်လုံးတို့ကို လည်းကောင်း၊ နံနက် ၉ နာရီတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၁)ရပ်ကွက် အနော် ရထာလမ်းနှင့် ထိပ်တင်မှတ်လမ်းထောင့်ရှိ စတုဒိသာ ဘုန်းကြီးကျောင်းတိုက်ဝင်းအတွင်း၌ လက်လုပ်ဗုံး ကိုးလုံးကို လည်းကောင်း စစ်ဆေးတွေ့ရှိသိမ်းဆည်း ရမိခဲ့သည်။

ထို့ပြင် မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၅)ရပ်ကွက်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးအား အကြမ်းဖက်သူ အမျိုးသားတစ်ဦးက ခာတ်ဆီဆွတ် ထားသော မီးတုတ်နှစ်ချောင်းဖြင့် ပစ်ပေါက် ထွက်ပြေးသွားကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပတ်ဝန်း ကျင်ရှိသူများက မီးငြိမ်းသတ်ခဲ့သဖြင့် မီးလောင် ကျွမ်းမှုမရှိကြောင်းသိရှိခဲ့ရပြီး ထိုကဲ့သို့ သွားရောက် စစ်ဆေးစဉ် အဆိုပါရုံး၏ အရှေ့လမ်းတစ်ဖက်ခြမ်းမှ မပေါက်ကွဲသေးသည့် လက်လုပ်ဗုံး တစ်လုံးအား သိမ်းဆည်းရမိခဲ့သည်။

### မီးရှို့ဖျက်ဆီး

အလားတူ မေ ၂၃ ရက် နံနက် ၃ နာရီ မိနစ် ၂၀ တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးထွေးနိုင် (၃၄)နှစ် (ဘ) ဦးတင်ထွေး ပိုင်ဆိုင်သော Happy Life စားသောက် ဆိုင်ကို လည်းကောင်း၊ မေ ၂၄ ရက် နံနက် ၄ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ တောင်ပိုင်း ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို လည်း ကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက်ရှိ တရုတ်-မြန်မာ ဝင်/ထွက်ပေါက် နန်းတော်ရှေ့ဂိတ် ပေါက်တံခါးအနီး၌လည်းကောင်း ဆူပူအကြမ်းဖက် သူများက မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ ကြောင်း သိရှိရသည်။

### စုံစမ်း ဖော်ထုတ်လျက်ရှိ

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ် များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရန်အတွက် အမြန်ဆုံး ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်း ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဖားကန့်မြို့နယ်တွင် ငွေကျပ်သိန်း ၁၆၀၀ ကျော်နှင့် တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၀၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် မေ ၂၄**

ဖားကန့်မြို့နယ်တွင် ငွေကျပ် သိန်း ၁၆၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ရှမ်း ပြည်နယ် (အရှေ့ပိုင်း)တာချီလိတ် မြို့တွင် ငွေကျပ်သိန်း ၁၀၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

### သိမ်းဆည်းရမိ

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် သတင်းအရ မေ ၂၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ အုပ်စု ဝေခါကျေးရွာနေ မဝင်း ကြည်(၄၈)နှစ်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဇော်လတ် (ခ)အားရုတ်ကို တွေ့ရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၅ ကီလို၊ မော်တော်ယာဉ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ပေါ်ပေါက်ချက်အရ ဇော်လတ်(ခ) အားရုတ် နေထိုင် သည့် ဖားကန့်မြို့နယ် ဆိပ်မူ ကျေးရွာအုပ်စု ဘွမ်နန်ကျေးရွာရှိ နေအိမ်မှ စုစုပေါင်းငွေကျပ် သိန်း ၁၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား ၁၀၀၀၈၅ ပြားနှင့် ဘိန်းဆီခဲ ၂ ဒသမ ၈ ကီလို ထပ်မံ သိမ်းဆည်းရမိခဲ့သည်။

### အရေးယူထား

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် မေ ၂၃ ရက် ည ၈ နာရီတွင် တာချီလိတ်မြို့ ရန်အောင်မြေ ပါလျှံ(၃)ရပ်ကွက်ရှိ တည်းခိုခန်းအနီးတွင် သတင်း အရ စောင့်ဆိုင်းနေစဉ် ကြိုတင် သတင်းရရှိထားသောစိုင်းခမ်းခေါင် မောင်းနှင်ပြီး သဲလင်းအောင်(ခ) သားကြီး လိုက်ပါလာသည့် FUGA မော်တော်ယာဉ် ရောက်ရှိလာ၍ ရှာဖွေရာ ငွေကျပ်သိန်း ၁၀၅၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၂၀၊ အလေးချိန် ၇ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားရှိ ပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူ များအား စစ်ဆေးဖော်ထုတ်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

မှန်ကန်ကောင်းမွန်သော လမ်းကြောင်းများ ပြသပေးရန်၊ ယုံကြည်မှု တည်ဆောက်ပေးရန်၊ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ ဦးတည်ချက် များကောင်းအောင် ညွှန်ပြရန်၊ စာကောင်းပေကောင်းများနှင့် ထိတွေ့ ကာ ဖတ်ရှုကြ၊ ဆွေးနွေးကြရန်၊ ဘာသာတရားအဆုံးအမများနှင့် နီးစပ်၍ ထိတွေ့ယဉ်ပါးကြစေရန်၊ ကျောင်းပညာရေးကို ထိရောက်ရန်၊ ဆရာဆရာမများကိုယ်တိုင် အတွေးအခေါ်အယူအဆ မှန်ကန်ပြည့်ဝ စေရန်၊ ကျောင်းပြင်ပ ပတ်ဝန်းကျင်ကလည်း ကောင်းမွန်သော ပျိုးထောင်အားပေးမှု၊ ဖေးမကူညီမှုရှိကြစေရန်၊ အမှန်အမှား ခွဲခြားနိုင်စွမ်း အမြင်အားကောင်းစေရေး ပြုစုပျိုးထောင်ပေးရန်၊ ကျောင်းပြင်ပ ပညာရေးစာကြည့်တိုက်များရှိရန်၊ ရပ်ကွက်အုပ်ချုပ် ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပါတီစွဲ ဝါဒစွဲမထားဘဲ ရပ်ရွာကောင်းကျိုးရှေးရှုသော လူမှုရေးအသင်းအဖွဲ့များဖြင့် စည်းလုံး ညီညွတ်အောင်၊ လက်တွဲညီညာစွာ လူငယ်ပျိုးထောင်ရေး ဘဝ မြှင့်တင်ရေးကို ဦးစားပေးစီမံလေ့ကျင့်ပေးရန်၊ ငါနှင့်မတူ ငါ့ရန်သူ ဟူသော ရန်လိုမုန်းတီးမှုကိုအခြေခံသော ဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေး၊ ခွဲခြားသောကျဉ်းမြောင်းသည့် အယူအဆများ ဖယ်ရှား ၍ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေးကို ပြုစုမွေးမြူပေးရန် လိုအပ်လှသည်။

### နိဂုံး

နိုင်ငံနှင့် လူမျိုးအကျိုးအတွက် တန်ဖိုးရှိသည့် လူငယ်များအဖြစ် ညီညီညွတ်ညွတ် ပါဝင်နိုင်အောင် တည်ဆောက်ပျိုးထောင်ကြရ မည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုသာ တည်ငြိမ်အေးချမ်းနိုင်ပါမည်။ လုံခြုံကြပေမည်။ တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နိုင်မည်။ မြို့ရွာသာယာမည်။

ကုန်ထုတ်၊ ကုန်သွယ်ဝန်ဆောင်မှုများ ရှင်သန်လှုပ်ရှားနေပါမှ နိုင်ငံသားများဝင်ငွေနှင့် လူမှုဘဝမြင့်မားတိုးတက်နိုင်ပေမည်။ ပြင်ပမှ သွေးထိုးမြှောက်ပင့်၊ သွေးခွဲရန်တိုက်ခြင်းကို ယုံမှားနားယောင်ကာ ( အိမ်ကြက်ချင်း အိုးမဲသုတ် ခွပ်စေသည့်ပမာ) ပဋိပက္ခများ ဖြစ်နေ ပါက မြန်မာပြည်တွင် ကပ်ဘေးဆိုးအန္တရာယ်ထဲ ကျရောက်သွား နိုင်ပါသည်။

ထို့ကြောင့် ပြည်သူတိုင်း တစ်ဦးချင်းစီက အမြော်အမြင်ရှိစွာ ပူးပေါင်းပါဝင်ကြရန် လိုအပ်နေပါသည်။ တန်ဖိုးရှိလှသော လူငယ်ဘဝ ကို အလေးထား၍လှပအောင် ဝိုင်းဝန်းပြုစု ပျိုးထောင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မိုင်းယောင်းမြို့၌ ကျေးရွာလိုအပ်ချက်များ ကူညီပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း မေ ၂၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်အတွင်း သွားလာရခက်ခဲသော တောင်ပေါ်တိုင်းရင်းသားကျေးရွာများ၏ လိုအပ်ချက်များ၊ အခက်အခဲများကို ကူညီပေးနိုင်ရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားဆေးမှူးများ ပါဝင်သောအဖွဲ့သည် မေ ၂၂ ရက်က မုန်းလိုက်ကျေးရွာအုပ်စု နမ့်ဆီလင်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်သည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျောင်းနေအရွယ် ကလေးသူငယ်များ ဉာဏ်ရည်ထက်မြက် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျန်းမာသန်စွမ်းသော လူငယ်လူရွယ်များ ဖြစ်လာစေရေးရည်ရွယ်၍ အာဟာရဖြည့်မုန့်များပေးဝေခြင်း၊ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ သင်ထောက်ကူပစ္စည်းများ ကူညီပံ့ပိုးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို အခြေခံပညာမူလတန်းကျောင်း(ခွဲ)၌ ပြုလုပ်သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမြတ်သူ၊ အဖွဲ့ဝင်(၂) ဦးစိုင်းဘွန်းစီ၊ မြို့နယ်လဝကမှူး ဦးပွားမောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းလောင်မိုင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်ထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်နိုင်ထွေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသက်ခိုင်၊ ကျေးရွာအုပ်စုစီမံအုပ်ချုပ်ရေးမှူး ဦးနန်အောင်နှင့် တာဝန်ရှိသူများက ကျေးရွာလိုအပ်ချက်များ၊ အခက်အခဲများကို ကူညီဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် နှာခေါင်းစည်းများ၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ဆား၊ ဟင်းချိုမှုန့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယ ကျေးရွာဂျာနယ်စသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ၊ အမျိုးသမီးသုံးပစ္စည်းများ၊ အာဟာရဖြည့်မုန့် များ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ရသစာပေများကို ကျေးရွာဘုန်းကြီးကျောင်း၌ မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ဝဲကြီးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသ၏ သက်တော် ၈၀ ပြည့် ဝိဇာတမွေးနေ့ အလှူပွဲကျင်းပ

**နေပြည်တော် မေ ၂၄**

နေပြည်တော် ဇေယျာသီရိမြို့နယ် ဝဲကြီးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသ၏ သက်တော် ၈၀ ပြည့် ဝိဇာတမွေးနေ့ အလှူကိုယနေ့ နံနက်ပိုင်းက အဆိုပါစာသင်တိုက်၌ ကျင်းပပြီး သံဃာတော်အပါး ၅၀ အား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း လှူဒါန်းသည်။

ထို့အပြင် ဆရာတော်ကြီးက အဝါရောင်မျိုးဆက်သစ် လူငယ်



ပရဟိတအသင်း (Yellow Generation Wave) က ဖွင့်လှစ်သော အဝါရောင်မျိုးဆက်သစ် ကလေးများ စောင့်ရှောက်ရေး ကျောင်း (နေပြည်တော်)မှ ကလေးများအတွက် အာဟာရဒါန နှင့် ဆန်ဆီများ ကုသိုလ်ပြု လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## မြိတ်မြို့ သစ်ယာဝတံတားအနီး သဘာဝရေပြင်အတွင်းသို့ ကကတစ်ငါးမျိုးစိတ် ရှစ်သောင်းစိုက်ထည့်

**မြိတ် မေ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ သာကေတရပ်ကွက် ကမ်းနားလမ်းရှိ သစ်ယာဝတံတား၌ မေ ၂၃ ရက် နံနက်က သဘာဝရေပြင်အတွင်းသို့ ကကတစ်ငါး (ဒေသအခေါ် ကဘောင်းငါး)ငါးမျိုးစိတ်ရှစ်သောင်းစိုက်ထည့်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသံချောင်း၊ မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးနှင့်ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တိုင်းငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်စိုး၊ မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကကတစ်ငါး (ဒေသအခေါ် ကဘောင်းငါး) မျိုးစိတ် အကောင်အရေအတွက် ရှစ်သောင်းအား သဘာဝပင်လယ်ပြင်အတွင်းသို့ စိုက်ထည့်ပေးကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသံချောင်း၊ မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးနှင့်ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တိုင်းငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်စိုး၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌစန်းမောင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) တတိယလှိုင်းအဖြစ် ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး / သတိပေးနှိုးဆော်ချက်

(၂၀.၄.၂၀၂၁)ရက်နေ့၊ နံနက်ပိုင်းအထိ ကမ္ဘာ့တစ်ဝန်းလုံးတွင် ကိုရိုနာဗိုင်းရပ်စ်(COVID–19) ကပ်ရောဂါဖြစ်ပွားသူဦးရေ (၁၄၂) သန်းကျော်၊ ရောဂါကြောင့်သေဆုံးသူဦးရေ (၃)သန်းကျော်ရှိနေပြီဖြစ်ပြီး ရောဂါသည် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိနေပါသည်။

ထိုသို့ကူးစက်ပြန့်ပွားရခြင်းအကြောင်းများအနက်–

- ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးရိုးဗီဇများ ပြောင်းလဲလာခြင်း၊
- အကြောင်းအမျိုးမျိုးကြောင့် လူစုလူဝေးများဖြစ်ပေါ်ခြင်း၊
- ရောဂါဖြစ်ပွားမှု ကျဆင်းလျက်ရှိသည့်နိုင်ငံများတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလာခြင်း၊
- လူအများစုမှ ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာမှုအားနည်းလာခြင်း၊
- ကာကွယ်ဆေးထိုးနှံပြီးသူများမှလည်း ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာဆောင်ရွက်မှု အားနည်းခြင်းစသည်တို့...ကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။

(၂၀.၄.၂၀၂၁) ရက်နေ့၊ နံနက်ပိုင်းအထိ သိရှိရသော ကိန်းဂဏန်းများအရ အိမ်နီးချင်းနိုင်ငံ ဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူဦးရေ (၁၅) သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်သိန်းရှစ်သောင်းကျော်ရှိနေပြီဖြစ်ပြီး ကမ္ဘာတွင်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်နေပါသည်။ ရောဂါဖြစ်ပွားမှု တတိယလှိုင်းကိုလည်းခံစားရလျက်ရှိပြီး (၁၈.၄.၂၀၂၁)တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူစုစုပေါင်း (၂၇၅,၃၀၆)ဦးအထိ စံချိန်တင် ကူးစက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။ ထိုသို့ ကူးစက်မှုများအတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုများအနေဖြင့် ကူးစက်မှုနှုန်း (၇၀%)အထိ ပိုမိုမြန်ဆန်နိုင်သည့် UK Variant (B.1.1.7)နှင့် ကူးစက်မှုနှုန်းမြန်၍ အချို့ကာကွယ်ဆေးများ၏ထိရောက်မှုကို လျော့ကျစေနိုင်ဖွယ်ရှိသည့် South Africa Variant (B.1.351) တို့ကိုလည်း လေ့လာတွေ့ရှိရကြောင်း သိရှိရပါသည်။ အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူဦးရေ (၇)သိန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေတစ်သောင်းကျော်ရှိနေပြီဖြစ်ပါသည်။ ယခုအခါ ရောဂါ ဖြစ်ပွားမှု တတိယလှိုင်းကို ခံစားရလျက်ရှိပြီး (၇.၄.၂၀၂၁) တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူ(၇,၆၂၆)ဦးအထိ ကူးစက်မှုများ ပြန်လည်မြင့်တက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19)ရောဂါဖြစ်ပွားသူဦးရေ (၄) သောင်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်ရာကျော်ရှိနေပြီဖြစ်ပါသည်။ (၂၀၂၁) ခုနှစ်၊ ဧပြီလဆန်းမှစတင်၍ ရောဂါကူးစက်မှု တတိယလှိုင်းအဖြစ် ကူးစက်ဖြစ်ပွားသူဦးရေ သိသာစွာမြင့်တက်လာခဲ့ပြီး (၁၈.၄.၂၀၂၁)နေ့တွင် တစ်နေ့တာအတွင်း ကူးစက်သူဦးရေ (၁၇၆၇)ဦး ရှိခဲ့ကာ နေ့စဉ်ကူးစက်မှုဦးရေ တစ်ထောင်ကျော် ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

အထက်ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိဖြစ်ပွားကူးစက်နေသော ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်–၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် မိမိတို့ပြည်သူအားလုံးမှ ကျန်းမာရေး အသိ၊ ကျန်းမာရေး သတိဖြင့် အောက်ဖော်ပြပါ ရိုးရှင်းလွယ်ကူ၍ အခြေခံကျသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **“ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ”** ဟူသည့် ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်ပန်ကြားအပ်ပါသည်။

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို စနစ်တကျတပ်ဆင်ထားပါ။ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ။

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ။

(၃) လက်ကို စက္ကန့် (၂၀) ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ။

(၄) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။

(၅) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံး စသည့်... နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ။

(၆) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါ။

(၇) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်။

(၈) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ။

(၉) ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ။

(၁၀) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရတ်တရက် အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**


# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း ထပ်မံထုတ်ပြန်

**နေပြည်တော် ဧပြီ ၂၄**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက် စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းကို နေ့စဉ်သတင်းထုတ်ပြန်လျက်ရှိသည်။

ထိုသို့ ထုတ်ပြန်ထားရှိသော အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများကို ရာဇသတ်ကြီး ပုဒ်မ ၅၀၅ – က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းကို ထပ်မံထုတ်ပြန်အပ်ပါသည်–

## ဥပဒေပုဒ်မ ၅၀၅ – က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | DAUNG – ဒေါင်း https://www.facebook.com/daung.actor | ဒေါင်း(ခ)သူရအောင်  | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ခေတ္တ ထိုင်းနိုင်ငံ) | ၅၀၅-က |  |
| ၂ | May Myat Noe https://www.facebook.com/maymyatnoeofficialpage | မေမြတ်နိုး  | ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | May https://www.facebook.com/mayofficial.mm | မေ  | ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | PhoneSett Thwin https://www.facebook.com/phonesett.thwin | ဘုန်းဆက်သွင်  | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | Min Thway Hlan https://www.facebook.com/minthway.hlan.3 | မင်းသွေးလျှံ  | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | Thet Htar Susan https://www.facebook.com/helen.susan.73 | သက်ထားစုစံ  | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | စိန်ဒူးဝါး မင်္ဂလာဆိုင်း https://www.facebook.com/seinduuwar | စိန်ဒူးဝါး  | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | Melvin Moe https://www.facebook.com/melvin.moe.52 | သာမိုး(ခ)ကိုမိုး  | ခေတ္တ စင်ကာပူနိုင်ငံ | ၅၀၅-က |  |
| ၉ | Sithu Aung Myint https://www.facebook.com/sithu.aungmyint | စည်သူအောင်မြင့်  | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | Ei Thinzar Maung https://www.facebook.com/etzm.dpns/ | အိသဉ္ဇာမောင်  | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၁ | Kaung Myat Thu https://www.facebook.com/kkg.kmt | ကောင်းမြတ်သူ  | ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၂ | Kyaw Naing Oo (Rahta) https://www.facebook.com/rahta.rain | ကျော်နိုင်ဦး  | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၃ | Oakar Chan Nyein(ကိုး) https://www.facebook.com/oakar.c.nyein | ဥက္ကာချမ်းငြိမ်း  | မော်လမြိုင်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၁၄ | Ye Min(A A C) https://www.facebook.com/ye.min.54738 | ရဲမင်းကြည်  | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၁၅ | Thant Zin Aung https://www.facebook.com/thantzin.aungnld | သန့်ဇင်အောင်  | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၁၆ | Neonatal Chef https://www.facebook.com/profile.php?id=100012652424437 | ကျော်စွာချမ်းမြေ့  | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၇ | Shwe Pon https://www.facebook.com/shwe.pon | ဒေါက်တာ ရွှေပုံ  | ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၈ | Yoon ThiRi Shwe Sin https://www.facebook.com/profile.php?id=100006771347917 | ယွန်းသီရိရွှေစင်  | တောင်ငူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |

အထက်ပါပြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ **တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံ စိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် ဧပြီ ၂၄**

တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၆၁၃၁၉ ဦး၊ အတွင်းလူနာ ၄၁၆၈ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၇၅၈၈ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၈၇၈ ဦး၊ စုစုပေါင်း ၁၁၄၆၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၉၄၃ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၆၀၈၉ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၀၀၃၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# မြို့နယ်အချို့၌ ဆူပူဆန္ဒပြမှုဖြစ်စဉ်များကို ဖြိုခွဲထိန်းသိမ်း

**နေပြည်တော် ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ် (၁၃) ရပ်ကွက် သီရိမြိုင်ဓမ္မာရုံအနီး၌ ဧပြီ ၂၃ ရက် ည ၇ နာရီ ၄၅ မိနစ်က အင်အား ရှစ်ဦးခန့်သည် ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်လူစုခွဲခဲ့ပြီး အဆိုပါ လူအုပ်စုအတွင်းမှ အမှတ် (၁၃) ရပ်ကွက်နေ ကျော်ဇောဟိန်း(၂၀နှစ်) (ဘ) ဦးကိုကိုမောင်နှင့် အောင်ကောင်းစံ(၁၄နှစ်) (ဘ)ဦးထွန်းထွန်းဦးတို့ နှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အလားတူ ဧပြီ ၂၄ ရက် နံနက်တွင် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အမှတ်(၃)ရပ်ကွက် ဓနုသခ်ါလမ်း အနောက်ပိုင်း ဓမ္မာရုံအနီး၌ ဦးဆောင်သူ (စိစစ်ဆဲ) အင်အား ၂၀၀ ခန့်သည် ဆူပူဆန္ဒပြရန် စုဝေးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍အင်အားသုံး လူစုခွဲခဲ့ရာ နံနက် ၈ နာရီ မိနစ် ၅၀ တွင် လူစုကွဲသွားခဲ့ပြီး အဆိုပါ လူအုပ်စုအတွင်းမှ အမှတ်(၁၂) ရပ်ကွက်နေ စိုးဝင်း(၄၂နှစ်) (ဘ) ဦးလှမောင်ပါ အမျိုးသားနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၉ နာရီ ၁၀ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျှပ်မှော်(အနောက်)ရပ်ကွက် ၄၁ လမ်းနှင့် ၄၂ လမ်းကြား နွားသတ်ရုံအနီးတွင် ဦးဆောင်သူ (စိစစ်ဆဲ) အနက်ရောင်များ ဝတ်ဆင်ထားသော ဆူပူအကြမ်းဖက်သူအင်အား ၃၀ ခန့်သည် ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်လူစုခွဲခဲ့ရာ အဆိုပါ လူအုပ်စုအတွင်းမှ အမျိုးသားတစ်ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်ထံမှ သေနတ်ကိုလုယူ၍ လုံခြုံရေး တပ်ဖွဲ့ဝင်များအား ပြန်လည်ရိုက်နှက် အကြမ်းဖက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ နံနက် ၉ နာရီခွဲတွင် လူစုကွဲသွားခဲ့ပြီး အဆိုပါ လူအုပ်စုအတွင်းမှ ရဲလင်းထွန်း (၃၉နှစ်) (ဘ) ဦးကျော်မြင့်ပါ အမျိုးသားနှစ်ဦးအား လက်လုပ်သေနတ်နှစ်လက်၊ လက်လုပ်ဗုံးလေးလုံး၊ လက်လုပ်မိုင်း ခြောက်လုံး၊ ပြောက်အိုးကြီး ခြောက်လုံး၊ လေးခွ နှစ်လက်၊ ဂျင်ကလိ ငါးချောင်း၊ ဖန်ဂေါ်လီ အလုံး ၃၀၊ မီးရှူးမီးပန်း ငါးချောင်း၊ ကျည်ကာအင်္ကျီ တစ်ထည်တို့နှင့် အတူ ဖမ်းဆီးရမိခဲ့၍ အဆိုပါ ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၁၀ နာရီခွဲတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ ကရင်စုကျေးရွာမှ ဦးဆောင်သူ (စိစစ်ဆဲ)အင်အား ၄၀ ခန့်သည် ဆိုင်ကယ်အစီး ၃၀ ခန့်ဖြင့် ဘုရားသုံးဆူမြို့အတွင်းသို့ ဆူပူအော်ဟစ်ကာ စီတန်းလှည့်လည်နေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ပြီး အဆိုပါလူအုပ်စုအတွင်းမှ ညီညီအောင်(ခ)ကရင်(၄၀နှစ်) (ဘ) ဦးသောင်းဆင့်ပါ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ကို လေးခွ သုံးလက်၊ ကုံးသီးလေးလုံး၊ လောက်စာလုံး ၂၂ လုံး၊ ဖန်ဂေါ်လီ ကိုးလုံး၊ အခြား ဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူများ အတွင်းမှ အမျိုးသမီး တစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် လိုအပ်သောဆေးဝါး ကုသမှုခံယူနိုင်ရေး ဘုရားသုံးဆူ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



ရဲလင်းထွန်း (ခ) သာရဲ၊ ဇွဲဝေယံဖြိုးတို့ကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်သည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ အိအိကို (အထူးကု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ တင်ထွန်းဦး (အထူးကု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ သန်းထွန်းဝင်း (လ/ထ ဆရာဝန်) | ပျဉ်းမနား ပြည်သူ့ဆေးရုံ | ပျဉ်းမနားမြို့၊ နေပြည်တော်။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ မိုးပွင့်အောင် (လ/ထ ဆရာဝန်) | ပျဉ်းမနား ပြည်သူ့ဆေးရုံ | မုံရွာမြို့၊ စစ်ကိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ ခင်ရတနာစိုး (လ/ထ ဆရာဝန်) | ပျဉ်းမနား ပြည်သူ့ဆေးရုံ | ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံကြီးဝင်း။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ ခင်ခင်သန့် (လ/ထ ဆရာဝန်) | လယ်ဝေးမြို့ ပြည်သူ့ဆေးရုံ | မုံရွာမြို့၊ စစ်ကိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ ဆုမွန်အောင် (လ/ထ ဆရာဝန်) | လယ်ဝေးမြို့ ပြည်သူ့ဆေးရုံ | ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ အောင်မင်း (လ/ထ ဆရာဝန်) | ပေါင်းလောင်းတိုက်နယ် ဆေးရုံ | ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ စိုင်းဟန်ခေးလှိုင် (လ/ထ ဆရာဝန်) | ဥတ္တရသီရိအရိုးရောဂါ အထူးကုဆေးရုံကြီး | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ ဇော်ပြည့်ပိုင် (လ/ထ ဆရာဝန်) | ဥတ္တရသီရိအရိုးရောဂါ အထူးကုဆေးရုံကြီး | ရမည်းသင်းမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၁ | ဒေါက်တာ အေးသန္တာကြည် (လ/ထ ဆရာဝန်) | ဥတ္တရသီရိမျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်း၊လည်ပင်းခွဲစိတ် ရောဂါအထူးကုဆေးရုံ | ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၂ | ဒေါက်တာ ကျော်မင်းထွန်း (လ/ထ ဆရာဝန်) | မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဆေးရုံ | မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၃ | ဒေါက်တာ ရဲမြင့်ကျော် (အထူးကု) | ရန်ကုန်ကလေးဆေးရုံကြီး | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၄ | ဒေါက်တာ ဇင်မင်းမင်းလတ် (မြို့နယ်ကျန်းမာရေးမှူး) | ဗိုလ်တထောင်မြို့နယ်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန။ | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၅ | ဒေါက်တာ ချောချောဝင်း (အထူးကု) | မြောက်ဥက္ကလာပပြည်သူ့ဆေးရုံ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၆ | ဒေါက်တာ သီတာစိုး (လ/ထ ဆရာဝန်) | လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံ | လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ၅၀၅-က |  |
| ၁၇ | ဒေါက်တာ နိုင်ဇင်ဝင်း (အထူးကု) | နမ့်ခမ်း ပြည်သူ့ဆေးရုံ | နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |
| ၁၈ | ဒေါက်တာ ညီမန်း (လ/ထ ဆရာဝန်) | တန့်ယန်း ပြည်သူ့ဆေးရုံ | တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |
| ၁၉ | ဒေါက်တာ ကျော်သူဝင်း (လ/ထ ဆရာဝန်) | နမ့်ခမ်း ပြည်သူ့ဆေးရုံ | နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |
| ၂၀ | ဒေါက်တာစုစုဝင်း (အထူးကု) | မုံရွာ ပြည်သူ့ဆေးရုံ | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် လွိုင်ကော်ပြည်သူ့ဆေးရုံမှ ဒေါက်တာသီတာစိုး (လ/ထ ဆရာဝန်) သည် သုခစံ အထူးကုဆေးခန်း၌ လည်းကောင်း၊ နမ့်ခမ်းပြည်သူ့ဆေးရုံမှ ဒေါက်တာခိုင်ဇင်ဝင်း (လ/ထ ဆရာဝန်)သည် (စိစစ်ဆဲ)ဆေးခန်း၌ လည်းကောင်း၊ တန့်ယန်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဒေါက်တာညီမန်း(လ/ထဆရာဝန်)သည် (စိစစ်ဆဲ)ဆေးခန်း၌ လည်းကောင်း၊ နမ့်ခမ်းပြည်သူ့ဆေးရုံမှ ဒေါက်တာ ကျော်သူဝင်း(လ/ထ ဆရာဝန်)သည် (စိစစ်ဆဲ)ဆေးခန်း၌လည်းကောင်း၊ မုံရွာမြို့ပြည်သူ့ဆေးရုံမှ ဒေါက်တာစုစုဝင်း (အထူးကု) သည် ဖြူစင်မေတ္တာ အထူးကုဆေးခန်း၌ လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာ သီတာစိုး(လွိုင်ကော်ပြည်သူ့ဆေးရုံ)အားဆေးကုသခွင့်ပေးထားသည့် "သုခစံ" အထူးကုဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ သီတာစိုး

စာမျက်နှာ ၂၇ သို့

# ဒူးလေး၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် မေ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်၊ ပေါက်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ပန်းတောင်းမြို့နယ်များအတွင်းရှိ ကျေးရွာအချို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ မေ ၂၃ ရက်နှင့် ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေ ပြည်သူများက နားလည်သဘောပေါက်ကာ ဒူးလေး လေးလက်၊ တူမီးသေနတ် ၄၃ လက်၊ လေသေနတ် ၁၃ လက်၊ လက်လုပ်သေနတ် ၃၃ လက်နှင့် ဆက်စပ်ပစ္စည်းများကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်း လာရောက်အပ်နှံသည့် လက်လုပ်သေနတ်များကို တွေ့ရစဉ်။

စာမျက်နှာ ၂၆ မှ



ဒေါက်တာ ခိုင်ဇင်ဝင်း(နမ့်ခမ်းပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ခိုင်ဇင်ဝင်း



ဒေါက်တာ ကျော်သူဝင်း(နမ့်ခမ်းပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ကျော်သူဝင်း



ဒေါက်တာ စုစုဝင်း (မုံရွာပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် "ဖြူစင်မေတ္တာ"အထူးကုဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ စုစုဝင်း



ဒေါက်တာ ညီမန်း(တန့်ယန်းမြို့နယ်ပြည်သူ့ဆေးရုံ)ဆေးကုသနေသည့် အထွေထွေရောဂါကုဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ညီမန်း

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များ ထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

❖ ခေတ်သစ်နယ်ချဲ့အလိုကျ ရှုးရှူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေ ကြွေလွင့်ကြရမယ်။ မကောင်းမှု ရှောင်ကာ ကောင်းမှု ဆောင်နိုင်ကြပါစေ။ စိတ်ဖြူ နှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၂၄

**လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအားပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးလျက်ရှိသည်။**




ချမ်းအေးသာစံမြို့နယ်၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိစဉ်။

မေ ၂၃ ရက်တွင် ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက် မြို့ပတ်(၁)လမ်း အိမ်အမှတ်(၁၄/၇၈)၌ ကျော်မင်းသူ (ဘ)ဦးကျော်စိန်အား ဂျင်ကလိ ၁၃ ချောင်း၊ အခြား ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ မိုးကုတ်မြို့ ရွှေကူ(၁၉)ရပ်ကွက်၌ ဆူပူအကြမ်းဖက်မှုတွင် ပါဝင်သည့် ဦးလှိုင်(ဘ)ဦးသောင်းနှင့် သက်ဝေလွင် (ဘ)ဦးဌေးလွင်တို့ နှစ်ဦးကို ၎င်းတို့၏ နေအိမ်များ၌ လည်းကောင်း၊ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂) ရပ်ကွက်နေ ကျော်စိန်(ခ)ကျော်ကျော်လွင်(၄၉)နှစ် (ဘ) ဦးမောင်ဝင်း၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ကျော်စိန်(ခ) ကျော်ကျော်လွင်အား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ကော်ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်သေနတ် ကိုယ်ထည် သုံးခု၊ လက်လုပ် လေအိုး နှစ်လုံး၊ စတီးပိုက်မျိုးစုံ လေးချောင်း၊ ဟော်လိုပိုက် သုံးချောင်း၊ သံပိုက် နှစ်ချောင်း၊ ကော်ပိုက်အတို ခြောက်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

**ဆူပူအကြမ်းဖက်အသုံးပြုပစ္စည်းများ သိမ်းဆည်း**

အလားတူ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ အောင်ချမ်းသာ ရပ်ကွက်နေ ဦးရာ (စိစစ်ဆဲ)၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဦးရာအား နေအိမ်တွင် မတွေ့ရှိဘဲ ၎င်းနေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဂျင်ကလိ အချောင်း ၃၀၊ လက်လုပ်မိုင်း ခြောက်လုံး၊ ကျည်ကာ အင်္ကျီ နှစ်ထည်၊ ဖိုက်ဘာဦးထုပ် ငါးလုံး၊ ခမောက် ၁၅ လုံး၊ မျက်နှာဖုံးစွပ် နှစ်ခု၊ CRPH စာတန်းပါ ဆိုင်းဘုတ် ၂၀ ၊နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ ကတ် ၅၀ ၊ ဆေးဘူး ၂၅ ဘူး၊ ဓာတ်ငွေ့ကာ တစ်စုံနှင့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်း ရမိခဲ့သည်။

အလားတူ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၅၄ လမ်းနှင့် ၂၈ လမ်းထောင့်အနီး လူနေထိုင်ခြင်း မရှိသော ခြံဝင်းအား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါခြံဝင်းအတွင်းမှ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ဒိုင်း ၂၅ ခု၊ ဂျင်ကလိ ၂၅ ချောင်း၊လေးခွ တစ်လက်နှင့် မီးစာတပ်ဆင်ထားသည့် ဓာတ်ဆီပုလင်း ၂၄ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၄ နာရီခွဲတွင် မွန်ပြည်နယ် သထုံမြို့နယ် မိုးကောင်းကျေးရွာအနီး မိုးကောင်း- ချောင်းစောင့်လမ်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ချောင်းစောင့်ကျေးရွာဘက်မှ သိမ်ဆိပ်ကျေးရွာဘက်သို့ သိမ်ဆိပ်ရပ်ကွက်နေ ရဲထက်အောင် (၂၁)နှစ် (ဘ) ဦးစန်းဝေ မောင်းနှင်ပြီး တိုးဝင်းအောင် (၁၉)နှစ် (ဘ) ဦးမင်းမြတ်ခိုင် လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ တိုးဝင်းအောင် လွယ်ထားသော ကျောပိုးအိတ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပုလင်းမိုင်း နှစ်လုံး၊ မီတာခွက် တစ်လုံး၊ Panasonic(Hi Top)9V ဓာတ်ခဲ ၁၀ လုံး၊ စံချိန်ကိုက်နာရီ Relay တပ်ဆင်ပြီး နှစ်လုံး၊ ဝိုင်ယာကြိုး နီ/စိမ်း နှစ်ခွေ၊ Relay အချိန်ထိန်းကိရိယာ ခြောက်ခု၊ ပရက်စစ်တာ ကြီး/သေး ၇၄ ခု၊ ကွန်ပရက်ဆာ ကိုးခု၊ ဂျင်ကလိ တစ်ခု၊ မိုင်းတပ်ဆင်ပုံစာရွက် နှစ်ရွက်၊ ခဲဂေါက် တစ်ခု၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင် ရပ်ကွက် ၆၃လမ်း၊၂၈လမ်းနှင့်၂၉လမ်းကြားရှိ "မအိ" စတိုးဆိုင်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဆိုင်ရှင်အား မတွေ့ရှိရဘဲ အဆိုပါစတိုးဆိုင်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဦးထုပ်မျိုးစုံ ၁၃၃ လုံး၊ လက်ထိပ်မျိုးစုံ၂၆၂ ခု၊ ရော်ဘာတုတ်မျိုးစုံ ၂၀၁ ချောင်း၊ နှာခေါင်းအုပ်မျက်နှာဖုံး ၉၂ ခု၊ နှာခေါင်းစွပ်မျက်မှန် ၁၆ ခု၊ မျက်မှန်အကြည် ၂၁၁ ခု၊ PPE ဝတ်စုံ တစ်စုံ၊ BAT တံဆိပ်ပါ တုတ်နှစ်ချောင်း၊ Police စာတန်းပါ ငရုတ်သီးအရည်ဖြင့် ပြုလုပ်ထားသော ဖျန်းဆေးဘူး တစ်ဘူးနှင့် အခြားဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ အလားတူ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၇) အရှေ့ရပ်ကွက်ရှိ အမှတ်(၁၃) အခြေခံပညာမူလတန်းကျောင်းဝင်း အတွင်း ချုံများကြားတွင် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုသည့် ပစ္စည်းများ တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ က သွားရောက်စစ်ဆေးခဲ့ရာ မီးစာတပ်ထားသည့် ဓာတ်ဆီပုလင်း ၂၆ လုံး၊ ဒိုင်းကာ ၁၈ ခု၊ ဖိုက်ဘာ ဦးထုပ် နှစ်လုံး၊ လေးခွ သုံးလက်၊ ကျောက်စရစ်ခဲ အလုံး ၂၀၊ တစ်ပေပတ်လည်ခန့် ဆိုင်းဘုတ် ၂၀၀ တို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**လက်လုပ်သေနတ်နှင့် မိုင်းများ ဖမ်းမိ**

အလားတူ မေ ၂၄ ရက် နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဇေ‌ာတိကလမ်း ဂျိုးဖြူရေပိုက်လုံးဘေးရေမြောင်း အတွင်းတွင် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ အဆိုပါရေမြောင်းအတွင်းမှ ဒိုင်း လေးချပ်၊ တာယာကွင်း ၁၃ လုံးတို့ကို လည်း ကောင်း၊ မင်းတပ်မြို့ စံပြရပ်ကွက် မြို့မဈေးလမ်းဆုံ ဗိုလ်ချုပ်ကြေးရုပ်အနီး၌ ဆန့်ကျင်စာသားများ လိုက်လံကပ်နေသည့် လိန်းထန်းလိန်း (ဘ) ဦးလိန်း ထန်း၊ ထန်းကီးကီး(ဘ)ဦးမနားထန်း၊ မလေးအောင် အွယ်(ဘ) ဦးထွန်းလင်းအောင်၊ မလိန်းကီးတီး(ဘ) ဦးထာလိန်းကီး၊ မကီးလိန်းဟိဏ်း(ဘ) ဦးကီးလိန်း၊ မရှိန်းအွယ်(ဘ)ဦးခွီးရှိန်နှင့် မမေနှင်းဦး(ဘ)ဦးထွန်းရီ တို့ ခုနစ်ဦးအား ဆန့်ကျင်စာသားများနှင့် လည်း ကောင်း၊ မဟာအောင်မြေမြို့နယ် သံလျက်မော် အနောက်ရပ်ကွက် သပြေညွန့်ရပ် နွားသတ်ရုံအနီး၌ ဆူပူအကြမ်းဖက်သူ အမျိုးသား နှစ်ဦးအား လက်လုပ် သေနတ် နှစ်လက်၊ လက်လုပ်မိုင်း ကိုးလုံး၊ အသံမိုင်း လေးလုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်း ကောင်း၊ မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်ရှိ နဂါးရုံဘုရား၌ ဆူပူအကြမ်းဖက်သူ အမျိုးသား သုံးဦး နှင့် အမျိုးသမီး လေးဦးတို့ကိုလည်းကောင်း ဖမ်းဆီး ရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိ သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ တံတားများအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်

**နေပြည်တော် မေ ၂၄**

အကြမ်းဖက်သူများ အနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံ များ၊ အေးချမ်းစွာ နေထိုင်ကြသော ပြည်သူလူထု၏ နေအိမ်များအား မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှား နေသော လမ်းမကြီးများပေါ်တွင် ကားတာယာများအား စုပုံမီးရှို့ ခြင်းများကို အဆင်အခြင်မဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်ရာတွင် မေ ၂၃ ရက် နံနက် ၃ နာရီ မိနစ် ၂၀ တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးထွေးနိုင် (၃၄) နှစ် (ဘ) ဦးတင်ထွေး ပိုင်ဆိုင်သော Happy Life စားသောက်ဆိုင်အား အကြမ်းဖက် သူများက ဆိုင်ကယ် သုံးစီးခန့်ဖြင့် ရောက်ရှိလာပြီး မီးပုလင်းများဖြင့်



မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်ရှိ တရုတ်-မြန်မာ ဝင်/ထွက်ပေါက် နန်းတော်ရှေ့ ဂိတ်ပေါက်တံခါး အနီး လမ်းမပေါ်၌ တာယာကွင်းများ မီးရှို့ထားသည်ကို တွေ့ရစဉ်။

ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ မီးပုလင်းများမှ စားသောက်ဆိုင် အမိုးပေါ် ကျရောက်ပေါက်ကွဲ မီးလောင်ခဲ့သဖြင့် စားသောက် ဆိုင်၏ အမိုးအနည်းငယ် မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။


အလားတူ မေ ၂၄ ရက် နံနက် ၄ နာရီ မိနစ် ၄၀ တွင် ရန်ကုန် တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ တောင်ပိုင်း ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးအား အကြမ်းဖက်သူ များက ဒီဇယ်မီးတုတ် နှစ်ချောင်း ဖြင့် မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင် များက သွားရောက်စစ်ဆေး ခဲ့ရာ အကြမ်းဖက် သူများအား မတွေ့ရှိရဘဲ အကြမ်းဖက် သူများ မီးရှို့ဖျက်ဆီးခဲ့မှု ကြောင့် ရုံးတံခါးမှန် လေးချပ်၊ ရုံးခန်းအတွင်း ဝိုင်ယာရှော့ ဖြစ်ကာ မီးသီးနှစ်လုံး၊ ပန်ကာ တစ်လုံး၊ မီးချောင်းတစ်ချောင်း တို့ ပျက်စီးနေသည်ကို တွေ့ရှိ ရသည်။


အလားတူ မွန်းလွဲ ၁၂ နာရီခွဲ တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်ရှိ တရုတ်-မြန်မာ ဝင်/ထွက်ပေါက် နန်းတော်ရှေ့ ဂိတ်ပေါက်တံခါး အနီး လမ်းမပေါ်၌ ပြည်ထောင်စု လမ်းမကြီးအတိုင်း အကြမ်းဖက် သူ အမျိုးသား လေးဦး မောင်းနှင်လာသည့် 6P-7754 Hijet အဖြူရောင်ယာဉ် ရောက်ရှိလာပြီး ကား တာယာ ရှစ်လုံးအား မီးရှို့ကာ မောင်းနှင်ထွက်ပြေးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင် များက သွားရောက်မီးငြိမ်းသတ် ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှု ကြောင့် ပျက်စီးဆုံးရှုံးမှု မရှိ ကြောင်း သိရသည်။

အထက်ပါကဲ့သို့ အကြမ်းဖက် ဖျက်ဆီးမှု လုပ်ရပ်များအား ကျူးလွန်ခဲ့သူများအား စုံစမ်း ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဘုမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကို ထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆** သို့ ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

**ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ**
**မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း**
**ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။**

သစ်တော
နှင့်
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်
ကိုစိုး

## ရေဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ
## တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့ကွင်းတံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းအား ၁-၆-၂၀၂၂ရက်မှ ၃၁-၅-၂၀၂၄ရက်အထိ သုံးနှစ်လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား** - မြို့ကွင်းတံတား
(ခ) **ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ** - မန်နေဂျာ (သွားလာရေး/တိုင်း) အမှတ်(၉)တိုင်း၊ ဟသ်ာတ
(၁) စုံလျှင် ငွေကျပ် (၁၀၀၀၀/-)ဖြင့် (၂၁-၅-၂၀၂၁) မှ (၂၇-၅-၂၀၂၁)ရက်ထိ ၁၀:၀၀နာရီ **ရုံးချိန်အတွင်း ဝယ်ယူနိုင်သောနေရာ**
(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန်** - ၂၇-၅-၂၀၂၁ရက်၊ ၁၀:၀၀နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ** - မန်နေဂျာ(သွားလာရေး/တိုင်း) အမှတ် (၉)တိုင်း၊ ဟသ်ာတ
(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** - ၂၇-၅-၂၀၂၁ရက်၊ ၁၁:၀၀နာရီ
(စ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ** - မန်နေဂျာ(သွားလာရေး/တိုင်း) အမှတ် (၉)တိုင်း၊ ဟသ်ာတ

**ဥက္ကဋ္ဌ**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရေဝတီတိုင်းဒေသကြီး**

အောင်စကြာရတနာဓါတ်နန်း
အမှန်ဟော ဆရာစကြာအောင်ပွင့်ခေါင်
မနောဗေဒပညာ
နံနက် (၉ းဝဝ) နာရီ မှ နေ့လည် (၂ းဝဝ)
အမှတ် (၉၅၆) ၊ ယသဝတီ (၁၂) လမ်း ၊
(၁၃) ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်းနံပါတ် ဝ၉ - ၂၅ဝ၅ဝ၄၁၄၄
ဝ၉ - ၃၃၁၅၆ဝ၆၁
ဝ၉ - ၂၅၂၆ဝဝ၅၆၇
တနေ့ (၁ဝ) ဦးသာ
ဗုဒ္ဓဟူးနေ့တိုင်း နားသည်။

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့**
**မြန်မာ့အလင်းသတင်းစာတွင်**
**ကြော်ငြာစို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ် (၃/၁)၊ ဦးပိုင်အမှတ် (တ-၆၂)၊ မြေရေိယာ ဝဒသမဝ၅၅ဧကရှိမြေကွက်အား မူလက ဦးလဆန်တန် အမည်ဖြင့် (၈-၁၁-၂၀၁၆) ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး (၁၇-၈-၂၀၀၀)ရက်တွင် ဦးလဆန်တန်ထံမှ ဦးတင်ညွှန့်ကလည်းကောင်း၊ ၃၀-၄-၂၀၀၄ ရက်တွင် ဦးတင်ညွှန့်ထံမှ ဦးနော်ဒီးနှင့် ဒေါ်ထုနောင်တို့ကလည်းကောင်း၊ ၂၃-၅-၂၀၀၉ရက်တွင် ဦးနော်ဒီးနှင့် ဒေါ်ထုနောင်တို့နှစ်ဦးထံမှ ဒေါ်စန္ဒာကြည်ကလည်းကောင်း သဘောတူအရောင်းအဝယ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြကာ ဒေါ်စန္ဒာကြည် ၇/ဒဥန(နိုင်)ဝ၃၆၆၉၁ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၂၀-၁၀-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၁၂၂၆/၂၀၂၀)ကို ၅-၁၁-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၇၁၈/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ် (၃/၁)၊ ဦးပိုင်အမှတ် (တ-၆၁)၊ မြေရေိယာ ဝဒသမဝ၅၅ဧကရှိမြေကွက်အား မူလက ဦးယောရှု အမည်ဖြင့် (၈-၁၁-၂၀၁၆) ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး (၂၀-၃-၂၀၀၇)ရက်တွင် ဦးယောရှုထံမှ ဦးခေါ်ဆီးကလည်းကောင်း၊ ၃၀-၄-၂၀၁၀ ရက်တွင် ဦးခေါ်ဆီးထံမှ ဦးဖုန်းနိုင်ဦးက လည်းကောင်း၊ ၃၀-၄-၂၀၁၁ရက်တွင် ဦးဖုန်းနိုင်ဦးထံမှ ဒေါ်စန္ဒာကြည်ကလည်းကောင်း နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြကာ၊ ဒေါ်စန္ဒာကြည် ၇/ဒဥန(နိုင်)ဝ၃၆၆၉၁ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၂၀-၁၀-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၁၂၂၇/၂၀၂၀)ကို ၅-၁၁-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၇၁၇/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်း နှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ (၁)၊ အိမ်အမှတ် (၈၆)နေ ဦးဆန်ဒူကား (ကွယ်လွန်) ၁/မကန(နိုင်)ဝ၁၄၇၃၇- ဒေါ်လချ်မီး ၁/မကန(နိုင်)ဝ၁၄၇၃၉တို့၏သား မောင်ဘီဂျိုး ၁/မကန(နိုင်) ဝ၁ဝ၈၅၉သည် မိခင်၏ဆိုဆုံးမမှုကို နာမခံဘဲ မိခင်နှင့် မိသားစုမောင်နှမများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် မိခင်နှင့် မိသားစုမောင်နှမများနှင့် လုံးဝမသက်ဆိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လချ်မီးနှင့် မိသားစုမောင်နှမများ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နေပြည်တော်စည်ပင်သာယာရေးကော်မတီ ငွေလုံးငွေရင်း အသုံးစရိတ်နှင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေတို့ဖြင့် ဝယ်ယူမည့်လမ်းတံတားလုပ်ငန်းသုံးပစ္စည်းများ [ပလတ်စတစ်ရေဆေး (အဝါရောင်)၊ သာမိုပလတ်စတစ်ဆေး]နှင့် စက်ယန္တရား (Mini Excavator ဆက်စပ်ပစ္စည်း) များအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၆-၄-၂၀၂၂ ရက်
တင်ဒါပုံစံပိတ်မည့်ရက် - ၁၀-၅-၂၀၂၂ ရက်၊ ၁၆:၀၀နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော် စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါ လိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်- အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ
ဖုန်း - ၀၆၇-၄၃၂၀၃၇၊ ၀၉-၆၉၅၀၁၆၀၄၁

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၂၄-၄-၂၀၂၂မှ ၂၂-၅-၂၀၂၂ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာပုံစံ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၃-၅-၂၀၂၂ရက် (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြရုံး)၊ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒက္ခိဏခရိုင် နေပြည်တော်

၂။ တင်ဒါတင်သွင်းဖွင့်ဖောက်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒက္ခိဏခရိုင် ဖုန်း- ၀၉-၇၉၂၀၅၀၈၆၆တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ ဘုရားကိုင်ရပ်၊ စိန်ပန်းပြာလမ်းနေ ကျွန်မ ဒေါ်ခင်အေး၏သား ဦးမောင်မောင်နိုင် ၆/မအရ(နိုင်)၁၀၆၂၄၄သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပြီး ဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှလုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဒေါ်ခင်အေး**

# သတင်းစာဖတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်စုံသတင်းစာများ မှာယူဖတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၉-၄၃၀၁၉၁၆၂၊ ၀၉-၄၃၀၂၇၃၃၇
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်)
  ၀၉-၄၅၀၅၃၉၅၅၃၊ ၀၉-၄၂၀၇၀၆၈၆၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၉-၄၄၈၀၄၂၂၁၄၊ ၀၉-၄၃၀၃၆၀၃၀၊
  ၀၉-၄၂၀၁၄၅၆၁၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၉-၄၅၀၀၂၅၅၇၀၊ ၀၉-၄၅၀၀၂၅၁၄၅၊
  ၀၉-၇၇၃၀၉၄၉၃၁
- The Global New Light of Myanmar(ရန်ကုန်)
  ၀၉-၂၅၀၂၀၄၆၅၃၊ ၀၉-၇၇၀၆၇၇၅၁၃၊
  ၀၉-၉၈၃၉၂၄၉၉၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၉-၂၀၅၁၆၈၃၊ ၀၉-၄၄၂၂၇၁၁၀၇
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၉-၂၅၄၄၃၆၆၃၀၊ ၀၉-၄၂၂၁၇၀၁၀၄
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၉-၂၅၀၂၀၄၆၅၁၊ ၀၉-၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၉-၆၈၇၉၀၂၇၁၇၊ ၀၉-၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၉-၉၇၅၃၂၈၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၉-၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၉-၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၉-၇၈၁၉၀၇၈၀၇

**သင့် လုပ်ငန်းများအောင်မြင်ဖို့**

အမြို့မြို့အနယ်နယ်ပျံ့သည့်

**မြန်မာ့အလင်း**

**ကြေးမုံ**

**THE GLOBAL NEW LIGHT OF MYANMAR**

**သတင်းစာတွင် ကြော်ငြာထည့်ကြစို့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-


**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မဲရုံ ၂၁၁ ရုံ | ၂၀၂၄၀၈ | ၁၇၃၅၁၀ | ၄၆၈၂၅ | ၁၇၀၄ | ၂၀၉၇၀ |
| ၂ | ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မဲရုံ ၇၄ ရုံ | ၇၇၁၃၇ | ၆၅၄၆၉ | ၁၄၁၃၈ | ၅၁၂ | ၇၂၈၂ |
| ၃ | ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မဲရုံ ၉၁ ရုံ | ၁၂၃၅၇၂ | ၁၀၅၈၁၁ | ၃၃၈၉၀ | ၇၂၁ | ၁၀၅၃၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၃၇၆ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၅၁၂၀၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၅၅၄၈၂၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၉၅၇၁၄၊ မြေပြင်လက်ကျန် ၁၈၂၅၃၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၅၁၈၁ ဖြစ်ပြီး၊ *စာမျက်နှာ ၁၀ ကော်လံ ၁* ✪

## စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ တရားခံသွားရောက်ပို့ဆောင်သည့်ယာဉ်အား ဆူပူအကြမ်းဖက်သူများက တူမီးသေနတ်၊ လက်လုပ်သေနတ်များဖြင့် ဝိုင်းဝန်းရန်ပြု ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦး ကျဆုံး၊ ၁ ဦး ဒဏ်ရာရရှိ




နေပြည်တော် မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ တရားခံသွားရောက် ပို့ဆောင်သည့်ယာဉ်အား ဆူပူအကြမ်းဖက်သူများက တူမီးသေနတ်၊ လက်လုပ်သေနတ်များဖြင့် ဝိုင်းဝန်းရန်ပြုပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ကျဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် မွန်းလွဲ ၃ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ ထီးချိုင့်မြို့မရဲစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်ခံထားရပြီး ဖမ်းဆီးထားသည့်တရားခံ အောင်ဇေယျရပ်ကွက်နေ အောင်ကိုထက် (၂၈)နှစ် (ဘ)ဦးမြင့်အောင်ကို ကသာအကျဉ်းထောင်သို့ သွားရောက်ပို့ဆောင်ရန်အတွက် 7C/... Surf မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ကသာမြို့နယ် မဲအင်းကျေးရွာနှင့် သာဂရကျေးရွာကြားအရောက်၌ ဆူပူအကြမ်းဖက်သူအင်အား (စိစစ်ဆဲ) က တူမီးသေနတ်၊ လက်လုပ်သေနတ်များဖြင့် မော်တော်ယာဉ်အား တားဆီး၍ ဝိုင်းဝန်းရန်ပြုပစ်ခတ်တိုက်ခိုက်ခံရသဖြင့် ယာဉ်ပေါ်ပါ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်နေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိတွေ့မှုဖြစ်ပွားသည့်နေရာသို့ *စာမျက်နှာ ၇ ကော်လံ ၅* ●

## မန်ယူနဲ့တွေ့တိုင်း ရလဒ်မကောင်းတတ်သည့် အစဉ်အလာဆိုးကို လိဒ်စ် ချိုးဖျက်သွားနိုင်မလား



ယနေ့တွင် ပရီမီယာလိဂ်ပွဲစဉ် (၃၃)မှ ပွဲစဉ် သုံးပွဲဖြစ်သည့် ဝုဖ်နှင့် ဘန်လေ၊ လိဒ်စ်နှင့် မန်ယူ၊ အက်စ်တွန်ဗီလာနှင့် ဝက်စ်ဘရွန်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဝုဖ်အသင်းနှင့် ဘန်လေအသင်းတို့ ပွဲစဉ်ကို ယနေ့ည ၅ နာရီခွဲတွင် ဝုဖ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဝုဖ်အသင်းသည် နောက်ဆုံး ပရီမီယာလိဂ်နှစ်ပွဲဆက် နိုင်ပွဲရရှိသည့်အတွက် ခြေစွမ်းတည်ငြိမ်နေသည်။ အမှတ်ပေးဇယားတွင် ၃၂ ပွဲကစားပြီး ၄၁ မှတ်ရရှိထားသည့်အတွက် တန်းဆင်းဇုန်အတွင်းမှ ဖူလ်ဟမ်အသင်းနှင့် ရမှတ်ကွာဟမှု ၁၄ မှတ်အထိ ရှိနေသောကြောင့် လာမည့်နှစ်ပရီမီယာလိဂ်တွင် တင်ကျန်ရန် အားကောင်းနေသည့် အသင်းဖြစ်သည်။ ပြိုင်ဘက်ဘန်လေအသင်းက ၃၂ ပွဲကစားပြီး ၃၃ မှတ်သာရရှိထားသောကြောင့် လာမည့်နှစ် ပရီမီယာလိဂ်တွင် တင်ကျန်ရန် အားစိုက်ကစားရဦးမည်ဖြစ်သည်။ ထို့ကြောင့် ယနေ့ပွဲစဉ်တွင် ဝုဖ်အသင်း၏ *စာမျက်နှာ ၁၂ ကော်လံ ၁* ❒

**ကိုဗစ် -၁၉ ကူးစက်မှုကို နှိမ်နင်းရန်အတွက် အိန္ဒိယလေကြောင်း ခရီးစဉ်များ အားလုံးကို ဆိုင်းငံ့**

စာ - ၁၄

**စိတ်ကူးယဉ် တော်လှန်ရေးသမား (သို့မဟုတ်) ဦးနှောက်မဲ့လူသားများ**

စာ - ၁၇